www.burmeseclassic.com

# ဆုလေးနွယ်

ရန်ကုန်တက္ကသိုလ်

ပန်းချီကားထဲကစပျစ်သီးလေးအကြောင်း



design : bo bo htoon

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၆၂၀၅၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၁၀၀၆၀၁

ပုံနှိပ်ခြင်း - ၂၀၀၆ ခုနှစ် ဧပြီလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ ကျပ်

အဖုံးဒီဇိုင်း - ကိုဘိုထွန်း


ပုံနှိပ်သူ - ဦးမြင့်သန်း (မြ- ၀၄၉၀၂)
စံပယ်အော့ပ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်။

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ- ၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

BURMESE CLASSIC

ဆုလေးနွယ်၊ ရန်ကုန်တက္ကသိုလ်၊

# ပန်းချီကားထဲက စပျစ်သီးလေးအကြောင်း



စိုးမိုး-စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ရွှေတွယ်တာ'က ဖွန်းခက်ရင်းကို ကိုင်ထားရင်း ဖေဖေ့စကားကို တအံ့တသြလေး နားထောင်မိသည်။

"သမီးထက် လေးနှစ်ကျော် ငါးနှစ်ငယ်တာပေါ့နော် ဖေကြီး၊ ကောင်လေးက ငယ်လွန်းတော့ ရင့်ကျက်ပါ့မလား အဖေကြီးရယ်"

မေမေက စိတ်ပူနေပုံရသည်။

ဖေဖေ့ဆန္ဒ၊ ဖေဖေ့စကားကို ကန့်ကွက်တာမျိုး မလုပ်ချင်



www.burmeseclassic.com

www.burmeseclassic.com



လို့သာ လိုက်လျှောရမှာ။ မေမေက သဘောကျပုံမရချေ။ မေမေက "ကိုယ့်သက်ငယ်တာ မယူရဘူးနော်သမီး" ဟု အမြဲသတိပေးစကား ဆိုတတ်သူပါ။

ဖေဖေက သူ့သူငယ်ချင်း၏သားမို့ ရွှေတွယ်တာနှင့် အရမ်းသဘောတူနေသည်။

"ငါတို့ချင်းက ငယ်ပေါင်းတွေကွ၊ ပြောမနာဆိုမနာ၊ သူ့သားဆို ငါ့သားပဲ၊ ငါက အဲဒီလိုသဘောထားတာ။ ငါ့သမီးကိုလည်း သူ ဂရုစိုက်မှာပါကွ၊ ငါယုံကြည်တယ်၊ မင်း စိတ်မပူပါနဲ့ ယဉ်မေရယ်"

ဖေဖေက မေမေ့ကိုကြည့်ကာ ကတိတွေပေးသည်။

"ငါ့သမီး ဒုက္ခရောက်မယ့်ကိစ္စမျိုး ငါလုပ်ပါ့မလား ယဉ်မေ၊ မင်းသမီးက ငါ့သမီးပါကွ"

ခုထက်ထိ ရွှေတွယ်တာက ဘာတစ်ခွန်းမှ ဝင်မပြောမိ





ပါ။ မေမေနှင့်ဖေဖေ ပြောဆိုနေသမျှကို ငြိမ်သက်နားထောင်ကာနေမိသည်။

"ကောင်လေးက ငယ်ငယ်ချောချော၊ မင်းမြင်ရင်လည်း သဘောကျမှာပါ" တဲ့။

မေမေကတော့ စိတ်အေးပုံမရ။

တစ်ဦးတည်းသောသမီးမို့ အမြဲတမ်းပဲ ပူပန်နေရသည်။ ပြီးတော့ ရွှေတွယ်တာက စိတ်ပျော့သည်။ စိတ်သဘောထားကတအားနူးညံ့လွန်းသည်။ ယုံလွယ်သည်။ အားနာတတ်သည်။ အရှက်အကြောက်ကြီးသည်။ ပြီးတော့ ဘာပဲဖြစ်ဖြစ် ကြိတ်မှိတ်ခံစားတတ်သည်။ အမေကတော့ သမီးအကြောင်း ကောင်းကောင်းသိသည်။ သိနေလို့လည်း စိတ်မချနိုင်တာပါ။

လှေကားကနေ တဒုန်းဒုန်းပြေးဆင်းလာသော မောင်လေး 'ရွှေအာကာ' က ထမင်းစားပွဲမှာ ခုံဆွဲယူကာ ဝုန်းခနဲ ဝင်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ...သြော် ဖြည်းဖြည်း၊ ဘာတွေ ဒီလောက်လော နေတာလဲ သားငယ်"

မေမေက ရွှေအာကာကို ဆူငေါက်သည်။

မောင်လေးက မဖြုံသလို ပခုံးတစ်ချက်တွန့်ကာ ...

"သား ကိစ္စရှိလို့မေမေ"ဟု ဖြေသည်။

ဆံပင်တွေကို water jell နှင့် ရွှဲနစ်နေအောင် လုပ်ထားပြီး ရေမွှေးနဲ့ ကလည်း တစ်ခန်းလုံး မွှေးသွားလိုက်တာ။ ရှပ်အင်္ကျီ အကြပ်နှင့် ဘောင်းဘီက ကွာတားပဲင်န်နှင့်။

"မွှန်ထူနေတာပဲ"

မေမေက ထပ်တစ်ခွန်းပြောတော့ မောင်လေးက ရယ်သည်။ ထမင်းကို ကမန်းကတန်းစားရင်း ...

"ပွဲချိန်နီးနေလို့ပါ မေမေရယ်"

ဟု ဆို၏။





"ကြည့်လိုက်ရင် ပျာယာခတ်နေတာပဲ"

ဖေဖေတစ်ခွန်းဝင်ပြောတော့ မောင်လေးက ဘာမှပြန် မပြော။

မေမေက ထမင်းကို အလျင်စလိုစားပြီး အရေးတကြီး ထွက်သွားသော မောင်လေးကိုကြည့်ကာ ...

"သားလေးနဲ့မှ ရွယ်တူပေါ့"ဟု တွေးမိသလိုဆိုလိုက်တော့ ...

"ဒီအရွယ်မျိုးက ကလေးစိတ်သာသာပဲ ရှိတတ်ကြတာ၊ ဂစ်တာတီးမယ်၊ သီချင်းဆိုမယ်၊ အပြင်ထွက်မယ်၊ လည်မယ်၊ ပတ်မယ်၊ မိဘပိုက်ဆံပဲ ထိုင်သုံးတတ်တဲ့အရွယ် ရင့်ကျက်မှု လုံးဝ မရှိသေးဘူး။ သည်းခံစိတ်တို့ ဘာတို့ ဝေလာဝေး၊ သားလေးကို ပဲကြည့်"

"မင်းရဲ့သားက ကလေးစိတ်ဆိုပေမယ့် ရည်းစားတော့



www.burmeseclassic.com

www.burmeseclassic.com



ထားတတ်ပါတယ်ကွာ''

ဖေဖေက ချက်ကျလက်ကျ ထောက်ပြောသည်။

''ည ညဆို ကောင်မလေးတွေနဲ့ ဖုန်းပြောရင် မပြီးတော့ဘူး၊ မင်းလည်း ကြားသားပဲ ယဉ့်မေ''

''အဲဒါကြောင့် ပြောတာပေါ့''

''ဟေ''

မေမေ့စကားကို ဖေဖေက နားမရှင်း။

''ပေါ့ပျက်ပျက်နဲ့ ဘာကိုမှ အလေးအနက်မထားတတ်သေးဘူး၊ အဲဒီလိုဖြစ်နေခဲ့ရင်ရော''

ဖေဖေက တစ်ချက်စဉ်းစားဆည်။

''ငါလည်း အဖေပါ ယဉ့်မေရယ်၊ ငါ့သမီးက ကျေနပ်ခေါင်းညိတ်မှ ငါက စီစဉ်မှာပါ၊ လေ့လာကြည့်ပါစေဦး''

ဖေဖေက တစ်ထစ်လျှော့လိုက်သည်။





''မင်းပြောသလို ပေါ့ပျက်ပျက်နဲ့ မဟုတ်ဘူးဆိုရင် ငါကရော ပေးစားပါ့မပေးဘူးကွာ''

မေမေက ပင့်သက်တစ်ချက်ရှိုက်သည်။ ရွှေတွယ်တာကိုလှည့်ကြည့်၏။ ရွှေတွယ်တာက စကားမဆို ဗွန်းနှင့်ခက်ရင်းလေးကို ကိုင်ကာ ခပ်ငေးငေးရှိနေ၏။

''သမီး ...စားလေ''

''ဟုတ်ကဲ့''

မေမေက ရွှေတွယ်တာ့ကို ကရုဏာသက်သည်။

သမီးလေးက ချစ်ရမှာ သိပ်ကြောက်နေရှာပြီ။ ခဲမှန်ဖူးသည့် စာသူငယ်လေးလိုပါပဲ။

''သမီး ...သေသေချာချာ လေ့လာပြီးမှ ဆုံးဖြတ်၊ ဘာမှအားနာစရာမရှိဘူး''

ဖေဖေက သေသေချာချာမှာပေမယ့် ရွှေတွယ်တာက



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမညိတ်ချင်။ ဖေဖေ့ဆန္ဒကို မလွန်ဆန်ချင်မေမယ့် တစ်ခါမှ မမြင်ဖူးသော လူတစ်ယောက်ကို အကြောင်းမသိ ဘာမသိ လက်ထပ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်။

မျက်စိရှေ့မှာ မြင်နေရသူတွေတောင် ယုံကြည်စိတ်ချလို့ မရသေးတာ။ ရွှေတွယ်တာက ဘယ်သူ့ကိုမှ မယုံ။

"သူတို့က ချမ်းသာပြည့်စုံတယ်၊ ပြီးတော့ မိသားစုလည်း အရမ်းနည်းတယ်၊ သားအဖနှစ်ယောက်တည်း၊ သမီးလေး သဘောကျမှာပါ"

ဖေဖေက လိုလိုလားလား တိုက်တွန်းသည်။

မေမေကတော့ ရွှေတွယ်တာကို ကြည့်ကြည့်နှင့် ဘာတစ်ခုမှ မတိုက်တွန်းသေးပါ။

"လေ့လာကြည့်ဦးပေါ့ကွယ်"

မေမေက ခပ်လေးလေး တစ်ခွန်းပြောသည်။





ရွှေတွယ်တာက မျက်လုံးဝိုင်းများနှင့် မေမေ့ကို လှမ်းကြည့်နေမိတော့သည်။

ဖေဖေ မေမေတို့က ရွှေတွယ်တာ့ကို အိမ်ထောင်ချပေးဖို့ ပြောဆိုနေကြပါပြီ။

အချိန်တွေက တရွေ့ရွေ့ကုန်ဆုံးလာခဲ့ပြီ မဟုတ်လား။

တွယ်တာ့အတွက်ကတော့ ဝေဒနာက မနေ့တစ်နေ့ကလို ပါပဲ။ ခံစားနာကျင်နေရတုန်းပါ။

ဖြစ်များဖြစ်နိုင်လျှင် အိမ်ထောင်ရေးဆိုတာကြီးကို တွယ်တာ ဘယ်တော့မှ မစဉ်းစားချင်တော့ပါ။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



ရွှေအာကာက တလှမ်းချင်းလျှောက်နေသော မမရွှေတွယ်တာကို နောက်ကနေကြည့်ပြီး တစ်ချက်ပြုံးကာ ...

"မမ"ဟု အနားနားကပ် ခေါ်လိုက်၏။

"ဟဲ့ ...လန့်လိုက်တာနော်"

ရွှေတွယ်တာက ဆတ်ခနဲတုန်သွားပြီး ရင်ဘတ်ကလေး ဖိထားပြီးမှ ...

"အရမ်းခြောက်လှန့်ချင်တာပဲ"ဟု မောင်လေးကို မျက်



www.burmeseclassic.com

www.burmeseclassic.com



စောင်းရှယ်သည်။

"မမ ...လာ"

ရွှေတွယ်တာ လက်ကိုဖမ်းဆွဲပြီး ခြံပြင်ပြေးထွက်လိုက်၏။

"ဟာ ...ဘယ်လိုဖြစ်နေတာလဲ"

မတတ်သာပဲ မောင်လေးနှင့်အတူတူ ပြေးခဲ့ရပေမယ့် ခြံပြင် လမ်းပေါ်ရောက်တော့ လက်ကို ရုန်းပစ်ကာ ...

"ဘယ်လဲ၊ ဘယ်သွားမလို့လဲ"ဟု မေးမိသည်။

ရွှေအာကာက ခါးကြားထိုးထားသော ဒီဗီဒီခွေနှစ်ခွေ ထုတ်ပြ၏။ ရွှေတွယ်တာက ခေါင်းခါသည်။

"မလိုက်ချင်ပါဘူး"

"လိုက်ခဲ့ပါဗျာ၊ ကျွန်တော် ထောပတ်သီးဖျော်ရည် တိုက်မှာပါ၊ ခြံထဲမှာ ဟိုဘက်ဒီဘက် ခေါက်တုံ့ခေါက်ပြန် လျှောက်နေရတာ ပျင်းစရာကြီးပါ"





"မပျင်းပါဘူး"

"လိုက်ခဲ့ပါ၊ နီးနီးကလေးပဲ၊ ဘာဖြစ်လဲ"

ရွှေတွယ်တာက ခေါင်းယမ်းသောအခါ ...

"မလိုက်ဘူးလား၊ ဆွဲခေါ်မယ်"ဟု ခြိမ်းခြောက်၏။

သူခေါ်သည့်နေရာ မလိုက်လျှင် ဖွတ်အတင်း ဆွဲဆွဲပြေး တတ်တာ မောင်လေး ငယ်ငယ်ကတည်းက ခုထက်ထိ မပျောက် သေးသောအကျင့်။

"မလုပ်နဲ့၊ ဒီမှာ ညဝတ်အင်္ကျီနဲ့ ဘောင်းဘီလဲထားပြီးပြီ၊ အဝတ်အစား ပြန်မလဲချင်တော့ဘူး"

"မမရာ ...ဒီလိုဝတ်စုံနဲ့ နွေရာသီဆို လူတကာ လမ်း ပေါ်ရောက်ပါတယ်၊ နိုက်ဒရက်(စ်) (ညဝတ်စုံ)ဂါဝန်ရှည်ဖားဖား ကြီးမှမဟုတ်ဘဲ၊ ရပါတယ်"

မရမက အပါခေါ်မည့်ပုံစံလေးမို့ ရွှေတွယ်တာက မောင်



www.burmeseclassic.com

www.burmeseclassic.com



လေးရွှေအာကာ၏ နှာဖျားလေးကို ဆွဲဖျစ်လိုက်ရင်း …

"ကဲ …လိုက်မယ်"ဟု ခေါင်းညိတ်လိုက်သည်။

မောင်လေးက ခြံဝင်းတံခါးကို သွားစေ့သည်။

"မမ"

"ဟင်"

"မနက်ဖြန် လိုက်ခဲ့ပါလား"

"ဖိုင်နယ်လား"

"ဟုတ်တယ်"

Mr and Mrs; (TOP)ပြိုင်ပွဲကို မောင်လေးက ဝင်ပြိုင်နေတာပါ။

နောက်ဆုံးဆန်ကာတင်အဆင့်ထိ ပါသွားခဲ့ရပြီမို့ သည်ဆုက လက်တစ်ကမ်းအလိုမှာ ကြိုတင်မျှော်လင့် ရင်ခုန်နေလို့လည်း ရပါပြီ။





"မောင်လေး ရမှာမို့လို့လား"

"ထင်တာပဲ"

မောင်လေးက ဖြေပြီးရယ်သည်။

ရွှေအာကာက တကယ်ချောသည်။ မင်းသားရုပ်ဆိုတာ ခပ်ငယ်ငယ်ကတည်းက သိသည်။

"မောင်လေးဆုရမှာ သေချာရင် လိုက်အားပေးမယ်"

"ရာခိုင်နှုန်း တော်တော်များများတော့ ထင်တာပဲ၊ ကျိန်းသေ အပ်ချမတ်ချတော့ မပြောရဲဘူးဗျ"

"အင်းလေ …လိုက်ခဲ့မယ်"

ရွှေတွယ်တာက ခေါင်းညိတ်ရင်း …

"မစ် (TOP)ရမယ့် သူကလေးကရော"

"အင်း …သူလည်း တစ်ပြေးနေတာပဲ၊ ရမရတော့ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်သူလဲ”

“ချောချောကလေးပဲ၊ သက်ထားပုံတဲ့”

ရွှေတွယ်တာက ခေါင်းလေးညိတ်သည်။

“မမ လိုက်အားပေးတော့ ကျွန်တော် အားရှိတာပေါ့”

ဟု ဆိုလာသည်မို့ ...

“ဟုတ်လို့လား”ဟု မယုံသင်္ကာ ပြန်မေးမိသည်။

မောင်လေးက တဟတ်ဟတ်ရယ်နေသည်။

“အဲဒီ တစ်ပြေးနေတဲ့ ကောင်မလေးနဲ့ရော သိလား”

“လုံးဝမသိဘူး၊ အခု ဒီပွဲမှာ စမြင်ဖူးတာ”

“သြော် ...ဟုတ်လား”

“မာနကြီးမယ့်ပုံဗျ”

ပခုံးတွန့်ကာ မှတ်ချက်ပေးလာသည်။

“ဒါနဲ့နေပါဦး ...ဖေဖေနဲ့ မေမေက မမကို ဘာတွေ





တိုက်တွန်းနားချနေတာလဲ”

ရွှေအာကာက သတိတရနှင့် မေးလာ၏။

“သူတို့သဘောကျတဲ့သူ တွေ့ပြီတဲ့”

“ဟာ ...တကယ်လား”

ဘအံ့တသြ ထအော်တော့ ရွှေတွယ်တာက မျက်စောင်း ကလေးရွယ်ကာ ‘ဒါ ဝမ်းသာစရာလား’ဟု နှာခေါင်းလေး ရှုံ့ လိုက်သည်။

“ဝမ်းသာစရာပေါ့ ...ကျွန်တော်တို့မောင်နှမ နှစ်ယောက် တည်း နေလာရတာ ပျင်းလှပြီ၊ ကျွန်တော့်အတွက် ယောက်ျား လေးသူငယ်ချင်း အသစ်ရတာပေါ့”

“ဟုတ်ပ”

စိတ်ပျက်ပျက်နှင့် ထောက်ခံမိသည်။

“အသက်ကလည်း မောင်လေးနဲ့ ရွယ်တူပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟ ...ဟုတ်လား"

ရွှေအာကာက အရမ်းစိတ်ဝင်စားသွားသည်။

"ဘယ်ကလဲ၊ ဘယ်သူလဲ၊ ဘယ်တော့လာမှာလဲ"

"မေမေတို့ကိုမေးကြည့်၊ ကြိုက်ရင် နင်ပဲယူလိုက်တော့ ကိုရွှေအာကာရေ"

မောင်လေးကို အငေါ်တူးမိသည်။

တကယ်မါပဲ။ သူက စိတ်ဝင်စားနေလိုက်တာ အသည်းအသန်။ ကိုယ့်အစ်မကို နှမျောမည်မရှိ။

"မမရာ ...လူကြီးတွေစီစဉ်တာ ခေါင်းညိတ်လိုက်ပေါ့"

"အမယ်မယ် ...သူကပါ တိုက်တွန်းနေသေးတယ်"

"မမအတွက် အကောင်းဆုံးဖြစ်လာမှာပါ"

ရွှေတွယ်တာက ဖွဖွပြုံးသည်။





အင်း ...မောင်လေးလို ယုံကြည်ထားနိုင်ရင်လည်း ကောင်းမည်။ ရွှေတွယ်တာ မယုံမရဲ။ ယုံကို မယုံချင်တာပါ။ စိတ်ထဲမှာ ဘယ်သူ့ကိုမှ မယုံ။

"မေမေတို့က မမကို ဒီလောက်ချစ်တာဗျာ၊ မကောင်းဘဲ စီစဉ်မလား၊ တိုက်တွန်းမလား"

ရွှေတွယ်တာက ခေါင်းလေးမော့ပြီး ကောင်းကင်ကို ကြည့်မိသည်။ ဘယ်လိုမှ အမြင်တူမှာမဟုတ်။

ကိုယ်က အနီရဲရဲကို သေချာမြင်ဖူးပြီးမှ အဲဒီအနီရောင်က တဖြည်းဖြည်းဖျော့ကာ ပန်းရောင်ပြောင်းသွားပြီးနောက် ပန်းရောင်က အရောင်လွင့်ကာ ဖြူဖွေးပြီး ဘာမှမရှိအောင် ဗလာကျင်း အရောင်မဲ့သွားခဲ့တာကို မျက်ဝါးထင်ထင် မြင်ခဲ့ဖူးပြီမို့ အနီရောင်မြင်တိုင်းလည်း အမြဲတမ်း နီရဲနေမှာပဲလို့ မယုံရဲတော့တာပါ။

မေမေတို့က အဲဒီလို မြင်ဖူးမှာမဟုတ်။ ကြုံဖူးမှာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



အရောင်တွေကမှ အနီက အဝါ၊ အဝါက အပြာ၊ အပြာက အစိမ်း၊ အစိမ်းက အဖြူ ပြောင်းဖို့ ခဲယဉ်းချင်ခဲယဉ်းလိမ့်မည်။ လူတွေက အရောင်ပြောင်းလွယ်ကြသည်။ ယောကျ်ားလေးတွေ စိတ်က ပိုပြီးပြောရခက်သည်။

"ယုံယုံကြည်ကြည် စဉ်းစားပေးလိုက်ပါဗျာ"

ရွှေအာကာက တိုက်တွန်းသည်။ ရွှေတွယ်တာက ပင့်သက်တစ်ရှိုက်နှင့် "မေမေတို့ဆန္ဒကြောင့် ငါ သူ့ကို လက်ခံတွေ့ကြည့်ဖြစ်မှာပါ"ဟု ဆိုမိပါသည်။

"မမသဘောကျမှ လက်ခံပေါ့၊ မေမေတို့က ဖွတ်ပေးစားမယ့်သဘောတော့ မရှိပါဘူးဗျာ"

မောင်လေးကလည်း သူ့အမေအကြောင်းကို သိသင့်သလောက်သိသည်။ မမရွှေတွယ်တာက တော်ရုံတန်ရုံဆို ယုံကြည်လက်ခံမှာမဟုတ်။ ပြီးတော့ သည်လိုကိစ္စမျိုးကို သူ့ဆန္ဒနှင့်သူ





ဆုံးဖြတ်မှာလည်း မဟုတ်တော့ပေ။ မေမေတို့က ဝင်စီစဉ်ပေးမှသာ ဖြစ်လိမ့်မည်။

သူလည်း မမအတွက် စိတ်ပူတာပါပဲ။

တော်ကြာ မမက ကြောက်ရွံ့စိတ်နှင့် တစ်သက်လုံး တစ်ယောက်တည်း နေသွားလျှင်အခက်။

"မမ အပျိုကြီးမလုပ်ဘူး မဟုတ်လား"

မောင်လေးမေးခွန်းကို ရွှေတွယ်တာ ရယ်ချင်စိတ်နှင့် ပြုံးသွားရပါသည်။ မေမေတို့လည်း အဲဒီလိုဖြစ်သွားမှာ စိုးရိမ်လို့မနေသာဘဲ ဝင်စီစဉ်ပေးတာဖြစ်လိမ့်မည်။

ထို 'အချစ်'ဆိုသောအရာကို နောက်တစ်ကြိမ် ထပ်မံအသက်သွင်းဖို့ ရွှေတွယ်တာ ဘယ်တော့မှ မရည်ရွယ်။

တစ်သက်လုံး သည်အတိုင်း အေးအေးဆေးဆေး နေသွားချင်ပါသည်။ ကိုယ့်သဘောနှင့်ကိုယ် ဘယ်လိုလူကိုမှ ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



အကြိမ် မရွေးချယ်ချင်တော့ပေ။ မရွေးချယ်ချင်တာမဟုတ်၊ မရွေး ချယ်နိုင်တာပါ။ မရွေးချယ်ရဲတာပါ။

"မမ"

"ဟင်"

"အဲဒီလူက ဘယ်မှာနေတာလဲ၊ ချောလား"

"မသိဘူးလေ"

"မမရာ အေးစက်စက်နဲ့၊ စိတ်မဝင်စားဘူးလား၊ တော် ကြာ ဘုမသိဘမသိ ယူလိုက်ရဦးမယ်၊ ကြည့်လုပ်"

"အဲဒီအဆင့်ရောက်ဖို့ အဝေးကြီးလိုပါသေးတယ်"

"ဖေဖေက အဲဒီလူကို ဘယ်လိုတွေ့တာလဲ"

"ဖေဖေ့သူငယ်ချင်းရဲ့သား"

"ဘယ်သူလဲ၊ ကျွန်တော်မသိဘူးလား"

"သိချင်လည်းသိမှာပေါ့"





"ဘယ်သူတဲ့လဲ"

"ကိုမင်းမိုးတဲ့"

"ကိုမင်းမိုး ဟုတ်လား"

"အင်း ...သိလို့လားဟင်"

ရွှေအာကာက အားနာပြုံးနှင့် ခေါင်းခါသည်။

မမရွှေတွယ်တာက မျှော်လင့်ချက်နှင့် နားထောင်နေတာ။ သူများ သိနေမလားဆိုပြီး။

"ကြားတောင် မကြားဖူးဘူး"

"ဟုတ်လား"

ရွှေတွယ်တာက အားလျော့ပြုံးကလေးနှင့် "ဖေဖေက ပြောပါတယ်၊ ဖေဖေ့ငယ်ပေါင်းတဲ့၊ ငယ်ငယ်က သူငယ်ချင်းတဲ့။ အခုလောလောဆယ် ဖေဖေနဲ့ ခင်မင်သွားလာနေကြတဲ့ သူငယ်ချင်း မဟုတ်ဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ...ဒီလိုလား"

ရွှေအာကာက တစ်ချက်စဉ်းစားလိုက်ပြီး ...

"ဖေဖေ့သူငယ်ချင်းဆိုတော့ သဘောကောင်းမှာပါ မမ ရာ၊ စိတ်မပူပါနဲ့၊ စိတ်အေးအေးထား၊ ကျွန်တော် သူငယ်ချင်းလို ခင်မင်အောင်ပေါင်းပြီး စေ့စေ့စပ်စပ် လေ့လာပေးမယ်"

"တကယ်"

"တကယ်ပေါ့ ...လွယ်လွယ်ဘယ်ရမလဲ၊ ကျွန်တော့်ရဲ့ တစ်ဦးတည်းသောအစ်မကို"

မောင်လေးစကားက အားရှိစေပါသည်။

မေမေက "တစ်ယောက်တည်း နေသွားလို့မဖြစ်ပါဘူး၊ အိမ်ထောင်ရေးကို တစ်နေ့နေ့တော့ စဉ်းစားရမှာပဲသမီး"ဟု အမြဲ တဖွဖွပြောခဲ့သည်။

ရွှေတွယ်တာ မကြာခဏ တွေးသည်။





တစ်ယောက်တည်းနေသွားလို့ တကယ်ပဲ မဖြစ်ဘူးလား ဆိုတာကို။ သို့ပေမယ့် အဖြေက အတိအကျမထွက်။ မေမေ တွေး ဆထားတာ မမှားနိုင်ပါဘူးဟု လက်ခံမိတာလည်း တကယ်ပါ။

"သမီးက အေးလွန်းတယ်၊ ရိုးသားတယ်၊ သမီးအတွက် တည်ကြည်စစ်မှန်တဲ့ အဖော်လိုတာပေါ့ကွယ်။ သမီးမောင်လေးက အခုနေသာ မမ မမနဲ့ ဂရုစိုက်တာ၊ ကောင်မလေးတွေ့သွားရင် သမီးကို မေ့သွားမှာ"ဟု အမြဲသတိပေးသည်။

ရွှေတွယ်တာကလည်း ကြိုတင်နားလည်ပြီးသားပါ။

မောင်နှမရင်းချာဆိုတာမျိုးက မိဘနှင့်အတူနေစဉ် အပျို လူပျိုဘဝမှာသာ သံယောဇဉ်အရမ်းကြီးတာ။ ကိုယ့်အိမ်ကိုယ့်ဘဝ သီးခြားဖြစ်ပြီး ကိုယ့်လမ်းကိုယ်လျှောက်ကြပြီဆို ဘယ်လိုပဲဖြစ်ဖြစ် မိဘအိမ်မှာနေသလိုတော့ မဟုတ်နိုင်။

"မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အရမ်းလည်း တွေးကြောက်မနေပါနဲ့ဗျာ၊ ခါတိုင်းလိုပဲ ပျော်ပျော်ပေါ့၊ မမကိုကြည့်ရတာ အိပ်မက်ဆိုးကြီးမက်ပြီး နိုးလာသလို အလန့်မပြေတဲ့ပုံစံကြီး၊ ဟား ...ဟား"

မောင်လေးနှင့် အတူတူ ရွှေတွယ်တာ ရောပြီးရယ်မိ၏။ စိတ်ထဲတင်းကြပ်နေသမျှ ပေါ့ပါးသွားရအောင်ပါ။

မေမေနှင့် ဖေဖေ သည်အကြောင်းပြောလိုက်ကတည်းက ရွှေတွယ်တာ့မှာ တွေးစရာ၊ စဉ်းစားစရာတွေ သိပ်များသွားခဲ့သည်။

"မမ ...ကျွန်တော်တို့ အက်ရှင်ဇာတ်လမ်းကောင်းကောင်း ငှားကြည့်ရအောင်"

"အင်း"

× × × ×





ဖုန်းမြည်လာသောအခါ ရွှေအာကာက မမရွှေတွယ်တာကို ဆတ်ခနဲ လှည့်ကြည့်သည်။

"ယောဗျာ"

မမရွှေတွယ်တာက ဒရင်းဘက်ခ်ပေါ်မှာ ခွေခွေကလေး အိပ်ပျော်နေခဲ့ပြီ။ သူ့မှာတော့ ဇာတ်လမ်းကောင်းလွန်းလို့ မျက်တောင်ပင်မခတ်နိုင်။ မမက အိပ်ပျော်သွားတာ ဆန်းလှသည်။ ရွှေအာကာက မတ်တတ်ရပ်လိုက်ပြီး ခါးတစ်ချက်ဆန့်သည်။ ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းဘေးနား လျှောက်လာ၏။

ည …ညဆို မြည်တတ်တာက သူ့ဖုန်းပဲမို့ ဖေဖေနှင့် မေမေက ဖုန်းမြည်လာလည်း သိပ်မကိုင်ကြတော့ပါ။

"ဟဲလို"

ရွှေအာကာက တမင်အသံလေးလေးကြီးလုပ်ကာ ထူး လိုက်၏။ ဘယ်သူမှန်း မသိရသေးပေမယ့် သူစချင်သည်။

"ဟုတ်ကဲ့ …ရွှေတွယ်တာတို့အိမ်ကလား ခင်ဗျာ"

တစ်ဖက်က ယဉ်ယဉ်ကျေးကျေး မေးလာသည်။ ပြီးတော့ ယောကျ်ားသံ။ မမနှင့် ဘယ်လိုပတ်သက်ပါလိမ့်။

သူ အံ့ဩမိကာ နှုတ်ဆိတ်နေမိသေးသည်။

"ကျွန်တော် မင်းမိုးပါ၊ ရွှေတွယ်တာနဲ့ စကားပြောချင် လို့ပါ"ဟု ထပ်ပြီး တောင်းဆိုလာတော့မှ …

မင်းမိုး …ကိုမင်းမိုး။ ဒါဆို ယောက်ဖလောင်းပေါ့။





သူ တစ်ချက်ပြုံးမိသည်။ မမဆီ ဖုန်းဆက်တာ ဘာ ကြောင့်လဲ။

"ကိုမင်းမိုးလား"

"ဟုတ်ပါတယ်"

"ကျွန်တော်က ရွှေအာကာပါ"

"ဟုတ်လား …ရွှေတွယ်တာ့မောင်လေးပေါ့"

"ဟုတ်ပါတယ်"

"တွေ့ရတာဝမ်းသာတယ်ဗျာ"

"ကျွန်တော်လည်း ဝမ်းသာပါတယ်"

"ကျွန်တော် ရန်ကုန်ရောက်နေတယ်၊ ဖေဖေက သေသေ ချာချာမှာလိုက်တာနဲ့ ကျွန်တော် ဖုန်းဆက်တာပါ"

"ဟုတ်ကဲ့ …ဒါပေမယ့် မမက ခုနလေးတင်ပဲ အိပ် ပျော်သွားပြီ၊ ကျွန်တော် နှိုးပေးရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ …ရပါတယ်၊ နေပါစေဗျာ၊ အားနာစရာဖြစ်ကုန်မှာပေါ့၊ အိပ်ပြီဆို မနိုးပါနဲ့"

"နောက်နေ့ ခင်ဗျားပြန်ဆက်လို့ အဆင်ပြေမလား"

"ပြေပါတယ်၊ ရပါတယ်"

ရွှေအာကာက အားနာသလို တစ်ချက်ရယ်ကာ …

"ကျွန်တော်နဲ့အတူတူ တီဗွီကြည့်နေရင်းနဲ့ အိပ်ပျော်သွားတာ၊ ကျွန်တော် အံ့သြနေတယ်။ မမက ရုပ်ရှင်ဇာတ်လမ်းတွေဘာတွေ သိပ်မကြိုက်ဘူး"

"ဟုတ်လား"

"မမက အရမ်းအေးတယ်၊ အရမ်းရိုးသားတယ်၊ ပြောရင်ယုံမှာမဟုတ်ဘူး၊ ကိုယ့်ငါးချဉ် ကိုယ်ချဉ်သလိုဖြစ်နေလိမ့်မယ်ဗျ၊ တကယ်ပါ"

"ဖေဖေကလည်း ကျွန်တော့်ကို အရမ်းတိုက်တွန်းတယ်၊





ဖြစ်စေချင်တယ်တဲ့"

"ဟုတ်ကဲ့"

"ခင်ဗျားလည်း လူငယ်ပဲဗျာ၊ သဘောပေါက်မှာပါ၊ ဘုမသိဘမသိ ဘယ်လိုလုပ်ပြီး ဆုံးဖြတ်နိုင်မှာလဲ"

"ဒါပေါ့ …ဟုတ်ပါတယ်"

"ရှင်းရှင်းပြောရင် ကျွန်တော် ဖေဖေ့ကို ကတိမပေးထားသေးဘူး၊ ကျွန်တော် လေ့လာကြည့်ဦးမယ်လို့ပဲ မယုတ်မလွန်ပြောထားတယ်။ ခင်ဗျားလည်း သိတဲ့အတိုင်းပဲ ဒီခေတ်ကောင်မလေးတွေက ခေါင်းမာတယ်၊ ဖွတ်တရွတ်နိုင်တယ်ဗျ၊ မလွယ်ဘူး"

"ဟုတ်တယ်"

မမရွှေတွယ်တာနှင့် အဆင်ပြေမပြေ မသိ။ သူနှင့်တော့ စကားပြောရတာ ကောင်းသည်။ ပွင့်လင်းသွက်လက်သည်။ ခေတ်အမြင်လည်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား အိမ်ကိုလာလည်ပါ ကိုမင်းမိုး"

သူ လိုလားစွာ ဖိတ်ခေါ်မိသည်။

"လာတော့ လာဖြစ်မှာပါ"

မင်းမိုးကလည်း စဉ်းစားချင့်ချိန်နေပုံ ရလေသည်။

"မမကလည်း သေသေချာချာ လေ့လာအကဲခတ်ပြီးမှ ခေါင်းညိတ်မယ့်ပုံပဲဗျ"

"အဲဒါ အကောင်းဆုံးပဲ၊ ရေရှည်မြဲဖို့ဆိုတာ တစ်ယောက်စိတ်ဓာတ် တစ်ယောက်နားလည်ရမယ်"

ရွှေအာကာက လေးလေးနက်နက် ထောက်ခံမိသည်။

"ကိုအာကာ ခင်ဗျားနဲ့လည်း တွေ့ဖူးချင်သေးတယ်၊ ခင်ဗျားနဲ့ ပြောရတာ ဖြူးတယ်"

မင်းမိုးကလည်း စိတ်ထဲရှိသလို ပြောတတ်သည်။

"ကောင်းတာပေါ့ဗျာ"





"ခင်ဗျားအစ်မက ခင်ဗျားနဲ့တူလား"

"ဘာတူတာ မေးတာလဲ"

"အကုန်လုံးပေါ့၊ အတွေးအခေါ်၊စိတ်ဓာတ်၊ ပွင့်လင်းမှု၊ ရုပ်ရည် အားလုံးပေါ့"

ရွှေအာကာက တစ်ချက်စဉ်းစားပြီး ...

"သိပ်မတူဘူး"ဟု ဆို၏။

"မတူဘူးလား"

"မတူဘူး၊ မမက အေးလွန်းတယ်၊ မိန်းကလေးဆိုတော့ သိမ်မွေ့တာပေါ့ဗျာ"

မင်းမိုးက ငြိမ်သက်နားထောင်နေ၏။

"ယောကျ်ားလေးသူငယ်ချင်းတောင် မရှိဘူး"

"ဩော်"

"ကျွန်တော်က မိန်းကလေးသူငယ်ချင်းတွေ အများကြီး



www.burmeseclassic.com

www.burmeseclassic.com



၆

“ဟုတ်လား …ကျွန်တော်လည်း အဲဒီလိုပဲ”

မင်းမိုးစကားကြောင့် ရွှေအာကာ နှုတ်ဆိတ်သွား၏။

ကိုယ်က ခပ်ကြွားကြွား ပြောလိုက်မိပေမယ့် ကိုယ့်အစ်မနှင့် လက်ထပ်မည့် သတို့သားလောင်းက အဲဒီလိုဝန်ခံလာတော့ ရင်လေးမိသည်။ ကိုယ်က ဘယ်မိန်းကလေးကိုမှ ထိခိုက်နစ်နာအောင် မလုပ်ဘူးခဲ့ပါ။ သူ့ဘက်ကရော အဲဒီလို ဟုတ်ပါရဲ့လား။

“ကျွန်တော်က ရိုးရိုးသားသားရယ်၊ ဟိုလိုလို ဒီလိုလိုလေးတွေပဲ ရှိတာပါ၊ မွှေတာ ရှုပ်တာမျိုး မဟုတ်ဘူး”

ရွှေအာကာ၏ ရှင်းလင်းချက်ကို မင်းမိုးက ရယ်နေသည်။

ဘယ်လိုပဲဖြစ်ဖြစ် မမနှင့် ပတ်သက်လာမည့်သူကို တည်တည်ကြည်ကြည် ရှိစေချင်ပါသည်။

သူ လောဘကြီးနေမိတာလား။





မမက ရှုပ်ရှုပ်ယှက်ယှက်ဆို လုံးဝစဉ်းစားမှာ မဟုတ်။ အဲဒါ သူသိနေသည်။

နောက်တော့လည်း မမရွေးတွယ်တာအကြောင်းတွေ တစ်စတစ်စ သိလာပြီး မြတ်နိုးတတ်လာမှာပါဟု တွေးမိသည်။ လောလောဆယ် သူပြောပြနေလည်း အကြောင်းမထူး။

“မနက်ဖြန်မှ ဆက်လိုက်ပေါ့ဗျာ၊ ဂွတ်ဒ်နိုက် (ကောင်းသောညပါ)”ဟု ရွှေအာကာ ဆိုလိုက်၏။

“ဂွတ်ဒ်နိုက် …ဂွတ်ဒ်နိုက်”

မင်းမိုးကလည်း ပြန်ပြောပြီး ဖုန်းချသွားသည်။

ရွှေအာကာက ဧည့်ခန်းထဲ ပြန်လျှောက်လာပြီး မမရွေးတွယ်တာကို ငုံ့ကြည့်သည်။

“ဟာ …နိုးနေပြီလား”

“အင်း”



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းက မမရဲ့ဖုန်းဗျ"

"ဟင် ...ဟုတ်လား၊ ဘယ်သူလဲ၊ ချောလား"

"မချောဘူး"

ရွှေအာကာက ပြောင်ချော်ချော်လုပ်သည်။

"မမသူငယ်ချင်း ချောစုလားလို့ မေးတာ"

"မဟုတ်ပါဘူး ...လွဲပြီ"

"ဒါဆိုဘယ်သူလဲ"

"မမက အိပ်ချင်ယောင်ဆောင်နေတာကိုး"

"မဟုတ်ပါဘူး၊ တကယ်မေ့သွားတာ"

"မမရဲ့ဟိုလူကြီး"

ရွှေတွယ်တာက မောင်လေးကို မျက်မှောင်ကုတ် ကြည့်နေပြီးမှ ရယ်လိုက်၏။

"သူ့ကောင်မလေးတွေ ဆက်တာကိုများ"





"လုံးဝမဟုတ်ပါဘူး"

ရွှေတွယ်တာက မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ဇဝေဇဝါ။

"ကျွန်တော် မနောက်ပါဘူးဗျာ၊ ကိုပင်းမိုး ဆက်တာ၊ အသံကတော့ မဆိုးဘူးဗျ၊ ရန်ကုန်ရောက်နေတယ်တဲ့၊ လာခဲ့မယ်တဲ့"

ရွှေအာကာက ရယ်ချင်စိတ်ကို ဘရိတ်အုပ်ကာ အတည်ပြောရသည်။ မမ မယုံလျှင်အခက်။

"ဟုတ်လို့လားဟယ်"

"ဟုတ်ပါတယ်"

"မောင်လေးနော်"

"ဟောဗျာ ...မယုံဘူးလား၊ တကယ်ပါ၊ ကျွန်တော် မနောက်ပါဘူးဗျာ၊ မမအတွက် ဒီလောက်အရေးကြီးတဲ့ကိစ္စကို နောက်စရာလား"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘာလို့လာမှာလဲ"

"စိတ်ဝင်စားလို့ပေါ့"

ရွှေတွယ်တာက မျက်လုံးကလေး ပြူးသွားသည်။

"မဖြစ်နိုင်ပါဘူး"

"ဘာလို့မဖြစ်နိုင်ရမှာလဲ"

ရွှေအာကာက ခေါင်းတစ်ချက်ခါယမ်းပြီး …

"မမက တော်တော်သံသယကြီးတာပဲ"ဟု ဆိုလျက်

"သူက မမကို လေ့လာအကဲခတ်ချင်တယ်တဲ့"ဟု ပြောလာသည်။

"ဟင် …ဟုတ်လို့လား"

"မမရှေ့ရောက်လာမှပဲ ဆက်အံ့သြတော့ဗျာ"

ရွှေအာကာက စိတ်မရှည်သလို စကားဖြတ်သည်။ ရွှေတွယ်တာက ငြိမ်သက်ငေးမောနေ၏။ ရွှေအာကာက မမရွှေတွယ်





တာကို အနှောင့်အယှက် မပေးတော့ဘဲ ရုပ်ရှင်ဇာတ်လမ်းကို စိတ်ဝင်တစား ကြည့်နေလိုက်၏။

မောင်လေးဖုန်းပဲ ဖြစ်မှာဟု ထင်ပြီး ရွှေတွယ်တာက ဖုန်းမြည်သံကြားပေမယ့် ပြေးမကိုင်မိတာပါ။ ကိုယ်သွားထူးလည်း မောင်လေးကို ခေါ်ပေးရမှာပဲ မဟုတ်လား။ မောင်လေးက ရွှေတွယ်တာ သွားပေးလျှင် အခွင့်အရေးယူကာ "ဘယ်သူလဲ မမ"ဟု မသံမထွက်ဘဲ ပါးစပ်လှုပ်ရုံမေးကာ သူသိပ်မပြောချင်လျှင် 'မရှိဘူး'ဟု ညာခိုင်းတတ်သေးသည်။ နေရင်းထိုင်ရင်း ရွှေတွယ်တာ့မှာ ညာပြောရရော။

ညကြီးမိုးချုပ် မေမေက စည်းကမ်းကြီးတာကို ရွှေအာကာ အိမ်မှာရှိမယ့်မှန်းလည်း သိထားပြီးသားပါ။

သိသိချည်းနှင့် ညာပေးရတာ။

သူကိုယ်တိုင်ကိုင်ပြီး သူမပြောချင်လျှင် မြန်မြန်စကား



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လိုက်တာက တစ်မျိုး။

ကိုမင်းမိုးဖုန်း ဖြစ်လိမ့်မယ်လို့တော့ တစ်စက်ကလေးမှ မထင်ခဲ့မိတာအမှန်ပါ။

သူက ဘာလို့ ဖုန်းဆက်ပါလိမ့်။

ခေါင်းထဲမှာ တွေးစရာတွေ ဖြစ်လာသည်။

လူကြီးမိဘသဘောကို သူလည်း မလွန်ဆန်ချင်တာ ဖြစ်ချင်ဖြစ်လိမ့်မည်။

သူ့မှာ ချစ်သူကောင်မလေး မရှိတာလား။ ဘာဘာညာညာဇာတ်လမ်းတွေ တကယ်မရှိဘူးလား။

ရွေတွယ်တာက ကိုယ့်အကြောင်းနှင့်ကိုယ် ချစ်သူမထားတော့တာပါ။ အချစ်၏ လောင်မြိုက်မှုကို ခံရဖူးပြီမို့ နှလုံးသားက ကျွမ်းခြစ်ထုံကျင်နေခဲ့ပါပြီ။

× × × ×





ထင်ထားခဲ့သလိုပါပဲ။

မောင်လေးရွှေအာကာက 'Mr ...Top' ဆုကို ဆွတ်ခူးရရှိပြီး အားလုံးခန့်မှန်းထားကြသလို 'ပုံ' ဆိုသော ကောင်မလေးက 'Mrs ...Top' ဆုကို ရရှိပါသည်။

'ပုံ' က ဝင်းနှစ်သောအသားအရေ၊ ပျော့ပျောင်းနူးညံ့သော ကိုယ်လုံးကလေးနှင့် ပေါ်လွင်သော နှာတံ၊ စူးရှသော မျက်လုံး၊ ဖူးအိထွေးသော နှုတ်ခမ်းကလေးနှင့် အရမ်းလှပလွန်းသူပါ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတွယ်တာက မောင်လေးရွှေအာကာ၏ 'ပုံ'အပေါ် အသက်ပါလှိုက်လှဲသော မျက်လုံးအကြည့်တွေကို သတိထားမိသည်။ ကိုယ့်မောင်လေးအရင်းမို့ သည်ကောင်မလေးကို မြတ်နိုးနေပြီဆိုတာ သေချာပေါက်ပြောနိုင်သည်။ ပုံ ဆုရတာကို မောင်လေးက လှိုက်လှိုက်လှဲလှဲ ဝမ်းသာနေသည်။

စင်မြင့်ပေါ်မှာ ပုံနှင့် ဓာတ်ပုံတွဲရိုက်ခံရတာကို ရွှေအာကာ ဂုဏ်ယူမဆုံးရှိနေသည်။

ရွှေတွယ်တာက မောင်လေးကိုကြည့်ကာ ရယ်ချင်နေ၏။

မောင်လေးက မလုံမလဲ ပြုံးပြီး 'ဘာလဲမမ' ဟု မေးဆတ်ပြသည်။ ရွှေတွယ်တာက မောင်လေးနှင့် ပုံကို ဗွီဒီယိုကင်မရာ အသေးကလေးနှင့် ရိုက်ကူးမှတ်တမ်းတင်ပေးမိသည်။

သူတို့လေးတွေ အချောချင်းညီ၊ အရွယ်ချင်းညီကာ အင်မတန် လိုက်ဖက်လှပါသည်။





သက်ထားပုံ မျက်နှာကလေးက တစ်စက်ကလေးမှ မပြုံး။ နှုတ်ခမ်းလေးတွေ တင်းတင်းစေ့ကာနေသည်။

ကြည့်ရတာ မာနကြီးသူလေးလားမသိ။ စောစောတုန်းကတော့ စင်ပေါ်မှာ တစ်ယောက်တည်း ဓာတ်ပုံအရိုက်ခံနေလိုက်တာများ ပြုံးလို့ရွှင်လို့ပါ။ သည်လိုသာဆို မောင်လေးနှင့်အတူ တွဲရိုက်နေရတာကို စိတ်အနှောင့်အယှက်ဖြစ်သည်ထင်ပါရဲ့။ မပြုံးနိုင် မရယ်နိုင်အောင် ဖြစ်နေသည်။

"အမေ့"

နောက်ကနေ အရှိန်ပြင်းပြင်းနှင့် ဝင်တိုက်လိုက်တာမို့ ဟန်ချက်ပျက်ကာ လန့်အော်မိရင်း နောက်ကို လှည့်ကြည့်တော့ လူတစ်ယောက် ရေးကြီးသုတ်ပျာ ဘေးကဲတွန်းတိုက်ဖြတ်သွားရင်း "ဆောရီး ...ဆောရီး" ဟု ဝတ်ကျေတန်းကျေ ဆိုသွား၏။

ဘယ်လိုလူလဲ။



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်စကားပင် ပီပီပြင်ပြင်မဆို။ ပြီးစလွယ်။ ရွှေတွယ်တာကလည်း ပင့်သက်တစ်ချက်ရှိုက်ကာ မေ့ပစ်လိုက်သည်။ မတော်တဆ တိုက်မိတာပဲ မဟုတ်လား။ တောင်းပန်စကားမဆိုသွားလည်း ကိုယ်ကလိုက်ပြီး ရန်တွေ့လိမ့်မည်မဟုတ်။

စင်ပေါ်ကဆင်းလာသော မောင်လေးကို နှုတ်ဆက်ကာ ပြန်ဖို့ပြင်သည်။ မောင်လေးက ဘဝင်မကျ။

"ခဏနေပါဦးလား"

"မနေတော့ဘူးလေ၊ မေမေ့ကို ခဏလို့ပြောလာတာ မောင်လေးရဲ့"

"ကျွန်တော်နဲ့ အတူတူပြန်တာမဟုတ်ဘူး"

"ရပါတယ်၊ မောင်လေးက အားလုံးပြီးမှ ပြန်လို့ရမှာပေါ့၊ အင်တာဗျူးရှိသေးတယ်ဆို"

"ဟုတ်တယ်၊ ဝေါရှိရိုက်ဖို့လည်း ဒိတ်လုပ်ရဦးမယ်၊





ဂျာနယ်ကလည်း ဓာတ်ပုံရိုက်ချင်သေးတယ်ပြောတာပဲ"

"လုပ်ပါ ...အေးအေးဆေးဆေးလုပ်၊ မမပြန်နှင့်မယ်၊ မောင်လေးက ပုံ ဆီက ဖုန်းနံပါတ်တောင်းလာဦးနော်၊ မမေ့နဲ့"ဟု ရွှေတွယ်တာက စသည်။

မောင်လေးက ဟက်ခနဲ ရယ်သည်။

"အလကားနေရင်း မာနကြီးနေတာဗျ"

အောင့်သီးအောင့်သက် ပြန်ပြောသည်။

"ရှက်နေတာလည်း ဖြစ်မှာပါ"

ရွှေတွယ်တာက မောင်လေး၏ မခံချင်စိတ် လျော့ပါးအောင် အားပေးလိုက်၏။

"ကင်မရာမင်းနဲ့(ဓာတ်ပုံဆရာ)က လက်ဖျားလေးဆွဲထားပါဆိုလို့ ဆွဲတာကိုများ သူက အင်တင်တင်နဲ့"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ခုန (HAPPY)မင်္ဂလာဗင်းအတွက် မျက်နှာဖုံး ခေတ်ပုံ ရိုက်သေးတယ်၊ ဟိုခုံဖြူဖြူလေးတွေမှာ"ဟု လက်ညှိုးထိုးပြသည်။

"ဩော်"

'ဆု'မကြေငြာခင်ကတည်းက မောင်လေးနှင့် 'ပုံ'ပဲ ဆုချိတ်လိမ့်မည်ဆိုတာ သိနေကြပါပြီ။

"နောက်မှ မပေးချင်ပေးချင်နဲ့ လက်သန်းလေး လှမ်းပေးတယ်၊ ကျွန်တော် စိတ်ဆိုးဆိုးနဲ့ တအား ဖျစ်ညှစ်ပစ်လိုက်တယ်"ဟု မောင်လေးက ရယ်သံတစ်ဝက်နှင့် ကျေနပ်သလို ဆိုပါသည်။

"ကြည့်လုပ်ဦးနော် ...မုန်းသွားမှခက်မယ်"

"ကျွန်တော်ကလည်း စိတ်မဝင်စားပါဘူး"

ရွှေတွယ်တာက ဖွဖွပြုံးသည်။

စိတ်မဝင်စားပါဘူးဟု ဖွင့်အော်နေကတည်းက စိတ်ဝင်စားနေမိတာကို ကာကွယ်လိုခြင်းတစ်ခုပဲ မဟုတ်လား။ မောင်လေးစိတ်ကို မသိတာမှ မဟုတ်ဘဲ။

"ကဲပါ ...ဒေါသတွေလျှော့လိုက်၊ ပြေပြေလည်လည်ပေါ့၊ မာနကြီးတယ်ဆိုတာလည်း ကောင်းတာပဲမဟုတ်လား၊ တော်ရုံယောက်ျားလေးကို ဂရုမစိုက်တဲ့သဘော၊ ထားပါတော့ မမပြန်ပြီ"

"အင်း"

ရွှေတွယ်တာက မောင်လေးကို နှုတ်ဆက်ပြန်လာခဲ့၏။ အားလုံးပြီးမှ မောင်လေးနှင့်ပြန်လျှင် မေမေက တမျှော်မျှော်ဖြစ်ချင်ဖြစ်နေမှာ။ မေမေက သိပ်စိတ်မချ။ စိုးရိမ်ကြီးတတ်သူပါ။ အထူးသဖြင့် ရွှေတွယ်တာ့ကို။

မေမေ စိတ်ပူအောင်လည်း ရွှေတွယ်တာကလည်း လုပ်ခဲ့မိတာ မဟုတ်လား။ ခွင့်လွှတ်ပါ မေမေရယ်ဟု အမြဲ စိတ်ထဲက တောင်းပန်မိရင်း နောင်တရမိသည်။

× × × ×





စိုးမိုး ◈ စာပေ

www.burmeseclassic.com

www.burmeseclassic.com



''ကိုကို ...ခုမှရောက်တာ မဟုတ်လား၊ အမြဲနောက်ကျတယ်၊ တကယ်ပဲ''

'ပုံ'၏ ချစ်စဖွယ်အသံစူအောင့်အောင့်လေးကြောင့် ရွှေအာကာက လှမ်းကြည့်မိသည်။

တွေ့လိုက်ရသောမြင်ကွင်းက သူ့ကို မောသွားစေသည်။ မိုင်ပေါင်းများစွာ ပြေးခဲ့ရသူလို ဆို့နင့်သွား၏။ သက်ထားပုံက အမျိုးသားတစ်ယောက်၏ လက်မောင်းကို ပိုင်ပိုင်ဖမ်းဆုပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းစူ အပြစ်တင်နေ၏။

ရွှေအာကာက ကြေကွဲစွာနှင့် အကြည့်လွှဲမိသည်။

ခပ်ချောချောလူက ပုံ၏ချစ်သူဖြစ်ဖို့ ရာခိုင်နှုန်းများသည်။ သူတို့ကိုကြည့်ရတာ ရင်းနှီးသည်။

သူ သက်ပြင်းတစ်ချက်ရှိုက်လျက် ပုံ၏အမျိုးသားကို သေချာပြန်ကြည့်သည်။ ပုံနှင့် လုံးဝရုပ်ချင်းမဆင်ပါ။ မောင်နှမ လုံးဝမဖြစ်နိုင်။ ပုံက သူကြည့်နေတာကို မသိသလို မျက်နှာလွှဲနေ၏။

"ကိုကိုရောက်နေတာ ကြာပါပြီကွာ"

"အမယ် ...မဟုတ်ပါဘူးနော်"

"အဟုတ် ...တကယ်ပါ"

"မယုံဘူး"

"စောစောတုန်းက ဟိုနားက ခုံဖြူဖြူလေးတွေမှာ ဓာတ်ပုံ





ရိုက်သေးတယ်၊ ဟုတ်တယ်မဟုတ်လား၊ အဲဒီအချိန် မတိုင်ခင်က တည်းက ရောက်နေတာပါကွာ၊ ဒါ ညာပြောစရာလား"

"ပုံမှမတွေ့တာ"

"လူတွေ ဒီလောက်များတာ ကြပ်ညှပ်နေတာဖဲ၊ ပုံက စင်ပေါ်မှာ ဘယ်လိုလုပ် တွေ့မှာလဲ"

"ပုံ ရှာနေတာပဲ"

"ကိုကိုက ပုံ့ကို တစ်ချိန်လုံးကြည့်နေတာ"

"ဟုတ်လို့လား"

ကြည်နူးစွာနှင့် မျက်လုံးလေးတွေ တဖိတ်ဖိတ်လက်ဖြာသွားသော ပုံ့မျက်နှာကလေးကို ငေးကြည့်ကာ သက်ပြင်းမောရှိုက်ရင်း အကြည့်လွှဲမိသူက ရွှေအာကာ။ မမြင်ချင်ပေမယ့် မြင်နေရသည်။ မကြားချင်ပေမယ့် ကြားနေရသည်။ ပုံက မာနကြီးလွန်းသူကလေးပါ။ ထိုလူတစ်ယောက်ကိုမှ လိုက်လုံလိုလားစွာ ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



တော့တာ။

ရွှေအာကာက သူတို့နှင့် ခပ်လှမ်းလှမ်းကို လျှောက်သွားပြီး ရပ်နေလိုက်၏။ အင်တာဗျူး မြန်မြန်ပြီးချင်ပြီ။ သူ့အိမ်ကို ပြန် ချင်ပြီ။ စောစောတုန်းက သူ လုံးဝမပင်ပန်းပါ။ ခုတော့ ခြေပစ်လက်ပစ် ထိုင်ချလိုက်ချင်ပြီ။ ရင်ထဲက အင်အားတွေ စုပ်ထုတ်ခံလိုက်ရသလိုပါ။

ပုံကတော့ ခုမှ ပိုပြီး သက်ဝင်နူးညံ့လာသလိုပင်။ ရယ်သံချိုချိုလေးက လွင်နေသည်။

ပြိုင်ပွဲအပြီး သရုပ်ဆောင်းရချိန်မှာ သူမ နှစ်သက်သောပုဂ္ဂိုလ်က အနားရောက်လာတော့ အပျော်က ထိပ်ဆုံးအထိ တက်သွားခဲ့ပါပြီ။

"ညီမလေးရေ …ခဏလောက် ကူညီပါဦးကွာ"

ဗျူးဆရာမလေးက ဓာတ်ပုံတွဲရိုက်ဖို့ ပုံ့ကို သွားခေါ်လာ





သည်။

ပုံက သူဘေးမှာ ခပ်ခွာခွာ ကျုံ့ကျုံ့ကလေးရပ်ပြီး ဓာတ်ပုံအရိုက်ခံ၏။ ရွှေအာကာက ပုံ့ဘက်ကို လုံးဝငဲ့စောင်းမကြည့်တော့ပါ။ သူကလည်း ပုံ့မှာ ချစ်သူရှိတာ မသိလို့ပါ။ အစကတည်းက သိခဲ့လျှင် သူ့ဘက်ကလည်း စည်းတစ်ခုထားမိမှာပါ။

အနည်းဆုံးတော့ စိတ်ဝင်စားမိသော သူ့ကိုယ်သူ ဘရိတ်အုပ် အရှိန်လျှော့နိုင်ခဲ့မှာပါ။

သူက ပုံ့ကို မြင်မြင်ချင်း နှစ်သက်သဘောကျခဲ့မိပါသည်။ အခုတော့ သူ ဒါကို ဝန်မခံချင်တော့ပါ။ နှစ်သက်မိသော သူ့စိတ်ကလေး ငုံ့လျှိုးသွားခဲ့ရပြီ။ ရှိပါစေတော့။ သူ့ကိုယ်သူလည်း အပြစ်မတင်ချင်။ သူမှမသိဘဲ။ မသိလို့ ဖြစ်ခဲ့ရတာ။

စရန်သတ်ပြီးသားဆိုတာ ကြိုတင်သိခဲ့လျှင် ရွှေအာကာ ရင်ခုန်ခဲ့မှာ မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



စစ်စစ်မှန်မှန် ရင်ခုန်ခဲ့သော သူ့နှလုံးသားကို သူ အပြစ်မတင်ရက်ဘဲ ကရုဏာသက်သွားမိပါသည်။

ဟူး …ရွှေအာကာ …

ပထမဦးဆုံး ရင်ခုန်သံက အမှားအယွင်းတစ်ခု ဖြစ်ခဲ့ရပြီ။ သူ ခေါင်းယမ်းမိသည်။

ပုံနှင့် ဓာတ်ပုံတွဲရိုက်ပြီးသောအခါ အင်တာဗျူးအတွက် မေးသမျှ ဖြေပေးရသည်။

သူ ပုံ့ကို ထပ်မကြည့်ဖြစ်အောင် ကြိုးစားခဲ့ပါသည်။

ကိုယ်ကလည်း သိက္ခာရှိသော ယောကျ်ားတစ်ယောက်ပါ။ စိတ်ခံစားမှုကို ထိန်းချုပ်နိုင်ပါသည်။

× × × ×





သက်ထားပုံက မသိမသာ ခေါင်းလေးငုံ့ကာ ကြည့်မိပါသည်။ ရွှေအာကာက လုံးဝကို မကြည့်တော့ပါ။

သူ့တစ်ချိန်လုံး ကြည့်ကာကြည့်ကာနှင့် သိက္ခာမဆယ်နိုင်အောင်ဖြစ်နေတာက သိသာလွန်းသည်။ ကိုကို့ကိုမြင်မှ တန့်သွားတာပါ။

သိသားပဲ …

သူ့မျက်လုံးတွေကို ပုံ မသိတာမှတ်လို့။



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ပွဲတစ်ခုကို အတူတူဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး သူနှင့်ပုံ ဆုချိတ်တာချင်း ညီတာနှင့်ပဲ တစ်ယောက်ကိုတစ်ယောက် စိတ်ဝင်စား ရင်ခုန်ရတော့မှာလား။

လုံးဝကို မဖြစ်နိုင်ပါ။

ဘာဆိုင်တာမှတ်လို့။

ပုံ့မှာက ကိုကိုရှိသည်။ ကိုကိုက ပုံ့ရဲ့ ထာဝရကိုကိုပါ။ ပုံက ကိုကိုမှ ကိုကို။ ကိုကိုကလည်း ပုံမှပုံ။ ဘယ်သူမှ သူတို့ကြားကို ဝင်လာလို့မရ။

ယုံကြည်စွဲမြဲသော ချစ်ခြင်းနှင့် လေးနက်စွာ တန်ဖိုးထားမြတ်နိုးကြတာပါ။

ရွှေအာကာ မျက်နှာပျက်သွားတော့ ပုံ အားနာမိတာ အမှန်ပါ။ သည်ထက်မြန်မြန် အသိပေး ကြေညာသင့်တာ မှန်ပေမယ့် အခွင့်ရေးမရ။





ကိုကိုက ပုံ့ဘေးနားကို ခုမှပဲ ရောက်လာတော့တာ။ ဘာပဲဖြစ်ဖြစ် ပုံ လိပ်ပြာသန့်ပါသည်။ သူ့ကို ပုံ လုံးဝလိုလားကြည်ဖြူဟန် မပြခဲ့ပါ။

ပုံက ရိုးသားတာကို ကြိုက်သည်။

သစ္စာတရားကို တန်ဖိုးထားသည်။

ကိုကိုကလည်း ပုံ့ကို ယုံကြည်သည်။

ကိုကို့ယုံကြည်မှုကို ပုံက အလွဲသုံးစားလုပ်မှာမဟုတ်။

လိမ်တာညာတာ ပုံ မုန်းသည်။

ရိုးရိုးရှင်းရှင်းပဲ ပုံက နေတတ်ပါသည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီဖျော်စက်ကလေးထဲကို ရေထည့်၊ ကော်ဖီမှုန့်ထည့်ပြီး ကော်ဖီဖျော်နေသော ရွှေတွယ်တာအနီးကို ရွှေအာကာက လျှောက်လာပြီး ခုံတစ်လုံး ဆွဲထုတ်ကာ ထိုင်ချလိုက်၏။ ကြည့်ရတာ စိတ်ပျက်လက်ပျက် ပုံစံနှင့်။

"ဘာဖြစ်လို့လဲ …ပုံကလေးက ဘာပြောလိုက်လို့လဲ၊ ဒီလောက်လည်း စိတ်ဓာတ်မကျနဲ့လေ"

"တော်ပါတော့ မမရာ"

ရွှေအာကာက သက်ပြင်း ဟူးခနဲရှိုက်သည်။

---

မိုးမိုး ◈ တမေ

www.burmeseclassic.com

www.burmeseclassic.com



"မမ မသိဘူးဗျ၊ သူ့မှာရည်းစားကြီး ငုတ်တုတ်နဲ့ဗျ" ဟု ရင်ဖွင့်လာ၏။

"ဟောတော့"

ရွှေတွယ်တာ လန့်ဖျန့်သွားရသည်။ မျက်လုံးကလေး ပြူးထွက်ကာ မယုံနိုင်။

"ဘယ်လို ...ချစ်သူရှိတယ် ဟုတ်လား"

"ဟုတ်တယ်"

"သေချာရဲ့လား မောင်လေးရယ်"

"မသေချာဘဲ ပြောမလား၊ ကျွန်တော့်မျက်စိနဲ့ ကျွန်တော် မြင်တာဗျ၊ ဟိုလူကြီးမျက်နှာကြီးကို ခုထက်ထိ မြင်နေမိတုန်းပဲ"

"ဖြစ်မှဖြစ်ရလေ" ဟု ရွှေတွယ်တာက ရင့်ဘတ်ကလေး ဖိရင်း မောင်လေးကို ဘယ်လို အားပေးနှစ်သိမ့်ရမှန်းမသိတော့ပေ။

"ကျွန်တော်ကလည်း ကျွန်တော်"





မောင်လေးက ကြေကွဲစွာ ဆိုလာသည်။

"ဘာမှမသိသေးဘဲ ဇွတ်ရှေ့တိုးချင်တာကိုး"

ရွှေတွယ်တာက နှုတ်ဆိတ်နေမိသည်။

စောစောသိလိုက်ရတာ မောင်လေးအတွက် ကောင်းသည်။ ကိုယ့်မောင်လေးက ရွေးချယ်စရာတွေ အများကြီးပါ။ ပို့ထက်သာတာ တွေ့နိုင်ပါသေးသည်။

"မေ့ပစ်လိုက်ပေါ့ မောင်လေးရယ်"

သည်တစ်ခွန်းတော့ တိုက်တွန်းမိသည်။

ရှေ့ဆက်ဖို့ မဖြစ်နိုင်တော့ဘူးဆိုမှတော့ မေ့ပစ်ဖို့ပဲ ကြိုးစားရတော့မည် မဟုတ်လား။

ဖေဖေနှင့် မေမေအတွက် ကော်ဖီတစ်ခွက်စီ ငှဲ့ထည့်ပြီး ဖန်ကြည်ဗန်းကလေးနှင့် ယူလာခဲ့မိ၏။

မဖြောင့်ဖြူးသော ရင်ခုန်သံအတွက် မောင်လေး အရမ်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထိခိုက်သွားမလားမသိ။

စာနာစိတ်နှင့် သနားမိသည်။

× × × ×





"အားနာစရာကြီးကွယ် ...မောင်မင်းမိုးလာတဲ့နေ့မှာ သမီးကမရှိဘူး၊ ညနေမှ ပြန်ရောက်မယ်ထင်တယ်၊ သူ့ဖေဖေနဲ့ စက်ရုံကို ပါသွားတာကွဲ့"

မေမေ့အသံကြောင့် မျက်နှာသုတ်ပဝါ ပုခုံးပေါ်တင်ရင်း ထွက်လာသော ရွှေအာကာ ခြေလှမ်းတန့်သွားရသည်။ မှန့်ကိစော စော ညှို့သည်ရောက်နေပါရောလား။

ညှို့သည်က အထူးညှို့သည်။



www.burmeseclassic.com

www.burmeseclassic.com



မမရွှေတွယ်တာနှင့် မိဘတွေ သဘောတူကြည်ဖြူထားသော ကိုမင်းမိုး။

မျက်နှာသုတ်ပဝါနှင့် မျက်နှာကို တစ်ချက်ပွတ်တိုက်ကာ သူ ဖွဖွပြုံးပြီး ထမင်းစားခန်းထဲ ဆက်လျှောက်လာမိပါသည်။

"ရပါတယ်၊ ကိစ္စမရှိပါဘူး၊ ဖုန်းကြိုမဆက်ထားတော့ လွဲတာပေါ့၊ နောက်တစ်နေ့မှ ကျွန်တော် လာခဲ့ဦးမယ်၊ ဒီနေ့ညနေ အထိတော့ မစောင့်တော့ဘူး"

"အေးကွယ် ...ကော်ဖီသောက်ဦး၊ မုန့်လည်း စားပါ။ ကြိုဖုန်းဆက်ထားရင် ဖွယ်ဖွယ်ရာရာ ပြင်ဆင်ထားလို့ရတာပေါ့၊ မြုန်းစားကြီးဆိုတော့ အိမ်မှာရှိတာလေးနဲ့ပဲ ဧည့်ခံရတော့မယ်"

"မဟုတ်တာဗျာ ...ကျွန်တော့်အတွက် တကူးတက ဘာမှမလုပ်ပါနဲ့၊ ရပါတယ်"

ထမင်းစားခန်းထဲ ခြေချမိသော ရွှေအာကာက ဘေးတိုက်





မြင်လိုက်ရသော မင်းမိုးမျက်နှာကြောင့် ချာခနဲ ပြန်လှည့်လိုက်သည်။

တော်သေးတာက သူ့ကို မေမေက ကျောပေးထားသဖြင့် လုံးဝမမြင်။ မမြင်တော့ လှမ်းမခေါ်။ ရွှေအာကာက နံရံကွယ်မှာ မတ်တတ်ရပ်ရင်း ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားသည်။

မျက်စိနှင့် သေချာမြင်လိုက်ရပေမယ့် မယုံချင်။ လက်မခံချင်။ အဲဒီလူက မင်းမိုးလား။ ဟုတ်ပါ့မလား။

ရင်ထဲမှာ ရှုပ်ထွေးတင်းကျပ်ပြီး ဘဝင်မကျနိုင်ဖြစ်ရသည်။ ပုံ၏ကိုကိုက မမ၏ ကိုမင်းမိုး လာဖြစ်နေသည်။ တစ်ယောက်တည်းဖြစ်နေသည်။ မနေ့တစ်နေ့ကမှ လောလောလတ်လတ် ဆုံခဲ့ဖူးတာ။ သူ့အတွက်တော့ မကောင်းဆိုးဝါးလို မျက်လုံးထဲ အလွတ်မှတ်မိနေသည်။

ရွှေအာကာ ခြေသံဖွဖွလျှောက်ပြီး အပေါ်ကို ပြန်တက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး အခန်းတံခါး ပိတ်ထားလိုက်၏။

မေမေလာခေါ်မှာစိုးလို့ပါ။ သူနိုးနေတာသိလျှင် ခေါ်ပြီး မိတ်ဆက်ပေးမှာ။ သူ မသိချင်။ သူ နှုတ်မဆက်ချင်။ ကိုမင်းမိုး လည်း သူ့ကို မှတ်မိချင် မှတ်မိမှာပါ။ ပုံနှင့် ဓာတ်ပုံတွဲရိုက်တုန်း က ရှိနေခဲ့တာပဲမဟုတ်လား။ ထူးခြားသော တိုက်ဆိုင်မှုက သူတို့ မောင်နှမအတွက် ကံမကောင်း။ ဘာဖြစ်လို့များ ခုလို တွေ့ဆုံရ တာလဲ။ မမရွှေတွယ်တာက အချစ်ကို လန့်နေရှာသူပါ။ ကိုမင်းမိုး က ဘယ်လိုလူလဲ။ ပုံကို ဘယ်လိုသဘောထားပြီး မမရွှေတွယ်တာ ကို ဘယ်လိုသဘောထားလဲ။ ဘယ်လိုပဲဖြစ်ဖြစ် ရွှေအာကာ မကြိုက်ချင်တာအမှန်။ မမအတွက် စိုးရိမ်သည်။ စိတ်ပူသည်။ ပုံ့အတွက် စိတ်မအေးနိုင်။ ပုံကတော့ လူပုံအလယ်မှာ မော်ကြွား ယုံကြည်နေရှာသည်။ ကိုမင်းမိုးက ဘာကြောင့်များ မပြတ်မသား ဖြစ်နေရတာလဲ။





ပုံ့လို ချစ်သူလေး ဘေးမှာရှိနေမှတော့ မမကို ထပ်ပြီး မကြိုးစားသင့်တော့ပါ။

မမလို မိဘသဘောတူသူကလေးကို ရွေးချယ်မည်ဆို လျှင်လည်း ပုံ့ကို မလှည့်စားသင့်ပါ။ ကိုမင်းမိုး၏ လုပ်ရပ်ကို သူ နားကျင်မိသည်။

တစ်ဖက်က ဖြူစင်ရိုးသားသော မမ။

တစ်ဖက်က မာနကြီးသော ချစ်သူကလေး။

သူ့ရင်ထဲ ပူလောင်ဆူပွက်လာတော့သည်။

× × × ×

www.burmeseclassic.com



"မောင်လေး"

"ဟင်"

မမရွှေတွယ်တာက သူ့အခန်းတံခါးကို ဖွဖွခေါက်ပြီး ဝင်လာရင်း သူ့ပုံစံကို အကဲခတ်သည်။

"အိပ်ပုတ်နေလို့ ညှို့သည်မတွေ့လိုက်ဘူးဆို"

သူ အိပ်ချင်ယောင် ဆောင်နေတာကို မေမေက တကယ် အိပ်ရာမနိုးသေးဘူးပဲ ထင်မှတ်ကာ လာမနှိုး။ သူကလည်း မင်းမိုး



www.burmeseclassic.com

www.burmeseclassic.com



ကို မျက်နှာချင်းဆိုင်မတွေ့ချင်။

"မမကို မေမေပြောတာလား"

"ဟုတ်တယ်"

ရွှေအာကာက ခေါင်းအုံးကို ပိုက်ထားပြီး မမရွှေတွယ်တာကို တစ်ချက်ကြည့်ကာ သက်ပြင်းရှိုက်လိုက်၏။ စောစောစီးစီး မမကို ဖွင့်ပြောပြပြီး ကြိုတင်တားဆီးသင့်သလား။

"မေမေကတော့ တော်တော်သဘောကျပုံပဲ၊ စကားပြောတာ သိပ်ရည်မွန်တာပဲတဲ့"

ဟုတ်မှာပါ။ မျက်နှာက ချိုချို။ စကားသံက ချိုချိုနှင့်။ ကိုမင်းမိုးဟာ ခင်စရာကောင်းပြီး သဘောကောင်းတဲ့ ပေါ်လွင်သည်။

"မမကို မေမေ ဘာပြောသေးလဲ"

"သေသေချာချာ လေ့လာဆုံးဖြတ်စေချင်တယ်တဲ့၊ သမီး





မေမေ ရွေးလာတာ မဆိုးပါဘူးတဲ့"

"ဪ"

ရွှေအာကာက သက်ပြင်းထပ်ရှိုက်သည်။

မမရွှေတွယ်တာကို တစ်ခုခုပြောဖို့ သူဝန်လေးနေမိတာလည်း အမှန်။ သူ အရမ်းတွေဝေနေမိသည်။ တစ်ခုခုကို ပြတ်ပြတ်သားသား မဆုံးဖြတ်ရဲပါ။

"မမက ဘယ်လိုသဘောရလဲ"

"ဟင့်အင်း ...ဘာမှမသိသေးဘူး"

ရွှေတွယ်တာက ကျားလက်သည်းညှပ် အနီရဲကလေးနှင့် ဆံပင်တွေကို စုတင်လိုက်ပြီး ...

"မောင်လေးရယ် လူတစ်ယောက်ကို ချက်ချင်းလက်ငင်း အလွယ်တကူ ဆုံးဖြတ်ဖို့ဆိုတာ သိပ်ခဲယဉ်းပါတယ် မဖြစ်နိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



တခြားတခြားသော ကောင်မလေးတွေထက် မမက အဆပေါင်းများစွာပိုပြီး စဉ်းစားတွေဝေမှာပါ။ '

"ဖေဖေ မေမေတို့က ကောင်းသလို စီမံပေးတာကိုတော့ မမနားထောင်လက်ခံရမှာပေါ့"ဟု တစ်ဖက်ကလည်း ဇွတ်မှိတ်ဆုံးဖြတ်ထားသည်။

"အဲဒီလိုတော့ မဟုတ်ဘူးလေ၊ မမနဲ့ တစ်သက်လုံးပေါင်းသွားရမှာ"

ရွှေအာက်ာက မမကို အားမရ။

"ကဲပါ …မောင်လေး အိပ်တော့"

ရွှေတွယ်တာက 'ဂွတ်ဒ်နိုက်'ဟု အခန်းတံခါးလေး ပြန်ပိတ်ပေးကာ နှုတ်ဆက်ထွက်သွား၏။ သူ ဘယ်လိုမှ အိပ်မပျော်နိုင်။ ရင်ထဲမှာ အဖြေမထွက်သော ပုစ္ဆာတစ်ပုဒ်က နှိပ်စက်နေသည်။ မှန်ကန်သော ဆုံးဖြတ်ချက်ကို မြန်မြန်ချချင်ပါသည်။

× × × ×





ရွှေတွယ်တာက အခန်းထဲဝင်လာပြီး အဝတ်အစားလဲသည်။ မောင်လေးကိုကြည့်ရတာ မရွှင်မပျနိုင်။ 'ပုံ'ဆိုသော ကောင်မလေးအတွက် တော်တော်ခံစားနေရသလိုပင်။ မောင်လေးကို အမြဲပျော်နေစေချင်ပါသည်။ မောင်လေးကလည်း ပျော်ပျော်နေတတ်သူပဲ မဟုတ်လား။ ကြာကြာ စိတ်မညစ်တတ်။

ကက်ဆက်ကလေး တိုးတိုးဖွင့်ကာ ပြတင်းပေါက်ဘေးနား ရပ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သုဝေ၏ 'အစွန့်ပစ်ခံလရောင်'သီချင်းကလေးက တစ်စုံတစ်ရာ ရင်ထဲ ခံစားရစေသည်။

"အချစ်ရေ ×××မိုးသောက်ယံ နီးကပ်လာပြီ ××× ညတွေ နှင်းများနဲ့ စိမ်းစိမ်းစို ဆွေးဆွေး အတွေးတွေညှို့နက်ထဲ×××

လှပစွာ ရှုံးနိမ့်သွားတဲ့ နှလုံးသားအတွက် ××× အနမ်းတွေ မှတ်သိပ်စွာ မျှော်လင့်မိပြီ ×××

ဓာလိုက်ကာ ပြာလွင်လွင်ကိုဖြတ်ပြီး လရောင်မှုန်ပျပျကိုငေးမောကြည့်ကာ ရွှေတွယ်တာ ပင့်သက်ဖြာမိသည်။ ပြန်မတွေးဘဲနှင့် အတိတ်ကအကြောင်းတွေ တရေးရေး ပေါ်လာသလိုပင်။

ရွှေတွယ်တာဘဝမှာ အကျည်းတန်အရုပ်ဆိုးသော ထိုအကြောင်းအရာတွေကို ဘယ်တော့မှ ပြန်သတိမရချင်။ နှလုံးသားမှာ နင့်နေအောင် နာသည်။

"အလင်းတွေလမ်းပြပါ ×××





ဘဝခရီးအဆုံး မင်းရဲ့အလင်းတွေနဲ့ ×××

အစွန့်ပစ်ခံ လရောင်အောက်မှာ ×××

မည်းမှောင်တဲ့ညတွေ ပြီးသွားရင် ×××

ဆုံချင်ပြီ ×××

အချစ်ရေ ×××ကောက်ကျစ်တဲ့

မိုးကောင်းကင်အောက်က ဝေးပြီ ×××

နှုတ်ဆက်ခဲ့လမ်းလေးမှာ ဝေး ××× ဝေး ×××

ဝေးပြီ ×××

တို့နှစ်ယောက်သား ဟိုတုန်းက ဓာတ်ပုံလေးကို

ငေးကြည့်ကာ ××××

သီချင်းလေးက ရင်ထဲကို ဖြတ်သန်းစီးမျောပြီး တွယ်ငြိလာ၏။ အတိတ်ကို ပြန်သတိရသည်။

အချစ်ဆိုတာကို ဒုတိယအကြိမ် မမွေးဖွားချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်နေမိပါပြီ။

ရွှေတွယ်တာ နှလုံးသားက မချစ်ရဲတော့လို့ပါ။ ကိုမင်းမိုးကို လက်ခံဖြစ်လျှင်တောင် မိဘတွေဆန္ဒတစ်ခုကြောင့်ပဲ ဖြစ်လိမ့်မည်။

× × × ×





သူမလေးအမည်ကို စာအုပ်အဖုံးမှာ ရေးထားတာ တွေ့လိုက်ကတည်းက စတင်ပြီး စိတ်ဝင်စားခဲ့ရတာ ဖြစ်သည်။

'ရွှေတွယ်တာ' ဆိုပါလား ...။

'သူမက ဘယ်သူပါလိမ့် ...အတန်းရဲ့ ဘယ်နားက စားပွဲမှာ ထိုင်တာပါလိမ့် ....။

နိုင်ငံခြားဘာသာရပ်တွေ သင်ကြားပေးသော သင်တန်းကျောင်းရဲ့ အင်္ဂလိပ်စာအတန်းတစ်ခုမှာ သူမ ရှိနေတာဟာ သူတို့နှစ်ဦး တွေ့ဆုံခြင်းရဲ့ အစလို့ ဆိုနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ အချစ်ကို ရှာဖွေနေသူတစ်ဦး မဟုတ်ပါ။

ဘဝမှာ ချမ်းတောင့်ချမ်းသာ ပြည့်စုံစွာ နေရဖို့ နည်းလမ်း ရှာနေသူသာ ဖြစ်ပါသည်။

အချစ်ဆိုတာ သူ့ဘဝမှာ မဆန်းသောအရာ၊ အရေးမကြီးလှသောအရာ။ သူသေချာ မယုံကြည်နိုင်သောအရာတစ်မျိုးလည်း ဖြစ်သည်။

"နေရောင် ...အစောကြီးပါလား၊ မင်းလာခေါ်တဲ့ အချိန် ကလည်းကွာ ရှေ့ကအတန်းတောင် မဆင်းသေးဘူး"

"သိပါတယ်"

"ဒီနေ့မှ ဘာကြောင့် ဝီရိယတွေ ပိုသာနေရတာလည်းကွာ လာပါ ...လမ်းထိပ်က လက်ဖက်ရည်ဆိုင် သွားထိုင်တာ ကောင်း ပါတယ်"

"နေဦးကွ ...မဖြစ်သေးဘူး"





"ဘာလို့လဲ"

စန်းလွင်ဦးက မျက်မှောင်ကုပ်ပြီး သူ့ကိုကြည့်သည်။

နေရောင်က စီးကရက်မီးခိုးငွေ့ကို မှုတ်ထုတ်လိုက်ပြီးမှ မထိတထိ တစ်ချက်ပြုံးကာ ...

"ကောင်မလေးတစ်ယောက်ကို စောင့်ကြည့်နေတာ"

"ဒီသင်တန်းကလား"

သူခေါင်းညိတ်သည်။

"အခုဆင်းလာမယ့် အတန်းကလား"

"မဟုတ်ဘူးကွ ...ငါတို့နဲ့အတူတူပဲ"

"ဘယ်သူလဲ"

"ရွှေတွယ်တာ"

"ဩော် ...ကျစ်ဆံမြီးနှစ်ဖက်ခွဲနဲ့ ခပ်အေးအေးကောင်မ လေးလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"မင်းနဲ့တစ်ခြားစီ"

"အဲဒါဘာဖြစ်လဲ"

နေရောင်၏မျက်နှာမှာ ခံပြင်းမှုတစ်မျိုးနှင့် ကွက်ခနဲ ပျက်သွား၏။

စန်းလွင်ဦးက အထက်တန်းကျောင်းကတည်းက သူငယ်ချင်းဆိုတော့ သူ့ဘဝအကြောင်းကို အတော်အတန် သိထားသည်။

သိလို့လည်း ထိထိမိမိ ထိုးနှက်လိုက်တာ …။

"သူ့အိမ်က လိုက်ပို့ရင် မာ့ခ်တူးတွေ၊ ခရောင်းတွေနဲ့ကားတွေက ရှယ်ကြီးပဲ"

"ဟ …မင်းက တယ်သိနေပါလား"

"ငါတို့နဲ့ လိုင်းမတူပါဘူးကွာ၊ သွားမလုပ်ပါနဲ့"

စန်းလွင်စကားကို နေရောင်က မတုံ့ပြန်ပါ။





လူဆိုတာ ကိုယ့်အတွေးအခေါ်၊ ကိုယ့်အယူအဆနှင့်ပဲ။ ဒါကို တခြားတစ်ယောက်နှင့်တူအောင် ညှိနေဖို့မလို။

"ဘေးကနေ မင်းအသာနေ၊ ကြောက်ရင်လည်း ဝင်မပါနဲ့ပေါ့ကွာ"

"မင်း သူ့ကိုလိုက်မလို့လား"

"အခုမှ ကြည့်နေတုန်းပါ"

ဒီကောင် စကားများတာ သိပ်အာရုံပျက်သည်။

အမှန်တကယ် သူ့နံဘေးမှာ စန်းလွင်လို သူငယ်ချင်းမျိုး မရှိသင့်။

ဒီကောင်က ရိုးသားတာလား၊ ပြိန်းတာလား၊ ဘာမှန်းမသိတဲ့ကောင် …။

နေရောင်က သူ့ကို စကားမပြောဘဲ လမ်းထိပ်ဖက် ကားဝင်ရာ လမ်းဆီ လှမ်းကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ရွှေတွယ်တာတို့အိမ်က ကားတစ်စီးဖြစ်သော စူပါဆလွန်းအလုံး နက်ပြာလေးက လမ်းထဲသို့ ဝင့်ကြွားစွာ ခမ်ငြိမ်ငြိမ် မောင်းဝင်လာသည်။

လှတဲ့ကောင်မလေး စီးတဲ့ကားမို့ပဲလား …

အရောင်တူ …မိုဒယ်တူပဲ ဖြစ်ဦး ဒီကားက ပိုပြီး တောက်ပြောင်ထည်ဝါနေတာ အမှန်ပဲလို့ နေရောင်ထင်မိသည်။

ကားပေါ်က ဆင်းလိုက်ပုံလေးက ညင်သာသည်။

သူ့မျက်လုံးတွေကို လွှဲဖယ်မရအောင် ညှို့ယူဖမ်းစားနိုင်လွန်းသည်။

ဆင်စွယ်နှစ်ရောင် ကချင်ထည်ချည်သားလို အစလိုမျိုးလေးကို အထက်အောက်ဆင်တူ ဝတ်ထားသည်။

အင်္ကျီက ကျည်တံလေးတွေပါသော ရင်ဖုံးလက်ပြတ်ပုံ သပ်သပ်ရပ်ရပ်လေးမို့ လှပသော သူမရဲ့ခန္ဓာကိုယ် ကောက်ကြောင်း





နှင့် ကွက်တိပါပဲ။

ခွာချွန်ဖိနပ်အနက်လေးနှင့် လမ်းလျှောက်ပုံက ညင်သာနွဲ့နှောင်းတာကြောင့် ဖက်ရှင်ပွဲဝင်ပြိုင်လာသော ကောင်မလေးအလား ထင်မှတ်ရအောင် အသက်ရှူမှားဖွယ်ပါ။

နေရောင် စူးငေးစွာ စိုက်ကြည့်မှင်သက်နေမိသည်။

မိန်းကလေးတစ်ယောက် စွဲမက်ဖွယ်ကောင်းတယ်ဆိုတာ ဒါမျိုးကို ခေါ်တာဖြစ်မည်။

နေရောင်က ဖျတ်ခနဲ ထရပ်ကာ သူမနောက်မှ လှေကားပေါ် လိုက်တက်ခဲ့သည်။

**ခြေသလုံးသားက အလှတစ်ပါးဆိုတဲ့ သီချင်းစာသားက** လည်း **သိပ်မှန်တာပါပဲလား။**

သူမလေးရဲ့ ခြေသလုံးက အတော်လှတာဖြစ်သည်။

စန်းလွင်ကတော့ စိတ်ပျက်တဲ့ပုံနှင့် ခြေလှမ်းနှေးတုံ့တုံ့



www.burmeseclassic.com

www.burmeseclassic.com



ပါလာသည်။

နေရောင်ကတော့ သူမဆီက ရေမွှေးနံ့သင်းသင်းလေးကို ရှူရှိုက်ကာ ရင်ဖိုလှုပ်ရှားနေမိသည်။

မိန်းကလေးတစ်ယောက်ကြောင့် စိတ်လှုပ်ရှားရတာ ဒါ ပထမဦးဆုံးပါပဲ ရွှေတွယ်တာရယ် ...။

မင်းကတော့ ယုံချင်မှ ယုံလိမ့်မယ်။

ကိုယ်ဟာ ဘယ်မိန်းမကြောင့်မှ ဘဝမှာ မတုန်လှုပ်ပါဘူး လို့ အမြဲတမ်း သွေးနားထင်ရောက်နေတဲ့သူပါ။

မင်းနဲ့ကျမှ အရှုံးပေးရတော့မယ် ထင်တယ်။

ရွှေတွယ်တာက အတန်းထဲဝင်ကာနီးမှာ ဖျတ်ခနဲ တစ်ချက် လှည့်ကြည့်သည်။

လှေကားလက်ရန်းကိုမှီလျက် တွယ်တာကို မော့ကြည့်နေ သူမှာ အရပ်မြင့်မြင့် ခပ်ချောချောနှင့် စူးရှရှမျက်လုံးများကိုလည်း





ပိုင်ဆိုင်သေးသည်။

သို့ပေမယ့် သူ့ရုပ်ကို သူယုံကြည်မှု ပိုပိုသာသာထားရှိတာတော့ သေချာသည်။

ပြုံးစစ ကြည့်တတ်ပုံဟာ မိန်းကလေးတို့စိတ်ကို အလွယ်တကူ ညှို့စားနိုင်မည့်ပုံ။

သူ့အပြုံးမှာ ငေးကာ ရွှေတွယ်တာ ရင်ခုန်မြန်သွားရပါသည်။

အားတုံ့အားနာလေး ရက်စနိုး ပြုံးဖြစ်သည်။

တွယ်တာ့ကို သူ တမင်ထိုင်စောင့်ကြည့်နေတာဟု ထင်မိသောအထင်ဟာ သူ့အမူအရာကြောင့် ပိုမိုခိုင်မာသွားရသည်။

ထို့အတူ ရင်ထဲ ကြည်နူးလှိုက်ဖိုသွားမိသည်။

သူ့ကို နောက်ထပ်မကြည့်တော့ဘဲ စာသင်စားပွဲဝိုင်းမှာ အသာဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တွယ်တာတို့ စာသင်ခန်းမှာ စားပွဲတစ်ဝိုင်းချင်းစီ ထိုင်၍ အတူတကွ စာဖတ်၊ စာဆွေးနွေး၊ သင်ထောက်ကူ ဒီဗီဒီအခွေတွေ ကြည့်။ တစ်ယောက်တစ်မျိုး ဘာသာပြန်ကြ။ ကစားပွဲလေးတွေ ဖန်တီးကြ။ အုပ်စုလိုက် ပိုစတာတွေ ရေးဆွဲကာ ပြိုင်ပွဲတင်ကြ၊ ပန်းချီရေးကြ စသဖြင့် ယောကျ်ားလေး မိန်းကလေး မခွဲခြားဘဲ တန်းတူရည်တူ ပျော်ရွှင်တက်ကြွစွာ နွေးနွေးထွေးထွေး သင်ကြားပေးသော ပုံစံသစ်ဖြစ်သည်။

စာကို အလွတ်ကျက်၊ နောက်တော့ စာမေးပွဲဖြေ၊ ထိုပုံစံမျိုး မဟုတ်သဖြင့် စာသင်ခန်းက ကစားကွင်းနှင့်တူပြီး ပျော်စရာကောင်းသည်။

ငြီးငွေ့ပင်ပန်းခြင်းမရှိဘဲ ကိုယ်စွမ်းကိုယ်စကို ဖော်ထုတ်ပြသဖို့ အခွင့်အရေး ရသည်။ ထို့ကြောင့် သင်တန်းလာတက်ရတာကို တွယ်တာ ပျော်နေမိသည်။





အခုလို မိမိကို ဂရုတစိုက် စောင့်ကြည့်ကာ နူးညံ့ချိုရီသော မျက်လုံးတွေနှင့် ငေးမောတတ်သူတစ်ယောက် နီးနီးကပ်ကပ်ရှိလာတော့ နှလုံးသားမှာ ပူနွေးရှိန်းမြကာ ကျေနပ်မလုံ။

သူတို့အုပ်စုထိုင်တဲ့ စားပွဲက တွယ်တာတို့နှင့် မလှမ်းမကမ်းပါပဲ။

သူက တွယ်တာ့မျက်နှာကို တည့်တည့်မြင်ရအောင် သူ့သူငယ်ချင်းရဲ့ခုံနေရာ လဲထိုင်သည်။ ပြီးတော့ သူတို့ဆီက ခပ်အုပ်အုပ်ရယ်သံ ထွက်ပေါ်လာသည်။

သင်တန်းချိန်စဖို့ နည်းနည်းစောနေသေးသဖြင့် လူလည်း မစုံသေးပါ။

ရောက်နှင့်ပြီးသူတွေက ထွေရာလေးပါး ပြောဆိုဆူညံနေကြသည်။

တွယ်တာက ထိုင်ခုံကို နည်းနည်းနောက်ဆုတ်ကာ သေးက



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးနှင့် ကွယ်လိုက်သည်။

အားမနာ ပါးမနာ ဒီလောက်ကြည့်နေတာ ...။

သူ့ကို စချင်တာလည်း ပါသည်။ သူမမြင်ရအောင် ပုန်းနေချင်မိတာ ရှက်နွေးနွေး ခံစားချက်ကြောင့်လည်း ဖြစ်မည်ထင်တာပါပဲ။

ဘာမှန်း မပြောတတ်ပါ။

ညို့တတ်သော ယောကျ်ားတစ်ယောက်ရဲ့ သိမ်းပိုက်မှုဆန်ဆန် မျက်လုံးတွေဟာ တွယ်တာနှလုံးသားကို ဆွဲဆောင်နေတာမို့ လက်ဖျားအေးကာ ကြောက်လည်းကြောက်မိသည်။

သူ့ကို စတင်သိလိုက်ရသောနေ့ကစလို့ သူဟာ တွယ်တာနှင့် တစ်နည်းနည်း ပတ်သက်လာတော့မှာပဲဆိုတာ စိတ်က အလိုလိုသိနှင့်သည်။

အချစ်ဟာ စစ်ပွဲတစ်ပွဲဆိုရင်တော့ ရွှေတွယ်တာက ပြင်





ဆင်ချိန်မရဘဲ နွဲလိုက်ရတဲ့သူ ဖြစ်နိုင်သည်။

တစ်ယောက်နှင့်တစ်ယောက် သူနိုင်ကိုယ်နိုင် တိုက်ရတော့မည်ဆိုလျှင် တွယ်တာ့မှာ ပရိယာယ်ဆိုသော လက်နက်မျိုး အဆင်သင့် ပါမလာခဲ့ပါ။

ရှင်အနိုင်ယူသွားလည်းပဲ တွယ်တာ ကျေနပ်မိမှာပါ။

ဘုရားရေ ...ငါ့ဦးနှောက်ထဲမှာလည်း သူ့အကြောင်းချည်းပဲ ရောက်နေပါလား ...။

မချစ်ဖူးသေးတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ပထမဦးဆုံး စိတ်လှုပ်ရှားမှုဟာ သိပ်များသိသာနိုင်သလား။

ရွှေတွယ်တာက ကွယ်ထားတာ လုံလုံပြီထင်နေသော်လည်း သူက နောက်တစ်ယောက်နှင့် နေရာထပ်လဲပြန်ရာ ရှေ့မှာ ဘွားဘွားချည်းရှိနေပါလား။

မျက်လုံးချင်းဆုံတော့ သူရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပုန်းနေလို့ မရပါဘူးကွာဆိုတဲ့ ပုံစံအမူအရာမျိုးပါ...

ရွှေတွယ်တာက နှုတ်ခမ်းလေးကိုက်လို့ ရှက်စနိုး ခေါင်းငုံ့ချမိသည်။

"ဟော့ ...ရွှေတွယ်တာ"

"ဟင်"

"မနက်ဖြန် လိုက်မှာလား"

"ဘယ်ကိုလဲ"

"ဟယ်...ငါတို့ ဒီလောက်ဘေးကနေ ပြောဆိုနေတာ သူမကြားဘူးမော့၊ ဟ ...ဟ စိတ်တွေ ဘယ်ရောက်"

"ရွှေမင်းသားဆီရောက်"

စားပွဲဝိုင်းက သူငယ်ချင်းတွေ ရိပ်မိစွာ အတိုင်အဖောက်ညီညီ စ,ကြသည်။

"ကိုကိုက ရွှေမင်းသား၊ ကျွန်မက စင်ဒရဲလား"





"ဟဲ့ ...သွားမကြည့်နဲ့လေ၊ ရိပ်မိသွားဦးမယ်"

ထိုနေ့မှာပဲ တစ်ဝိုင်းထဲထိုင်သော သူငယ်ချင်းတို့က သူ့အကြောင်းကို စတင်ပြောကြတာ။

"ပုံစံလေးကတော့ အမိုက်စားပါပဲ"

"နာမည်ကလည်း နေရောင်တဲ့"

"နင်တို့ ဘယ်လိုသိတာလဲ"

"ပြီးခဲ့တဲ့စနေက ဂိမ်းအစီအစဉ်မှာ သူနဲ့ငါနဲ့ တွဲရတယ်"

"ဟိ...ဟိ တွဲရတယ်တဲ့"

"အတူတူကစားရတာကို ပြောတာပါနော်"

ဇင်မာက မျက်စောင်းရွယ်ကာ ဖြေရှင်း၏။

ရွှေတွယ်တာက မျက်မှောင်လေးကုပ်ထားမိသည်။

မထင်မှတ်စရာ ကောင်းရအောင် သူ့ကို သင်တန်းကမိန်းကလေးတွေ စိတ်ဝင်စားကြတာ သိသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ဆွဲဆောင်မှုက ထင်ရှားနေသည်။

“ဇင်မာရယ် …နင်နဲ့မို့ပေါ့၊ ရွှေတွယ်တာနဲ့ဆိုရင်တော့ ဓာတ်လမ်းပဲ”

အုပ်စုထဲမှာ မျက်ခုံးထူထူနှင့် အလှမပြင်လှသော ရွှေတွယ်တာကိုမှ နေရောင်က စိတ်ဝင်စားပုံရသည်မဟုတ်လား။

“လျှောက်မပြောပါနဲ့ဟယ်”

“ငါတို့လျှောက်မဖွလည်း …သူက နင့်ကို လှုပ်ရှားမယ့်ပုံကြီးပါနော်”

“ဟော …တွေ့လား၊ ရယ်နေတယ်”

“သူ့ဘာသာရယ်တာပဲ”

“သိပ်ကြည်နူးနေတဲ့ပုံပါ”

သူ့အပြုံးကလည်း ပြောစမှတ်ပြုရအောင် ချိုမြူးနေတာ အမှန်ပါ။





ပြုံးမျက်နှာနှင့် စူးစိုက်စွာ ကြည့်နေပုံဟာ တွယ်တာ့အာရုံထဲကို အလွန်နက်ရှိုင်းစွာ တိုးဝင်လှုပ်ခတ်စေသည်။

သူ့ကို မော့မကြည့်ရဲတော့တာမို့ ဆရာဝင်မလာခင် စာအုပ်ကြီးဖွင့်ပြန်တော့လည်း ဘေးက စ,ကြ နောက်ကြပြန်သည်။

“ဟော့ …ဒီနေ့ကစပြီး စာကြိုးစားတော့မယ်၊ ရည်းစားလုံးဝမထားဘူး၊ ကြားလား”

“မေမေရေ …သမီးက ငယ်သေးတယ်နော်”

ရွှေတွယ်တာတို့ မေမေက တစ်ခါတစ်ရံ ကျူရှင်လိုက်ပို့တတ်သလို သူ့သမီးကို မျက်စေ့အောက်က အပျောက်မခံနိုင်အောင် ချစ်တတ်တာလည်း သိထားတော့ သူငယ်ချင်းတွေက မေမေနဲ့ တိုင်မှာပဲဟု နိုင်ရာဖိပြီး စ,နေတော့တာ။

ရွှေတွယ်တာ သူတို့ကို စိတ်မဆိုးပါ။

ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ချစ်တော့မလိုလို အရိပ်အယောင်တွေ တွေ့ရရင် ဒီလိုပဲ စ,ချင်စရာကောင်းတတ်သလား။

တွယ်တာ မတွေးတတ်။

ဒါပေမယ့် သူတို့စ,နေတော့ ပိုရှက်ရသလို ပျော်လည်းပျော်ရွှင်ကျေနပ်မိသလိုပါပဲ။

“စားမလား”

ဟိုဘက်က ပီကေ လှမ်းပေးတော့ ဒီဘက်ကလည်း အချဉ်ထုပ်တွေ၊ နေကြာစေ့တွေ ပြန်ပေးသည်။

ဟိုဘက်စားပွဲနှင့် တွယ်တာတို့စားပွဲ အပေးအယူမျှကာ ရှုပ်ယှက်ခတ်နေဆဲမှာပဲ အခန်းထဲကို ဆရာ ဦးစိုးလွင် ဝင်လာတာကြောင့် တစ်ခန်းလုံး တိတ်ဆိတ်သွားရသည်။

*ရွှေတွယ်တာ ...*

*အချိန်ရရင် ကော်ဖီဆိုင် အတူတူထိုင်ချင်တယ်။*

*ပလိစ် ...နှစ်ယောက်ထဲနော် ...။*

*သူငယ်ချင်းတွေ ခေါ်မလာနဲ့။*

*နေရောင်*





သူ့ဆီက စာတိုလေးတစ်ရွက် ရောက်လာလျှင် သူငယ်ချင်းတွေက ခေါင်းချင်းဆိုင် ဖတ်ကြသည်။

ပြီးလျှင် မခံရပ်နိုင်စွာ ခုန်ဆွခုန်ဆွနှင့် ...

“လိုက်မှာပဲ ...လိုက်မှာပဲ”ဟု ခပ်ကျယ်ကျယ် အော်ဟစ်ကာ အားလုံးလိုက်ဖို့ တာဆူထားကြလေသည်။

အဲလိုရေးမှ ပိုဆိုးနေပြီ နေရောင်ရေ။

သိရဲ့လား ...။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



သူချိန်းသော ဟမ်ဘာဂါဆိုင်လေးထဲကို ဝင်လိုက်သည်ဆိုလျှင် ရွှေတွယ်တာ လက်ဖျားတွေ အေးစက်လာသလို စိတ်တွေလည်း လှုပ်ရှားနေမိကာ နံဘေးက ဇင်မာ့လက်ကို ဆုပ်ထားမိသည်။

"ဟဲ့ …ဟိုမှာ"

နေရောင်က စားပွဲမှထကာ ရွှေတွယ်တာ့ကို ဆီးကြိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့နှုတ်ခမ်းက အပြုံးမှာ ကျေနပ်သွားသောအပြုံး။

"ရောက်နေတာ ကြာပြီလား"

"ဆယ်မိနစ်လောက်ရှိမယ်"

"နည်းနည်းနောက်ကျသွားတယ်"

"ရပါတယ်"

"ရှင်မခေါ်တော့ ကျွန်မတို့က ရအောင်လိုက်လာတာ၊ ဟင်း …ဟင်း"

ခင်မာနှင့် မို့မို့က ရယ်ရယ်မောမော ဝင်နောက်သည်။

"ဟိတ် …တွယ်တာ၊ စားပွဲခွဲမထိုင်ရဘူးနော်၊ ငါတို့နဲ့ပဲ အတူတူထိုင်ရမယ်"

"ဟာ …အဲဒါတော့ မဖြစ်ဘူးဗျ"

"ဘာလို့လဲ ကိုနေရောင်ရဲ့"

"ကျွန်တော်က ရွှေတွယ်တာကို အခုချက်ချင်းပဲ ပရိုပို





လုပ်မှာ၊ ဒါကြောင့်ပါ"

"ဟင် …ပေါ်တင်ကြီး"

"နောက်ကျလို့ မဖြစ်ဘူးလေဗျာ၊ နော် …တွယ်တာ၊ ကျွန်တော်တို့နှစ်ယောက် ဟိုဆိုဖာဝိုင်းလေးမှာ သီးသန့်ထိုင်ရအောင်"

သူက တွယ်တာ့ကို ခေါ်ဆောင်သဖြင့် တွယ်တာ သူငယ်ချင်းတွေဖက် အားတုံ့အားနာ ကြည့်မိသည်။

"ရပါတယ်ကွာ …သူတို့နားလည်ပါတယ်"

"ဒီတစ်ခါတော့ ရှိပစေ၊ တွယ်တာ နာရီဝက်ပဲ အချိန်ရတာနော်၊ တော်ကြာ နင့်အိမ်က လာကြိုနေတော့မှာ"

"အင်းပါ"

တော်တော်ရှုပ်တဲ့ ကောင်မလေးတွေပါလား …။

နေရောင်သည် ပြုံးရယ်နေသော်လည်း စိတ်ထဲမှာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရွှေတွယ်တာရဲ့ သူငယ်ချင်းမလေးတွေကို ကြည့်မရပေ။

ကာယကံရှင်ထက်ကို ပိုအဖြစ်သည်းပြနေကြတာ မဟုတ်လား။

ဇင်မာတို့ကလည်း သူတို့ကို မျက်နှာမလုပ်လှဘဲ တွယ်တာ့ကိုသာ ချက်ချင်းခွဲထုတ် အပိုင့်စီးချင်ပုံရသော နေရောင်ရဲ့ လိုရင်းဆန်လှသော အပြုအမူ၊ အပြောအဆိုတို့ကို သဘောမတွေ့ချင်ပေ။

ရွှေတွယ်တာကလည်း သိပ်အ,တာကိုး။ သူ့ကို နှစ်သက်လိုလားပုံရတာ အသိသာကြီးကိုး။

ဟိုက ရောင့်တက်တော့မပေါ့။

ဇင်မာတို့သုံးယောက်သား စားပွဲဝိုင်းမှာ ခေါင်းချင်းဆိုင်ကာ ဟမ်ဘာဂါစားရင်း အတင်းအုပ်နေမိကြသည်။

တွယ်တာကတော့ မှိန်ပျပျ၊ ပြာလဲ့လဲ့ ဆိုင်ခန်းလေးထဲ





သူ့မျက်နှာကို မကြည့်ရဲအောင် ရှက်နေမိကာ မျက်နှာငုံ့ထားမိသည်။

"တွယ်တာ ...ဘာစားမလဲ"

"ရပါတယ်၊ ပိုကာ့ပဲ သောက်မယ်"

"အောရင့်လား ...တစ်ခုခုစားဦးလေ"

နေရောင်ပဲ မှာပေး၏။

ပြီးတော့ ဝိတ်တာလေးထွက်သွားတာနှင့် မထင်မှတ်ဘဲ စားပွဲပေါ်တင်ထားတဲ့ သူမလက်ကို ဖျပ်ခနဲ ဆုပ်ကိုင်ပြီး ...

"အရမ်းချစ်တယ် ...မြင်ကတည်းက ချစ်တယ်၊ ဘယ်လိုချစ်မှန်းကို မသိဘူးဗျာ"

တွယ်တာ လန့်ဖျပ်စွာ လက်ကိုရုန်းသည်။ သူငယ်ချင်းတွေ တွေ့သွားမည်လေ။

"အေးလူတွေကို သိပ်ဂရုမစိုက်ပါနဲ့ဗျာ၊ ထားလိုက်ပါ၊ ဒီမှာ ကျွန်တော့်မျက်နှာကိုပဲကြည့်၊ ခင်ဗျားကို ချစ်လို့ သေနိုင်



www.burmeseclassic.com

တယ်၊ ဘယ်လိုလုပ်ရမလဲ''

''အို …ဖြေးဖြေးကြောစမ်းပါရှင်''

''ဟာ …ဖြေးဖြေးမရဘူး၊ အချိန်လည်းမရှိဘူး၊ မြန်မြန်ပဲ၊ ကျွန်တော်တို့ ဒီညနေ ရုပ်ရှင်ကြည့်ရအောင်''

''ဟင့်အင်း …ဘယ်ဖြစ်မလဲ၊ မေမေကိုယ်တိုင် လာကြိုမှာ''

''တွယ်တာက သိပ်ကြောက်တတ်တယ်နော်''

''အဲလိုလည်း မဟုတ်ပါဘူး''

''ဒါဆိုရင် သတ္တိရှိလား၊ တကယ်သတ္တိရှိမရှိ ကျွန်တော် စောင့်ကြည့်မယ်''

သူသည် တစ်ထိုင်တည်း ရည်းစားစကား တန်းပြောသလို တွယ်တာ့ကိုလည်း ချစ်သူတစ်ယောက်လို ကြင်နာယုယစွာ တို့ထိချင်ပုံဖြင့် နဖူးပေါ်က ဆံနွယ်တို့ကို ဖွဖွသပ်တင်ပေးသည်။



''တွယ်တာ့ဆံပင်လေးတွေက ပျော့နေတာပဲနော်၊ ပြီးတော့ သိပ်လှတာပဲ၊ ကျွန်တော့်သူငယ်ချင်းက ပြောတယ်၊ အဲဒီကောင်မလေးက အရမ်းအေးတဲ့ပုံပဲတဲ့၊ ခင်သွားမချစ်နဲ့တဲ့၊ ဘယ်ရမလဲ ကျွန်တော်ချစ်တာ ချစ်မှာပဲ၊ ဒီကောင်မလေး ကျွန်တော့်ကိုကျ လူရှုပ်ထင်နေတယ်၊ တကယ်တမ်း ကျွန်တော် လူရှုပ်လည်း မဟုတ်ပါဘူးဗျာ၊ သိရဲ့လား တွယ်တာ၊ တစ်ခုကြိုပြောထားမယ်၊ ဘယ်သူ့စကားမှ နားမယောင်နဲ့ဗျ၊ သိလား၊ ကျွန်တော့်စကားပဲ ယုံ၊ ကျွန်တော့်ထက်ပိုပြီး ရွှေတွယ်တာအပေါ်မှာ ဘယ်သူက ကောင်းနိုင်ဦးမှာလဲဗျာ၊ မဟုတ်ဘူးလား''

သူပြောနေပုံက နူးညံ့ချိုသာစွာ လှိုက်လှဲနေသည်။

သူ့စကားသံ တိုးကိုးက တွယ်တာ့ နှလုံးသားထဲ ညင်သာစွာ တိုးဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်မှန်းမသိ သူ့ကို ဖွတ်မှိတ်ယုံစားမိတာ အမှန်ပါ။

သူဟာ ဘယ်လိုလူစားဖြစ်မလဲ တွယ်တာမသိ။ သူ့နောက်ကြောင်းလည်း ဘာဆိုဘာမှမသိ။

ဒါပေမယ့် သူပြောသလိုပဲ မြင်မြင်ချင်းပဲ သူ့ကို စိတ်ဝင်စားမိသည်။ ပြီးတော့ အလိုလို ယုံကြည်မိသည်။

နီးနီးကပ်ကပ် စကားပြောခွင့်ရတော့ တွယ်တာ ရင်ဖိုကာ သူ့ကို ချစ်မိပြီဆိုတာ သေချာသည်။

"ကျွန်တော့်ကိုချစ်လား"

ခပ်တိုးတိုးကပ်မေးတော့ တွယ်တာ ရယ်မိသည်။

"ဖြေလေဗျာ ...ရယ်စရာပြောတာ မဟုတ်ဘူး၊ သိချင်လွန်းလို့ မေးနေတာဗျ"

"ရှင်သိနေပြီ မဟုတ်လား"





"ဟာကွာ ...ဘာရှင်လဲ၊ မောင်လို့ခေါ်"

"အမယ်"

"အဲလို နှုတ်ခမ်းမစူနဲ့နော်၊ ကျွန်တော် အရမ်းချစ်မိမယ်"

"ဘယ်လိုဖြစ်နေသလဲ၊ ဟိုဘက်နည်းနည်းတိုး"

"မရဘူး ...အရမ်းချစ်လို့၊ ဖြေလိုက် ...ချစ်လား"

"အင်းပါ"

"မကြားရဘူးကွာ ...ထပ်ပြော မောင့်ကိုချစ်တယ်လို့"

သူသည် တွယ်တာ့ကို အချိန်ယူဖို့၊ စဉ်းစားဖို့၊ မှုနေဖို့ပင် အခွင့်အရေးမပေးခဲ့ပါ။

တွယ်တာကလည်း ထိုအချိန်က ဘာကြောင့်မှန်းမသိ သူ့ကို မငြင်းရက်ဘဲ အားနာလိုက်လျော့လွယ်ခဲ့သည်။

အချစ်စိတ်သည် အလွန်ဆန်းကြယ်သည်ပဲ ဆိုရမည်။

အိမ်ပြန်ရောက်တော့ ကိုနေရောင်ကို ခေါင်းညိတ်ခဲ့ပြီဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ကိုယ့်ဘာသာ မယုံနိုင်သလို ဖြစ်နေသည်။

ငါတကယ်ပဲ ရည်းစားတစ်ယောက် ရှိနေခဲ့ပြီဆိုသော ခံစားချက်အသစ်က ရင်ခုန်ယစ်မူးဖွယ်တော့ အကောင်းသားပါပဲ။

စာကြည့်စားပွဲမှာ ထိုင်မိတော့လည်း အပို။ စာဖတ်လို့လည်း မရ။ ကိုနေရောင်ရဲ့ မျက်နှာကိုပဲ မြင်နေပြီး သူ့စကားသံတွေပဲ ကြားယောင်သည်။

ပြုံးနေသော သူ့မျက်နှာကို မြင်တွေးမိလျှင် တွယ်တာ့နှုတ်ခမ်းလေးတွေ အလိုလိုပြုံးလာရသည်။

ကိုနေရောင်က ကော်ဖီဆိုင်က အထွက်မှာ မနက်ဖြန်တွေ့ကြဖို့ တစ်လက်စတည်း ချိန်းခဲ့သည်။

ဇင်မာတို့က မေးမြန်းစပ်စုကြရာ ရွှေတွယ်တာက သူ့ရည်းစားစကား ပြောတယ်ဆိုတာပဲ အသိပေးပြီး သူမဘက်က အဖြေပေးလိုက်ပြီဆိုတာ ဖွင့်မပြော။ နှလုံးသားရေးရာမှာ တစ်ပါး





သူတွေ ဝေဖန်မှာ မလိုလားခဲ့ပါ။

အချစ်ဆိုတာ တိုင်ပင်နှီးနှောပြီးမှ ကောက်ချက်ချ အဖြေထုတ်ရတာမျိုး မဟုတ်ဘူးလို့ တွယ်တာ ထင်သည်။

စိတ်ထဲရှိတဲ့အတိုင်း ချစ်စရာရှိ ချစ်လိုက်ရတာပဲ ပျော်သည်။

ကျန်တာ ဘာမှမစဉ်းစားချင်။

သူမ ချစ်သူရသွားပုံဟာ သိပ်မြန်ဆန်လွန်းလှတာ မှန်ပေမယ့် ကိုနေရောင်ရဲ့ အချစ်တွေကို တွယ်တာ ယုံကြည်မိသည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



“မင်းကိစ္စထဲ ငါမပါဘူးနော်၊ ဒါပဲ”

“မပါနဲ့ကွာ …ဒါကြီးပဲပြောနေတာပဲ၊ ကျွတ်”

စန်းလွင်ဦးက သူ့ကို ဘုဆတ်ဆတ်ကြည့်သည်။

ဒီကောင် သက်သက်မနာလိုတာပဲဖြစ်မည်။

တော်ကယ်ဆို သူနဲ့အလွတ်ကြီး။

သူငယ်ချင်းဖြစ်ရုံနှင့် နေရာတကာ ဆရာကြီးလုပ် ပေဖန်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာသာ ရည်းစားရသွားတာ ဘာဖြစ်သလဲ။

သူဌေးသမီး ချောချောလေးကို ကြိုက်မိတော့ ဘာဖြစ်သလဲ။

ကိုယ့်ကုသိုလ်နဲ့ ကိုယ်ပဲမဟုတ်လား။

"မိန်းကလေးတွေကလည်း ရုပ်ချောတာကို တော်တော်မက်တာပဲ၊ အကျင့်စာရိတ္တကို မလေ့လာတော့ဘူးလား"

"စန်းလွင်ဦး ...မင်းတော်တော့၊ ငါ့ကိုယ်ရေးကိုယ်တာ မင်းနဲ့မဆိုင်ဘူး"

"ဩော် ...နေရောင် မင်းက ဒီလိုကြေးလား၊ မင်း အိမ်ပေါ်က ဆင်းလာတုန်းက အိမ်ပေါ်တင်ပြီး ကျွေးထားတာ ဘယ်သူလဲ၊ မင်းပြဿနာတက်လာတိုင်း လိုက်ရှင်းပေးတာ ဘယ်သူလဲ၊ မင်းလို အမြဲတမ်း မြွေဖမ်းနေတဲ့ကောင်ကို ဘယ်သူ စိတ်ရှည်လဲ၊ မင်းဖက်က ကောင်းကောင်းဆိုးဆိုး မင်းအပေါ် ရဲဘော်





ရဲဘက်စိတ်ထားတဲ့ သူကိုမှ မင်းက ကန့်ချင်တယ်ပေါ့လေ၊ ရတယ် ...ရတယ် ..သိပ်ရတယ်၊ စောင့်ကြည့်လိုက်ဦးမယ် ပွဲပြီးအောင်လို့"

"လာကျိန်ဆဲမနေနဲ့ ...စကားကို ယောက်ျားပီပီသသပြော၊ ငယ်ကျိုးငယ်နာဖော်လို့လည်း ဂရုမစိုက်ဘူးကွ၊ နားလည်လား၊ နေရောင်ဆိုတာ မိဘမဲ့တစ်ကောင်ကြွက်၊ ဘဝမှာ ကြုံသလို ဘူသလို ရှင်သန်လာတာ၊ ငရဲကျနေတဲ့လူဆိုတာ ဖြာပူတာလောက်ကို တဖွဲ့ဖွဲ့မလိုဘူး၊ မင်းပြောချင်ရာပြော၊ ငါလုပ်ချင်ရာ ငါလုပ်မှာပဲ၊ ဘယ်သူ့တားတား နာခံမယ့်ကောင်မဟုတ်ဘူး"

"မင်းဆိုတဲ့ကောင်က ကျေးဇူးကန်းဖို့ ဝန်မလေးဘူးဆိုတာ သိပါတယ်၊ ဦးကောင်းစံလို မင်းကို တောက်လျှောက်လိုက်ကာပြီး ပညာသင်ပေး၊ မြှင့်တင်ပေးတဲ့သူ ရှိနေလို့လည်း မင်း ဒီလောက် ဘဝင်မြင့်ရဲတာပါ"

"လူကြားကောင်းအောင် မွေးစားတယ် ဘာညာပြောတာ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းမသိရင် ပြောပြလိုက်မယ်၊ ငါက သူ့အိမ်မှာ အောက်ခြေသိမ်း အဆင့်ပါ''

နေရောင် ကိုယ့်ဘဝကိုယ် စိတ်နာတာအမှန်။

ပညာသင်ပေး …ကျောင်းထားပေးတယ် ဆိုပေမယ့် သူဟာ ဦးကောင်းစံတို့အိမ်မှာ မာလီလည်းဟုတ်၊ ဒရိုင်ဘာလည်း ဟုတ်။ တစ်အိမ်လုံးရဲ့ အောက်ခြေသိမ်း ခိုင်းဖတ်တစ်ယောက်ပါပဲ။

စာကျက်ချိန်ကို ကိုယ့်အိပ်ချိန်ထဲကပဲ ဖဲ့ပေးလာရတာ။

ခရီးထွက်ရင်လည်း လိုက်သွားရသေးသည်။

စာမေးပွဲကျတော့ အပြောအဆိုခံရသည်။ အထူးသဖြင့် ဦးကောင်းစံရဲ့ဇနီးက သူ့ကို တော်တော်နှိမ်သည်။

အခုလည်း ကုမ္ပဏီမှာ အလုပ်တစ်နေရာပေးဖို့အရေးကို အင်္ဂလိပ်စကားပြော ညံ့သည်ဆိုပြီး သင်တန်းကို အရင်တက်ခိုင်း တာဖြစ်သည်။





သူ့သဘောနှင့်သူဆို တက်မှာမဟုတ်။

ထိုသို့ ကုမ္ပဏီမှာ အလုပ်တစ်နေရာ ရဖို့ကိုပင် သူ့ဘက် က အပေးအယူ လုပ်ခဲ့ရပါသေးသည်။

ထိုအကြောင်းကို စဉ်းစားလိုက်တိုင်း နေရောင် စိတ်တို သည်။ ကိုယ့်ကိုယ်ကို မကျေနပ်။ ကိုယ့်ဘဝကိုယ် မကျေနပ်။

အမြဲတမ်း ခက်ခဲကြမ်းတမ်းကာ အနှိမ်ခံဖြစ်သော သူ့ ဘဝသူ စိတ်နာလှပါသည်။

"ဘာပဲဖြစ်ဖြစ် သူတို့မိသားစုက မင်းအပေါ်မှာ ကျေးဇူး ရှိတာပဲ၊ မင်း ကတိပေးထားပြီးမှ ဒီလိုတွေ ခြေရှုပ်နေရင်"

"ခြေမရှုပ်ပါဘူး …ဒါအတည်"

"မနေ့က ကောင်မလေးကို ဘယ်မ,သွားတာလဲ၊ တစ်နေ ကုန်ပျောက်နေတယ်"

နေရောင်က မပြော။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသဘောတူ သွားလာလည်ပတ်တဲ့ကိစ္စကို သူက လာပြီး စွဲချက်တင်ချင်သေးတာကြည့်။

"သွားမှာသားသိရင် မင်းမလွယ်ဘူး၊ ပြဿနာတက်မှာ"

"တက်တက်ကွာ"

နေရောင်လည်း စိတ်မရှည်။ ပြန်ပြီး ဘုတောပစ်လိုက်သည်။ ထိုနေ့က သူနှင့်စန်းလွင်ဦး အခြေအတင် စကားများကြရင်း မခေါ်မပြော အခြေအနေထိ ရောက်သွားသည်။

ခေါင်းမာပြီး တစွတ်ထိုးဆန်သော နေရောင်ကတော့ နောင်တမရပါ။

ဒီကောင် ဘေးကနေ ဦးနှောက်စား၊ နားညည်းနေတာတွေ သက်သာသွားတာ သူက ပိုတောင်ကြိုက်ပါသည်။

× × × ×





နေရောင်နှင့် စန်းလွင်ဦးတို့ သင်တန်းမှာ တစ်ယောက်တစ်နေရာ ခွဲထိုင်ပြီး အရှင်းစကားမပြောတော့သလို ဒီဘက် မိန်းကလေးအုပ်စုမှာလည်း ဇင်မာတို့ကတစ်ဖက်၊ တွယ်တာက တစ်ယောက်တည်းနှင့် တစ်ဖက် ပြဿနာတွေ ဖြစ်နေရပါသည်။

"တွယ်တာ ...နင် အတန်းလစ်နေတာ အရေးမကြီးဘူး၊ နင့်အမေက ငါတို့ချည်း လာမေးနေတာ၊ သူငယ်ချင်းဆိုတော့လည်း ဘေးထွက်လက်ပိုက်ကြည့်နေလို့ မကောင်းဘူး၊ တော့နာနဲ့ပြော

www.burmeseclassic.com



နေရတာ၊ သိလား”

“ဟုတ်တယ် …နေရောင်အကြောင်းလည်း နည်းနည်းပါးပါး စုံစမ်းကြည့်ဦး၊ လိပ်စာပေးတော့သာ ကောင်းစံကုမ္ပဏီ၊ သူတကယ်နေတာ ရွှေပြည်သာလို့ ပြောတာပဲ”

“အဲဒါ သူ့သူငယ်ချင်းအိမ်ပါ”

တွယ်တာက နေရောင်ဘက်မှ ကာကွယ်ရပ်တည်သည်။

“အစက ကောင်းစံကုမ္ပဏီပိုင်တဲ့ခြံမှာ သူက ခြံစောင့်တဲ့”

“ဘာ …အဲဒါ သူ့သူငယ်ချင်း စန်းလွင်ဦး သက်သက်အပုပ်ချတဲ့သဘော၊ သူ တွယ်တာ့ကို အကုန်ပြောပြတယ်၊ ဦးကောင်းစံက သူ့ကို ငယ်ငယ်ကတည်းက ခေါ်ပြီး မွေးစားခဲ့တာပါ၊ အခုလည်း ကောင်းစံကုမ္ပဏီမှာ အလုပ်ပေးဖို့ပါ”

သူတို့စကားကို ရွှေတွယ်တာ နားခါးသည်။





လိုတာထက် ပိုနှိမ့်ချချင်တာ ဘာကြောင့်လဲ။

အစတုန်းကတော့ သူတို့ပဲ ကိုနေရောင်ကို ချောလိုက်တာ၊ မိုက်လိုက်တာနှင့် ပိုင်းဝန်းသဘောကျ အမှတ်တွေပေးခဲ့တာပါ။

ရွှေတွယ်တာ ဘာမှမသိခင်ကတည်းက သူတို့က နေရောင့်နာမည်ကိုရော၊ နေရောင်ရဲ့ အကြောင်းတွေပါ ကြိုသိနေခဲ့ကြတာ။ ကြိုပြီး စိတ်ဝင်စားနေခဲ့ကြတာ။

အခု ရွှေတွယ်တာတို့ ချစ်သူဖြစ်သွားပြီဆိုမှ သဘောထားအမြင်တွေ ပြောင်းကုန်တာ။

ချစ်သူဘက်မှ နာခံခက်သဖြင့် ဇင်မာတို့အပေါ် တွယ်တာ စိတ်ခုလာရသည်။

နေရောင်ကသာ သူတို့ထဲက တစ်ယောက်ယောက်ကို ရည်းစားစကားပြောရင် သူတို့လည်း လက်ခံမှာပါ။ ထိုအခွင့်အရေးကို ခပ်အေးအေးနေတတ်တဲ့ ရွှေတွယ်တာက မမျှော်လင့်ဘဲ ရရှိ

ဝိုးဝိုး ◈ စာပေ

www.burmeseclassic.com



သွားတော့ သူတို့ နေရင်းထိုင်ရင်း ဂျဲလက်စီဖြစ်ကုန်တာဟု တွယ်ဟာ ထင်သည်။

ဒီယောကျ်ားလေးတစ်ယောက်ကို အခုပဲ အကောင်းတွေ ခွပ်ပြောပြီး နောက်ရက်ပိုင်းလေးခြားတာနှင့် လူဆိုးစာရင်း၊ တောလေ ဂျိုးစာရင်းကို မရအရသွင်းတာဟာ စိတ်သဘောထား မှန်ကန် တယ်လို့ ယူဆလို့ရမလား။

ထိုသို့သော စေတနာဟာ ဖြူစင်ပါတယ်ဟု ပြောလို့ရ မှာတဲ့လား။

တွယ်တာတော့ မယုံရေးချမယုံ။

ဘေးလူကြားစကားတွေထက် ချစ်သူစကားကိုသာ ယုံကြည်ချင်ပါသည်။

ထို့ကြောင့်လည်း ရွှေတွယ်တာက ပြတ်ပြတ်သားသားပဲ ကိုနေရောင်ဖက် ရပ်တည်ခဲ့သည်။



ဘယ်သူတွေ ဘယ်လိုပဲပြောကြပစေ…။

နေရောင်က သူမအပေါ် ကြင်နာယုယ အလိုက်သိသည်။ အကြိုက်ဆောင်သည်။ အလျှော့ပေးသည်။ အလေးအနက်ထား ဦးစားပေးသည်။ သူမမျက်နှာ တစ်ချက်ကလေး မညှိုးစေရပါ။

သူ့ရင်ခွင်ဟာ တွယ်တာ့အတွက် အလွန်သာယာနွေးထွေးလှသော ကမ္ဘာသစ်ကလေးတစ်ခု။

"တွယ်တာရယ် …မောင့်ဘဝမှာ မိန်းကလေး တစ်ယောက်ကို ဒီလောက်ထိ ချစ်မိလိမ့်မယ်လို့ တစ်ခါမှ မထင်မိ ဘူး၊ တွယ်တာက မောင့်အတွက် သိပ်ထူးဆန်းတယ်၊ မောင်လေ တွယ်တာ သေဆိုသေ၊ ရှင်ဆိုရှင်မယ့်ကောင်ပါ။ မောင့်အပေါ် ဘယ်တော့မှ မရက်စက်ပါနဲ့ကွာ၊ တွယ်တာ ရက်စက်ရင် မောင် ငိုရလိမ့်မယ်၊ မောင် အသည်းကွဲရလိမ့်မယ်"

"အို …ဘာတွေလျှောက်ပြောနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"တွယ်တာ့မေမေသာ သိသွားရင်"

"မသိပါဘူး"

"တစ်ခုခုဆို မောင့်နောက်လိုက်ခဲ့ရမယ်နော်"

"သဘောတူလာအောင် အတူတူကြိုးစားတာပေါ့"

"သေချာပါတယ် …သဘောတူဖို့ကတော့ ဒီတစ်သက် မဖြစ်နိုင်ဘူး၊ ဟိုနေ့က မောင့်ကို ကားထဲက လှမ်းကြည့်သွားပုံကို ကြောက်တောင်ကြောက်တယ်"

မောင်က ပုခုံးတွန့်ပြသည်။

"မေမေက အဲလိုသဘောဆိုးဆိုး မဟုတ်ပါဘူး၊ တွယ်တာ့ကို စိတ်မချတတ်တာတစ်ခုပါ"

"အင်း …အဲလို အမေက ဝှက်ထားချင်တဲ့ ကောင်မလေးမို့လို့လည်း မောင်က ပိုချစ်မိတာကွ သိလား"

ပြောပြောဆိုဆို မောင်က တွယ်တာ့ကို ရင်ခွင်ထဲ ဆွဲသွင်း





ကာ တင်းတင်းဖက်ထားလိုက်သည်။ ထို့နောက် သူ့အနမ်းလေးတွေ က တွယ်တာ့ကို အရာရာမေ့နေအောင် ယိုင်နဲ့ယစ်မူးစေသည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



လှော်ကားဥယျာဉ်ကအပြင်မှာ တွယ်တာမျက်နှာလေးက ငိုယန်းမှုနှင့် အနည်းငယ် နွမ်းနေပေမယ့် သူမရဲ့အပြုံးလေးကတော့ သစ်လွင်လတ်ဆတ်နေသည်။

မောင် တစ်ချိန်လုံး အနားမှာရှိသဖြင့် ရင်ထဲမှာ အလိုလို ပျော်နေရတာအမှန်။

အချစ်သည် သူမအတွက် စွမ်းအားနှင့် ထူးဆန်းသော အတွေ့တွေကို ပေးအပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုညနေက သူမက အင်္ကျီဖြူလွလွနှင့် အပြာအပွင့်နုပ်နုပ် စကာဒ်ထူလေးကို ဝတ်ထားပြီး ကျစ်ဆံမြီးနှစ်ဖက်ခွဲကျစ်ထားသည်။

မောင်က သူမကျစ်ဆံမြီးလေး နှစ်ဖက်ကို ခပ်ဆဆ ကိုင်တွယ်ကြည့်ရင်း ...

"မခွဲချင်တော့ဘူးကွာ" ဟု မချင့်မရဲ ဆိုလာသည်။

တွယ်တာက မျက်လုံးလေး ပြူးပြလိုက်သည်။

"တကယ်ပဲကွာ ...အိမ်ကို လုံးဝမပြန်ချင်တော့ဘူး"

"ဘုရားရေ ...မောင် ဘယ်တွေလျှောက်သွားမလို့လဲ"

"မသွားပါဘူး ...တွယ်တာ့နားကနေ ဘယ်သွားရော့ရှိဦးမှာလဲ"

ထိုနေ့က သူ့စကား၊ သူ့အကြည့်တို့က အဓိပ္ပာယ်တစ်မျိုးနှင့် နက်ရှိုင်းနေခဲ့သည်။





ဒီနေ့ တွယ်တာတို့ သင်တန်းပြီးသွားလို့ မနက်ပိုင်းက သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပသည်။

သီချင်းတွေဆိုကြ၊ မုန့်တွေစားကြနှင့် ပျော်စရာကြီးပါ။

ပြီးတော့ အတန်းသူအတန်းသားတွေ စုကာ လော့ဂ်ကားသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

တွယ်တာက မေမေ့ကို သူငယ်ချင်းတွေနှင့် ပစ်ကနစ်လိုက်သွားမည်ဖြစ်ကြောင်း ဖုန်းဆက်ထားပြီးသားမို့ ခပ်အေးအေး။

အပြန်မှာ မောင် ကုမ္ပဏီက ယူလာသော ဒိုင်နာကားပေါ်တက်ရင်း ဇင်မာတို့ကို လက်ပြနှုတ်ဆက်လိုက်သည်။

"ကောင်းကောင်းပြန်နော် တွယ်တာ၊ အိမ်ကိုတစ်ခါတည်း တန်းတန်းပြန်ဦး"

"ဟဲ့ ...အိမ်မပြန်လို့ ငါက ဘယ်သွားရဦးမှာလဲ"

"မသိဘူးလေ"

www.burmeseclassic.com



"ဟုတ်တယ်ဗျို့ … ခင်ဗျားတို့သူငယ်ချင်းကို ကျွန်တော် တစ်ခါတည်း နိုးပြေးပြီ၊ သူ့အမေဆီသာ အကြောင်းကြားလိုက် နေရောင် နိုးပြေးသွားပြီလို့၊ ဟား …ဟား"

"အိုး …ဘာတွေလျှောက်ပြောနေတာလဲ"

အသံကျယ်ကြီးနှင့် ကြေညာနေတာကြောင့် မောင့်ကို တစ်ချက်ဆတ်ကနဲ တွယ်တာက တိုးတိုးတားမြစ်သည်။

"သူတို့ကို အမြင်ကပ်လို့ပါ"

"ရှူး …ကြားသွားဦးမယ်"

ထိုအချိန်က မောင် နောက်ပြောင်နေတာဟု ထင်ခဲ့ပေမယ့် နှစ်ယောက်သား စကားတပြောပြောနှင့် ကော်ဖီဆိုင်ထိုင်ရင်း မိုးချုပ် လာတော့ တွယ်တာလည်း ဟာဟာသလဲ နာရီကြည့်သည်။

အချိန်တွေ ဘာကြောင့် ဒီလောက်အကုန်မြန်ရပါသလဲ။ ည ရှစ်နာရီရှိနေပြီ။





"ပြန်မယ်လေ"

"မပြန်ပါဘူး"

"မောင်နော်"

"တွယ်တာ မောင့်နောက်မလိုက်ရဲဘူးလား"

"ဟင့်အင်း"

"မောင်ကတော့ ဆုံးဖြတ်ပြီးပြီ"

"ဘယ်ရမှာ"

အခုမှပဲ သူမ တကယ်မျက်လုံးပြူးရသည်။

"သင်တန်းလည်း ပြီးပြီလေ၊ တွယ်တာ့အမေက ဒီလောက်တင်းကျပ်တာ၊ ရှေ့ဆက်ဘယ်လိုလုပ်မလဲ"

"တွယ်တာ သင်တန်းတစ်ခု ထပ်တက်မှာပါ"

"နောက်လာမယ့်အချိန်တွေကို မယုံဘူးကွာ၊ ဘာမှမသေ ချာဘူး၊ အခုလက်ရှိ အချိန်က လက်တွေ့အကျဆုံးပဲ၊ ဒီည အိမ်



www.burmeseclassic.com

www.burmeseclassic.com



မပြန်နဲ့တော့ကွာ ဒါပဲ၊ တွယ်တာ ငြင်းရင် ဒါ မောင့်ကိုမချစ်လို့ပဲ"

"မဟုတ်ပါဘူး"

"သတ္တိရှိရင်ငြင်းလေ ...ရှေ့ကလာတဲ့ ကားနဲ့ ခေါင်းချင်း ဝင်အောင်းပစ်လိုက်မယ်၊ မောင်စိတ်ညစ်နေတယ်၊ မောင့်ရဲ့စိတ်ကို မစမ်းပါနဲ့ကွာနော်၊ တောင်းပန်ပါတယ်၊ မောင်တို့ အတူတူနေရ အောင်၊ တစ်ယောက်တည်း ဆက်ပြီး အထီးကျန်နေရရင် မောင် သေလိမ့်မယ်၊ မောင့်ကို သနားပါကွာ၊ မောင် မနေနိုင်တော့ဘူး တွယ်တာ့ကို ဟောဒီလို အမြဲတမ်း ဖက်ထားချင်တယ်"

"ဟွန်း ...မောင်နော် ကားကို ကောင်းကောင်းမောင်း"

တွယ်တာ စိုးထိတ်စပြုလာသည်။ တစ္ဆတ်ထိုးဆန့်လှသော နေရောင်ရဲ့ အပြုအမူကိုလည်း ပထမဆုံးအကြိမ် ကြောက်လန့်မိ သည်။

သူ နောက်မဆုတ်ဘူးဆိုတာ သေချာတော့ တွယ်တာ





ရင်ခုန်ကြမ်းကာ စိုးရိမ်လာမိသည်။

တကယ်ပဲ သူခေါ်တဲ့နောက် လိုက်သွားရမလား။

တွယ်တာ့ရဲ့ မင်္ဂလာဦးကို ဒီလိုမျိုး ပစ်စလက်ခတ် ဆုံးဖြတ်လိုက်ရမလား။

သေချာတာကတော့ မောင်ငြိုငြင်မှာ သူမ မခံစားနိုင်။

မောင့်ကို သူမ သိပ်ချစ်သည်။

ဘယ်သူတွေ ဘာပဲပြောပြော သူမဘဝကို မောင့်လက်ထဲ အပ်ကာ မောင်နှင့်ပဲ လက်ထပ်မှာပါ။

သို့သော် တွယ်တာ စဉ်းစားတာက ဒီလိုဖြုန်းစားကြီး ခိုးရာလိုက်ဖို့မဟုတ်။

စကားမပြောနိုင်အောင် တွယ်တာ စိတ်လှုပ်ရှားလန့်ဖျပ် နေမိသည်။

"ကြောက်နေလား ...မကြောက်ပါနဲ့၊ မောင်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လုံး ချစ်လေးအနားမှာ ရှိပါတယ်၊ မောင့်ကို အားကိုးစမ်းပါ”

နေရောင်သည် လှိုင်းသာယာဘက်က ဆောက်လက်စ ကိုဓါင်ရှိရာ ခြံဝင်းထဲ ကားကို မောင်းဝင်လာသည်။

ခြံသော့က သူ့မှာရှိပြီးသား။ သူ ခုတလော ဒီမှာ လာ စောင့်အိပ်နေကျပါ။

တွယ်တာ့ကို မရအရ သူ့ဖွတ်ခေါ်လာပြီးမှ မျက်နှာလေး ပျက်နေတာတွေ့တော့ ကရုဏာသက်မိသည်။

မီးရောင်နီကျင့်ကျင့်လေးကို ဖွင့်လိုက်တော့ သစ်သားအိမ် အကြမ်းလေးက ပေါ်လွင်လာသည်။

သူမပခုံးကို ဆုပ်ကိုင်ကာ ကွပ်ပျစ်လေးပေါ် ထိုင်စေ သည်။

“ဘာမှမကြောက်နဲ့နော်”

တိုးတိုးဖွဖွ အားပေးကာ သူမကို နမ်းရှိုက်လိုက်စဉ်





အသားတွေ အေးစက်တုန်ယင်နေတာ သတိထားမိသည်။ လက်များ လေးတွေ ဆုပ်ကိုင်လိုက်တော့လည်း အေးစက်စေးထန်းနေသည်။

ကိုယ်မှားများ မှားပြီလား ...။

ကိုယ့်ဘဝထဲကို ဒီလိုမိန်းကလေးမျိုးကို အတင်းခေါ်သင့် ရဲ့လား။

“တွယ်တာ ...စကားပြောဦးလေ”

“မေမေ စိတ်ပူနေလိမ့်မယ်”

သူမရဲ့ တီးတိုးစကား ...။

“အဲဒါထားလိုက်စမ်းပါ၊ သိပ်နောက်ဆံတင်းတာပဲ”

သူ့ရဲ့ ပြစ်တင်သံကြောင့် စိတ်ထဲ ပိုမိုအားငယ်သွားမိ သည်။

“မောင် ...အခုအိမ်ပြန်ပြီး မနက်ဖြန်မှ တရားရုံးမှာ လက်မှတ်ထိုးရင်ရော မဖြစ်ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



နေရောင် ခေါင်းယမ်းသည်။

အမှန်အတိုင်း ပြောပြလိုက်ရင်ရော ...

သူမရင်ထဲ သိပ်မှာကျင်သွားမလား ...။

သူ့ရင်ထဲမှာ ဒီမိန်းကလေးကို မစွန့်လွှတ်ချင်တာက တစ်ဖက်၊ သူ့ဘဝလမ်းကြမ်းကြမ်းထဲ ဆွဲမခေါ်ရက်တာက တစ်ဖက်နှင့် မပြတ်မသား တွေဝေနေမိသည်။

ကိုယ့်ဘဝထဲ ဆွဲခေါ်လိုက်ခြင်းအားဖြင့် သူမဘဝ နစ်နာတာပဲ ရှိနိုင်သည်။ ဆင်းရဲခါးသီးမှုတွေပဲ ပြည့်နှက်နေမည်။

တွယ်တာရယ် ...ကိုယ်တကယ် မတရားဘူးထင်တယ်ကွာ။

ကိုယ် ဘာလုပ်ရမလဲ။

"မဖြစ်ဘူး ...ဘာကြောင့်လဲဟင်၊ တွယ်တာ့ကို မယုံလို့လား"





"ဟုတ်တယ် ...အခုနေ မင်း ကိုယ့်မျက်စိရှေ့က ပျောက်သွားလိုက်တာနဲ့ အရာရာက ပြောင်းလဲသွားလိမ့်မယ်၊ အခု တစ်စက္ကန့်နဲ့ နောက်တစ်စက္ကန့်ဟာ တူမှာမဟုတ်တော့ဘူး။ တကယ်တော့ မောင် မခွဲနိုင်လို့သာ ခေါ်လာမိတာ၊ မင်းကို လက်ထပ်လို့ မဖြစ်ဘူး"

နေရောင်သည် ရုတ်တရက် သူမကိုယ့်ကို မုန်းချင်လည်း မုန်းပါစေတော့ဟု ဆုံးဖြတ်လိုက်မိသည်။

ယန်းကလေးတစ်ပွင့်ကို လက်ထဲရောက်နေမှ မခူးခြွေရက်သော သူ့စေတနာမေတ္တာသည် သူကိုယ်တိုင် မယုံကြည်နိုင်အောင် ဆန်းကြယ်သည်။

နေရောင့်စကားကြောင့် ဆတ်ခနဲ အံ့ဩထိတ်လန့်ရသူက တွယ်တာ။

မောင့်မျက်လုံးထဲ နာကျင်စွာ စူးစိုက်ကြည့်တော့ မောင်



www.burmeseclassic.com

www.burmeseclassic.com



က မလုံမလဲ အကြည့်ကို ရှောင်ဖယ်သည်။

ပြီးမှ ခေါင်းငုံ့ကာ တစ်ခွန်းချင်း ခပ်အေးအေးပြောသည်။

"မောင်နဲ့ အန်ကယ်လ်ဦးကောင်းစံရဲ့ တူမနဲ့ စေ့စပ်ထားတယ်၊ လက်ထပ်ပွဲလုပ်ပေးဖို့လည်း သူတို့စီစဉ်ထားပြီးပြီ၊ အဲဒီ ကောင်မလေးက ခြေတစ်ဖက်မသန်ဘူး၊ သူ့ကို မောင် မချစ်ဘူး။ ဒါပေမယ့် ဦးကောင်းစံက မောင့်ကို ကုမ္ပဏီခွဲတစ်ခု ထောင်ပေးမယ်ဆိုပြီး ကတိတောင်းလို့ ကတိပေးလိုက်မိတယ်။ မောင့်ဘဝမှာ ကုမ္ပဏီပိုင်ရှင်သူဌေးတစ်ယောက် ဖြစ်ချင်သေးတယ်"

သူမသည် ထိုစကားတွေကို မောင်ပြောနေတာ ဟုတ်မှ ဟုတ်ရဲ့လားဟု မယုံကြည်နိုင်စွာ အံ့အားသင့်စွာ နားထောင်ငြိမ်သက်နေမိသည်။

အိမ်သေးသေးလေးထဲမှာ သူမနှင့် မောင်တို့ရဲ့ အသက်ရှူသံလေးပဲ ကြားရအောင် တိတ်ဆိတ်ငြိမ်သက်လှသည်။





လက်ထပ်ယူဖို့ မဟုတ်ဘူးဆိုရင် သူမကို နေရောင်က ဘာသဘောနှင့် ခေါ်ဆောင်လာခဲ့ပါလိမ့်။

သူမရဲ့နှလုံးသားတွေ ပွဲလောင်ဆော နာကျင်ဒေါသနှင့် တဆတ်ဆတ်ခုန်လာခဲ့သည်။

မာနတွေကို နင်းခြေခံလိုက်ရသလို သူမအသည်းထဲမှာ ခါးသက်လှသည်။

အချစ်ဆိုတာ ချိုမြိန်ခြင်းမဟုတ်ဘော့ဘဲ တမဟုတ်ချင်း နှာပဲ အလွန်ခါးသွားသည်။

သောက်၍မရ၊ မျိုချ၍မရလောက်အောင် ခါးသော ကော်ဖီတစ်ခွက်လိုမျိုး။

တစ်ခါတစ်ရံ လူတစ်ယောက်ကို စကားတစ်ခွန်းမှ ဆက်မပြောချင်အောင်၊ မျက်နှာကို တစ်ချက်မှ မကြည့်ချင်အောင်၊ သူ့စကားကိုလည်း တစ်ခွန်းတစ်ပါဒမှ နားမထောင်ချင်အောင်၊ သူနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်၍ ဘာဆိုဘာမှ မသိချင်၊ မကြားချင်၊ နောင်ဘယ်သော အခါ မကြုံချင် မဆုံချင်လောက်အောင် ရာနှုန်းပြည့်ကျော်လွန်သော အလွန်ဥပက္ခာဆန်သော အမုန်းတစ်မျိုး ပေါ်ပေါက်နိုင်ကြောင်း တွယ်တာကိုယ်တိုင် ခံစားလိုက်ရသည်။

“ဒါကိုသိရင် မင်း မောင့်ကို နာနာကြည်းကြည်း မုန်းနိုင်တယ်ဆိုတာသိပါတယ်၊ သိနေရက်နဲ့ မင်းကို ...”

“ရှင် ဘာမှထပ်မပြောရင် ကောင်းမယ်ထင်တယ်၊ ကျွန်မ ပြန်ပါရစေ”

မဲမေရယ် ...

သမီး အရမ်းနောင်တရပါတယ်။

မေမေ ရောက်မလာခင်ကတည်းက အိမ်ပြန်ဖို့ ဆုံးဖြတ်ထားပါပြီ။

ဘယ်လိုနည်းနဲ့မဆို နေရောင်ဆိုတဲ့ လူတစ်ယောက်ထံမှ





ရှန်းဖြစ်အောင် ရုန်းထွက်ခဲ့မှာပါ ...။

မေမေ ယုံပါနော် ...သမီးကို ယုံပေးပါ။

ဦးကောင်းစံ ဇနီးနှင့် သိကျွမ်းနေသဖြင့် ဂိုဒေါင်ဆောက်လက်စနေရာဆီ မေမေ အချိန်မီ လိုက်လာနိုင်ခဲ့ပါသည်။

ဇင်မာတို့ဆီက သူမ ခိုးရာလိုက်သွားပြီဟူသော သတင်းစကားအရ မေမေက အချိန်မလွန်မီ ထိန်းသိမ်းတားဆီးပေးနိုင်ခဲ့ပါသည်။

ထိုသတင်းကို တတ်နိုင်သမျှ ဖုံးအုပ်ကာကွယ်ခဲ့ပေမယ့် ရွှေတွယ်တာဆိုတာ အရင်လို အဖြူထည်မဟုတ်တော့ဘဲ နာမည် ပျက်တစ်ခုနှင့် စွန်းထင်းခဲ့ပြီးတာတော့ အမှန်ပါ။

အချစ်ကြောင့် သူမ အားငယ်တတ်ခဲ့သည်။

အချစ်ကြောင့်ပဲ သူမရဲ့ ယုံကြည်မှုတွေ သေဆုံးသွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချစ်ကြောင့်ပဲ သူမ တွေဝေတတ်ခဲ့၊ သဏ်ာမကောင်းဖြစ်ခဲ့၊ သံသယဖြစ်ခဲ့၊ ကြောက်ရွံ့ခဲ့၊ နာကျင်ခဲ့၊ တွန့်ဆုတ်ခဲ့၊ ကိုယ့်အာသာ မယုံကြည်နိုင်ခဲ့။ သေချာခြင်းတင်းမဲ့ခဲ့နှင့် အချစ်ဆိုတာကြီးကို ဒီတစ်သက်အဖို့ရာ ဝံ့ဝံ့စားစား လက်ခံရယူဖို့ မဖြစ်နိုင်တော့ဘူး ထင်မိပါသည်။

ထို့ကြောင့်ပင် အချစ်ကို မရှာဖွေတော့ဘဲ သူမ အေးအေးလူလူ မေ့မေ့ပျောက်ပျောက် နေခဲ့ပါသည်။

ဒီလိုနှင့်ပင် မိဘသဘောတူသော 'မင်းမိုး'သည် သူမဘဝထဲ၊ သူမအတွေးထဲသို့ ထပ်တစ်ကြိမ် မမျှော်လင့်ပါဘဲ ဝင်ရောက်လာခဲ့သည်ဆိုပါတော့နော်။

× × × ×





ဖုန်းသံမြည်လာတာမို့ ရွှေတွယ်တာက ဆေးလက်စခံ့ခွက်ကလေးတွေကို ချထားပြီး ဗေစင်မှာ လက်ဆေးလိုက်သည်။

လက်သုတ်ပဝါလေးနှင့် လက်ကိုသုတ်ပြီး တယ်လီဖုန်းရှိရာ ပြေးလာခဲ့၏။ မေမေက ဈေးသွားနေသည်။ ဒေါ်လေးမိလည်းမေမေနှင့် ပါသွားသည်။ မောင်လေးက ခုထက်ထိ အိပ်ရာမနိုးသေးပါ။ မောင်လေးက စောစောထကျင့်မရှိ။ အလုပ်ကိစ္စ မလွှဲရှောင်သာရှိမှသာ အိပ်ချင်မူးတူး နိုးလာတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

"ရွှေအာကာတို့ အိမ်ကပါလားရှင်"

"ဟုတ်ပါတယ်"

လူက အိပ်ရာမနိုးသေး ဖုန်းက ဦးဆုံးဝင်လာပြီ။

"ကျွန်မတို့က (HAPPY)မင်္ဂလာခင်းကပါ"

"ဟုတ်ကဲ့"

"ဟို ...ခေတ်ပုံရိုက်ဖို့ကိစ္စလေးပါ၊ သက်ထားပုံနဲ့ ရှုလ က ဖေဖော်ဝါရီဆိုတော့ အမှတ်တရရှုံတွဲပုံလေး အသစ်အဆန်းဖြစ် အောင် ထည့်ချင်တာနဲ့ လှမ်းမေးရတာပါ"

"ဟုတ်ကဲ့ ...ခဏလေးနော်၊ မောင်လေးကို ခေါ်ပေးပါ့ မယ်"ဟု ဖုန်းခွက်ဘေးချထားပြီး မောင်လေးကို နှိုးပြောရသည်။

"မောင်လေး ...နင့်ဖုန်း၊ အလုပ်ကိစ္စ"ဆိုမှ မျက်လုံးကို ကြိုးစားဖွင့်ပြီး ငုတ်တုတ်ထထိုင်သည်။





"တကယ်ပါပဲ"

အိပ်ရာပေါ်က ဝုန်းခနဲ ဆင်းသွားတော့ ရှေ့တွယ်တာပဲ မနေသာလျက် သပ်သပ်ရပ်ရပ် ကောက်သိမ်းပေးရ၏။

ပြီးတော့မှ အောက်ထပ်ကို ပြန်ဆင်းလာလျက် လုပ်လက် အလုပ်ကို ဆက်လုပ်သည်။ မောင်လေးက ဖုန်းပြောပြီးမှ အောက် ထပ်ကို ဆင်းလာခဲ့သည်။

"ဘာတဲ့လဲ"

"ခေတ်ပုံရိုက်ဖို့ပါ"

"မင်္ဂလာခင်းအဖုံးလား"

"ဟုတ်တယ်၊ အထဲမှာလည်း အင်တာဗျူးထည့်ချင်သေး သတဲ့"

မောင်လေးက ထမင်းစားပွဲက ထိုင်ခုံမှာ ဝင်ထိုင်သည်။

"ဟဲ့ ...မောင်လေး မျက်နှာမသစ်ဖူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အိပ်ရေးမဝသေးဘူး"

"ဖြစ်ရမယ် ...နိုးလာမှတော့ ပြန်အိပ်ဦးမလို့လား၊ စာစာက ပြောသွားတယ်၊ သက်ထားပုံနဲ့ဆို ဟုတ်လား"

"ဟုတ်တယ်"

"နှစ်ယောက်စလုံး အားမယ့်ရက်ပေါ့"

"ဟုတ်တယ်၊ ညီရမှာ"

"မောင်လေးတို့ ဆုံရဦးမှာပေါ့"

"ဆုံမှာတော့ မပူနဲ့၊ နှစ်ဆယ့်ခြောက်ရက်ပွဲတစ်ခုရှိတယ် သူလည်း လျှောက်လွှာတင်သွားတယ်လို့ ပြောတာပဲ"

"ဟုတ်လား"

ဘယ်လိုပဲဖြစ်ဖြစ် ဝါသနာချင်းလည်းတူ၊ အချောချင်း လည်းညီ၊ အလုပ်မှာလည်း တွေ့ဆိုတော့ တကယ်လိုက်ဖက် တာပါ။ သက်ထားပုံမှာ ချစ်သူမရှိခဲ့လျှင် အကောင်းသား။ ချ





"ကျွန်တော် မျက်နှာသွားသစ်တော့မယ်"

မောင်လေးက အပေါ်ထပ်ပြန်တက်သွား၏။

ဖေဖော်ဝါရီလ ဆယ့်လေးရက်အတွက် အမှတ်တရဟု ဆိုလာတော့ မောင်လေးစိတ်ထဲ နည်းနည်းထိသွားမလား မသိပါ။ ရွှေတွယ်တာ ကရုဏာသက်မိသည်။

သက်ထားပုံဆိုသော ကောင်မလေးကို ရွှေတွယ်တာက ည်း မြင်မြင်ချင်း နှစ်သက်လိုလားမိတာအမှန်။

မောင်လေးက လေးလေးနက်နက် မြတ်နိုးသက်ဝင်နေတာ ည်း ရွှေတွယ်တာက အလိုလိုရင်းနှီးကြည်ဖြူနေမိတာလည်း လိမ့်မည်။

နောက်တစ်ကြိမ် ဖုန်းမြည်လာတော့ မောင်လေးကိုင် ဟု စောင့်နေပေမယ့် တော်တော်နှင့်မကိုင်။ ရေချိုးခန်းထဲ နေပြီလား မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

တစ်ဖက်က အသံမပေးဘဲ ငြိမ်နေသေး၏။ ပြီးမှ ...

"ရွှေတွယ်တာလား"ဟု တန်းမေးသည်။

"ဟုတ်ကဲ့"

ကိုမင်းမိုးများ ဖြစ်နေမလားဟု စိတ်ကထင်မိပါသည်။

"ကျွန်တော် မင်းမိုးပါ"

ထင်ထားမိတာ မှန်သည်။

"ဒီနေ့အားရဲ့လား"

"ရှင်"

သူဆိုလိုရင်းကို နားမလည်။ သူက တွေ့ဖို့ချိန်းချင်တာလား။ အိမ်ကိုလာဖို့များလား။

"ကျွန်တော် လာခဲ့ချင်လို့ပါ"

"ဟုတ်ကဲ့ ...ရပါတယ်"





"ဟိုတစ်ရက်က လာတော့မရှိဘူး"

"ဟုတ်ပါတယ်"

"ကျွန်တော်တို့ အေးအေးဆေးဆေး စကားပြောကြည့်ကြတာပေါ့၊ ရွှေတွယ်တာဘက်ကရော သဘောတူရဲ့လား"

"စကားပြောကြည့်ဖို့ သဘောတူပါတယ်"

ရွှေတွယ်တာက မပွင့်တပွင့်ပဲ ဖြေသည်။

သူဘယ်လိုလူလဲဆိုတာ ရွှေတွယ်တာ သိချင်သည်။ ဖေဖေတို့ မေမေတို့က ဘာလို့များ သူ့ကိုသဘောကျ နှစ်သက်ရသလဲ။

"ကျွန်တော်ရောက်မယ့်အချိန်ကို ထပ်ဖုန်းဆက်မယ်လေ၊ ရွှေတွယ်တာ အပြင်ထွက်ဖို့ရှိသေးလား"

"ညနေပိုင်းတော့ သွားစရာရှိတယ်"

"ကျွန်တော် နေ့ခင်းပိုင်းလာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ချက်ချင်းပဲ ဖုန်းချသွား၏။

ရွှေတွယ်တာက ခပ်ငေးငေးကလေး ငြိမ်သက်နေမိသည်။

ကိုယ့်သဘောတစ်ခုတည်းနှင့်ဆို သည်လိုကိစ္စမျိုးကို ထပ်တစ်ကြိမ် ခေါင်းထဲထည့်ပြီး တွေးမှာမဟုတ်။

ကိုမင်းမိုး ... ရှင် ရွှေတွယ်တာအကြောင်းတွေ သိမှသိရဲ့လားဟင်။ ဘာမှမသိသေးဘူး မဟုတ်လား။

"မမ"

"ဟင်"

"ဘာဖြစ်နေတာလဲ၊ ဘယ်သူဖုန်းဆက်လို့လဲ"

"ကိုမင်းမိုးပါ"

"ဟုတ်လား"

ရွှေအာကာ၏ မျက်နှာက ခပ်မာမာနှင့် မကြည်သာချေ။

"ဘာတဲ့လဲ"





"လာခဲ့မယ်တဲ့"

"ဘယ်တော့လဲ"

"နေ့ခင်းပိုင်းလို့ပြောတာပဲ"

ရွှေတွယ်တာက မချင့်မရဲ ပြန်ပြောပြသည်။ သူမတွေ့အောင် မဆုံအောင် ရှောင်၍ရသည်။

သည်ပုဂ္ဂိုလ်နှင့် မျက်နှာချင်းမဆိုင်ချင်။ ခေါသက ရင်မှာ အုံပွ ကိန်းဝပ်နေပါပြီ။

"မောင်လေး အပြင်သွားစရာရှိလားဟင်"

"အင်း ...ရှိတယ်၊ မမ ကျွန်တော့်အကြောင်းတွေ လျှောက်မပြောထားနဲ့ဦး"

"ဟင် ...ဘာလို့လဲ"

လိုရမယ်ရ သူက ကြိုတင်ပိတ်ပင်ထားလိုက်၏။

"ဖြည်းဖြည်းပေါ့ ...ကျွန်တော်နည်း ကျွန်တော်ဟန်နဲ့



www.burmeseclassic.com

www.burmeseclassic.com



လေ့လာကြည့်ဦးမယ်"

"ဩော် ...အင်း ကောင်းသားပဲ"

မမက ချက်ချင်းပဲ ခေါင်းညိတ်သည်။

"မမပဲတွေ့ပြီး ညှိခံလိုက်"

ရွှေတွယ်တာက တွေဝေနေမိသည်။

"မောင်လေးရယ် သိပ်တော့မဖြစ်နိုင်ဘူးထင်တာပဲ"

မတွေ့ခင်ကတည်းက အားလျော့နေပါပြီ။

သူ့ဘက်ကရော ရွှေတွယ်တာကို သဘောကျပါ့မလား။

သိပ်မလွယ်။

အေးတိအေးစက် မပွင့်တပွင့်နှင့်။ ပြီးတော့ အရမ်းလည်း ကြောက်ရွံ့နေမိသေးသည်။ သူ့ စိတ်ပျက်သွားစေမည့် စကားတွေပဲ များများပြောဖြစ်လိမ့်မည်။





လူတစ်ယောက်ကို လွယ်လွယ်မယုံနိုင်တာက စကားသံတွေမှာ ကပ်ငြိပါနေတော့မှာ။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီသောက်ပါဦးကွယ်"

ဒေါ်လေးမိဆိုသော အမျိုးသမီးကြီးက ညှော်ခန်းမှာထိုင်နေသော သူ့အတွက် ကော်ဖီတစ်ခွက် လာချပေးပါသည်။ မင်းမိုးက စားပွဲပေါ် အဆင်သင့်တွေ့သော ဂျာနယ်တစ်စောင်ကို ကောက်ယူဖတ်နေလိုက်၏။

နောက်ထပ် ဘယ်လောက်ကြာမှ ဆင်းလာမလဲမသိ။ အဲဒါတွေကြောင့် မင်းမိုးတို့က ဒါမျိုးတွေ မလုပ်ချင်တာ။ အခုလို



www.burmeseclassic.com

www.burmeseclassic.com



နေရင်း အောက်ကျနောက်ကျ နိုင်လှပါသည်။ ဖေဖေက မဖြစ်မနေ တိုက်တွန်းလွန်းလို့သာ။

စိတ်ထဲမှာ စပ်ဖျဉ်းဖျဉ်းနှင့် မခံချင်ဖြစ်မိသည်။ ရောက်လာခဲ့ပြီးမှတော့ ဘယ်လောက်ကြာကြာ ထိုင်စောင့်ရမှာ သူ့ကိစ္စဖြစ်သွားခဲ့ပြီ။

ဂျာနယ်နောက်တစ်ရွက်ကို လှန်လှောမိခိုက်မှာပဲ ရှေ့ကို ဖြတ်၍ခနဲ ရောက်လာသော အရိပ်ကလေးကြောင့် သူ့အထင်လွဲချော် သွားခဲ့ပြီဆိုတာ ချက်ချင်းသိသည်။

အိမ်နေရင်း ဘလောက်(စ်)အင်္ကျီ ပွပွကလေးနှင့် ရှန့်ထဘီကလေးနှင့် တစ်စက်ကလေးမှ အလှမပြင်ထားသော သဘာဝအတိုင်း မလိမ်းမခြယ် မျက်နှာကလေး။ ဆံပင်တွေကို ကလစ်အဝိုင်းခုံးကလေးနှင့် နားရွက်သားအပေါ်မှာ တစ်ဖက်တည်း စုချည်နှောင်ထားပြီး သူ့ကို နှုတ်ခမ်းလေးစေ့ကာ ပြုံးရုံပြုံးပြသည်။ သူ့ရှေ့မှာ ဝင်ထိုင်ပုံကလေး သိမ်မွေ့သည်။

အေးချမ်းသောအလှတစ်ခုကို ပိုင်ဆိုင်ထားသော နူးနူးညံ့ညံ့ ရိုးရိုးဖြူဖြူ မိန်းကလေးတစ်ယောက်ပါလားဟု မြင်မြင်ချင်း သုံးသပ်မိသည်။

"ကော်ဖီသောက်ပါဦး ...ကော်ဖီအေးသွားဦးမယ်"

အကဲခတ်မျက်လုံးများကို လွှဲဖယ်ရှောင်တိမ်း မသိသယောင်နှင့် သူ့ကို တည်တည်ငြိမ်ငြိမ်ပဲ ဧည့်ဝတ်ပြုလာသည်။

"ကျွန်မ ...ဖေဖေနဲ့ ဖုန်းပြောနေလို့ ရောက်ရောက်လာချင်း ထွက်မကြိုနိုင်တာ ခွင့်လွှတ်ပါ"

မင်းမိုး ရင်ထဲမှာ နည်းနည်းတော့ ဘဝင်ခိုက်သွားမိတာ အမှန်။ ကောင်မလေးက သူထင်ထားသလို မဟုတ်။ ပကတိ အဖြူရောင်။ ပြီးတော့ ယဉ်ကျေးသိမ်မွေ့သည်။

ထူးထူးဆန်းဆန်း ဖြစ်မိတာက သူရောက်လာလိမ့်မယ်မှန်း

www.burmeseclassic.com



သိရက်နှင့် လုံးဝပြင်ဆင်ခြယ်သထားတာ မရှိ။ ဘာလို့များလဲ။ သူက အရေးမပါလို့လား။ သို့တည်းမဟုတ် သူမကိုယ်သူမ ယုံကြည်မှုအပြည့် ရှိလွန်းတာလား။

ဘယ်ကောင်မလေးပဲဖြစ်ဖြစ် အနည်းအကျဉ်းတော့ ပြင်ဆင်စောင့်ကြိုမိမှာပါ။

မိဘက သဘောတူလို့ တွေ့ကြသူတွေမဟုတ်လား။

မပြင်မဆင် ထွက်တွေ့ချိန်တော့ စိတ်ပျက်သွားမှာ မစိုးရိမ်မိဘူးလား။ မင်းမိုးဘက်က ငြင်းလိုက်မှာကိုရော ခေါင်းထဲ ထည့်တွေးပါရဲ့လား။

မင်း အတွေးအဆန်းပါလား ရွှေတွယ်တာ။

မင်းမိုးက စိတ်ထဲကနေ မှတ်ချက်ချမိသည်။

မျက်နှာချင်းဆိုင် ထိုင်နေဖြစ်ကြပေမယ့် ပြောစရာစကားတွေ ရုတ်တရက် စဉ်းစားမရ။ ဘာကစပြီး ပြောရမှန်းကိုမသိ။





အေးတိအေးစက်နှင့် သူတို့တွေ့ဆုံမှုက အသက်မပါ။

"ဟိုတစ်ရက်က စက်ရုံလိုက်သွားတယ်ဆို"

စကားမရှိစကားရှာပြီး သိပြီးသားကိုပဲ ထပ်တာကျော့ မေးမိသည်။

"ဟုတ်တယ်"

"နေ့တိုင်းလိုက်သွားတာပဲလား"

"မဟုတ်ပါဘူး၊ တစ်ခါတလေပါ၊ ဒါပေမယ့် ဖုန်းကြိုဆက်ထားရင်တော့ အိမ်မှာ စောင့်နေမှာပါ"

"ရှိမယ်လို့ပဲ ထင်မိတာနဲ့"

"အိမ်မှာရှိနေတာ များပါတယ်"

ရွှေတွယ်တာက ဖျတ်ခနဲ မော်တတ်ရပ်လျှောက်သွားပြီး ပြတင်းပေါက်ခန်းဆီးကို ကြိုးကလေးနှင့် စုချည်၏။ စည်ခန်းထဲကို အလင်းရောင် ပိုမိုဝင်ရောက်လာတော့သည်။ ညှင်သာခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးနှင့် လမ်းလျှောက်ပုံ နွဲ့နှောင်းနှောင်းက မိန်းကလေးပီသသည်။

သူ့ကိုထားပြီး ထမင်းစားခန်းဘက် လျှောက်သွားလျက် ပြန်ထွက်လာသောအခါ စီးကရက်ပြာခွက်လှလှကလေးတစ်ခု ပါလာ၏။

"အိမ်မှာတော့ ဖေဖေရော မောင်လေးပါ စီးကရက် မသောက်ကြဘူး"ဟုဆိုကာ စီးကရက်ပြာခွက်ကလေးကို စားပွဲပေါ်တင်သည်။

စီးကရက်ပြာခွက်က ဧည့်သည်အတွက်ပဲ တမင်ရှိအောင် ထားထားပေးတာပါ။

မင်းမိုး ဖွဖွပြုံးသည်။ သူကလည်းသူ။ စီးကရက်ဗူးနှင့် မီးခြစ်ကို စားပွဲပေါ် ချထားမိတာကိုး။

သည်ဧည့်ခန်းမှာ စီးကရက်သောက်ဖို့တော့ ရည်ရွယ်ချက်





ရှိတာအမှန်။

"ရှေ့တွယ်တာက စီးကရက်သောက်တာ မကြိုက်ဘူး ထင်တယ်"ဟု သူက မေးပြောပြောမိသောအခါ ...

"မဟုတ်ပါဘူး ... ကျွန်မက အဲဒီလို နေရာတကာ ဝင်စွက်ပြီး လိုက်ပြောတတ်တဲ့သူ မဟုတ်ဘူး"

"ဪ"

"အိမ်က ဖေဖေနဲ့ မောင်လေး စီးတရက်မသောက်ဘူး ဆိုတာ စကားအဖြစ်ပြောလိုက်တာပါ၊ ရည်ရွယ်ချက်တစ်ခုမှ မပါဘူး၊ ပြီးတော့ အဲဒီလောက်အထိ ဝင်ပြောဖို့ ကျွန်မတို့ချင်း ဘာ ကတိတွေမှ ပေးထားကြတာလည်း မဟုတ်ဘူးလေ။ လူတစ်ဖက်သားကို ပိုင်စိုးပိုင်နင်း ကျွန်မမလုပ်တတ်ဘူး၊ အဲဒါမျိုး မုန်းတယ်"

ရှေ့တွယ်တာက ထင်ထားတာထက် စကားပြောပွင့်လင်းပြီး ပြတ်သားသော ဆုံးဖြတ်ချက်ကိုလည်း မတွေမဆေချရဲမည့်ပုံပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ရွှေတွယ်တာ လေ့လာဦးမှာပေါ့ ဟုတ်လား၊ ကျွန်တော်တို့ စိတ်ဓာတ်ချင်းတူပါတယ်"

ရွှေတွယ်တာက သူ့စကားကို မျက်လွှာချနားထောင်နေသည်။

"ကျွန်တော်ကလည်း မေမေ့ကို စိတ်ချမ်းသာစေချင်တာ တစ်ခုတည်းနဲ့ အားနာပါးနာ ခေါင်းညိတ်လိုက်မှာမဟုတ်ဘူး၊ ဘဝ ခရီးအရှည်ကြီးကို ကျွန်တော်တို့က တကယ်ဖြတ်သန်းလျှောက်လှမ်းရမှာ"

သည်စကားတွေကို ရွှေတွယ်တာ တိတ်တိတ်ကလေး ထောက်ခံနှစ်သက်မိပါသည်။

"ကျွန်တော် အခု ခင်ဗျားကို မြင်ဖူးသွားပြီ"

သူက မြင်ဖူးအောင် လာကြည့်တာလား။

"ခင်ဗျားမောင်လေးရော မတွေ့ပါလား"





သတိတရ မေးပါသည်။

"အပြင်သွားပါတယ်"

"ဟုတ်လား ...သူက စကားပြောကောင်းတယ်"

ရွှေတွယ်တာက မောင်လေး တားမြစ်ခဲ့တာမို့ မောင်လေး အကြောင်း တစ်ခွန်းမှ မဟတော့ပါ။

"ကျွန်တော် ခင်ဗျားကို ညနေစာ ကျွေးပါရစေ၊ ခင်ဗျား အားမယ့်တစ်ရက်ရက်ပေါ့"

"မေမေကလည်း အိမ်မှာ ထမင်းဖိတ်ကျွေးဖို့ စီစဉ်နေတယ်" ဟု ပြန်ပြောမိသောအခါ သူက ဖွဖွပြုံးပြီး "ကျွန်တော် လာမှာပါ" ဟု ခေါင်းညိတ်သည်။

"ကျွန်မ မေမေ့ကို မေးကြည့်ဦးမယ်"

ရွှေတွယ်တာက သူ့သဘောနှင့်သူ မဆုံးဖြတ်ဘဲ မယုတ်မလွန်ဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေတွယ်တာ့မေမေက ခွင့်ပြုမှာပါ"

"မေမေခွင့်ပြုရင် လိုက်ခဲ့မယ်"

မင်းမိုးက ရွှေတွယ်တာကို မျက်တောင်မခတ် ငေးမော ကြည့်နေမိသည်။ သူ့အတွေးထဲမှာတော့ ရွှေတွယ်တာဆိုတာ အဲဒီ လောက် မလှခဲ့တာအမှန်။

ပြီးတော့ သူ့မှာက လှပပြည့်စုံသော စံချိန်မီအလှရှင်လေး ပုံက ရှိနေခဲ့ပြီးသားပါ။

ပုံနှင့်ယှဉ်ပြီး ပုံ့ထက်သာမှ လက်ထပ်မည်ဟု သူမရည် ရွယ်ခဲ့ပေမယ့်လည်း ဖေဖေက တိုက်တွန်းလာသောအခါ ရွှေတွယ် တာကို ငြင်းပယ်မရ။

ပုံသာသိလျှင် သူ့ကို အရမ်းစိတ်ဆိုးသွားမလား။ မင်းမိုး စိုးရိမ်စွာ တွေးမိသည်။

ရွှေတွယ်တာမှာရော ဘာဘာညာညာ ဟိုလိုလို ဒီလိုလို





ဇာတ်လမ်းလေးတွေ မရှိဘူးလား။

သူသိချင်လာသည်။ ရင်းနှီးလာလျှင် မလွဲမသွေ သိကို သိလာရမည့်ကိစ္စပါ။

"ကျွန်မ ရှင့်ကို ပြောထားစရာကိစ္စတစ်ခုတော့ ရှိတယ်" ဟု ရွှေတွယ်တာက မျက်နှာပျက်ပျက်နှင့် ဖွင့်ဟဝန်ခံလာသည်။

"ဘာကိစ္စများလဲ"

"ရှင်သိထားသင့်တဲ့ကိစ္စပါ"

"ပြောလေ"

"နောက်တစ်ရက် ကျွန်မတို့ ဒုတိယအကြိမ်ဆုံမှ ပြော ကြတာပေါ့"ဟု ဆုံးဖြတ်သည်။

သူ့ဘက်ကတော့ ဘာမှ ဖွင့်ဟဝန်ခံစရာ မရှိပါ။

ရွှေတွယ်တာက သူ့ကို မဝံ့မရဲလေး တစ်ချက်ကြည့်ကာ ချက်ချင်းပဲ အကြည့်လွှဲသွား၏။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ် သို့ကိုက်လှဲနွေးထွေးလှုန်းစွာ၊ ဖော်ရွေပွင့်လင်းလှုန်းစွာနှင့် အရေးပေးဆက်ဆံတာကို ကိုယ်တိုင်ကြုံတွေ့ ခံစားရသောအခါ ရွှေတွယ်တာတို့ မိသားစုအပေါ် အားနာသလိုကြီးပင် ဖြစ်ရသည်။

ရွှေတွယ်တာ့မိဘတွေက လေးစားစရာကောင်းသည်။ မိဘစကား နားထောင်ပြီး လိမ္မာယဉ်ကျေးစွာ သိမ်သိမ်မွေ့မွေ့ နေတတ်တာကလေးကို မြင်ရသောအခါ တန်ဖိုးထားမိတာအမှန်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုတစ်ယောက် ဂရုစိုက်ကာ စကားပြောတာကအစ လေးစားချစ်ကြည်ဖွယ်ရာနှင့်။ စည်းလုံးသော မိသားစုမှန်းလည်း သိသာသည်။

ဖေဖေက အဲဒါတွေကြောင့်လည်း သူ့ကို သည်မိသားစု ထဲဝင်ဖို့ တိုက်တွန်းခဲ့တာဖြစ်လိမ့်မည်။ ဖေဖေ့စေတနာကိုလည်း သူ အရမ်းနားလည်ပါသည်။

ထမင်းစားပြီးသောအခါ ဧည့်ခန်းမှာ တီဗွီအတူတူ ကြည့်ကြသည်။ တကယ့်ကို သမရိုးကျ အေးဆေးစွာ နေတတ်သူတွေပါ။ သို့ပေမယ့် ရွှေအာကာကို မတွေ့ရ။ ရွှေအာကာတစ်ယောက် ပဲ အပြန်နောက်ကျနေသည်။ အိမ်အပြန်နောက်ကျပေမယ့် မိဘတွေ စိတ်ပူပြီး လည်ပင်းရှည်အောင် မျှော်ဖို့မလို။ ဖုန်းဝင်လာတာ နှစ်ခါရှိပြီ။ သူ့မေမေဆီမှာ ခွင့်တောင်းပြီးသား။ အိမ်အပြန်မိုးချုပ်မှာကို အသိပေးပြောထားပြီးသား။ သူ့ထက်တောင် ပိုပြီးလိမ္မာတိကျသည်။





"သားလေးက မိုးချုပ်မယ်ဆိုတော့ ဆုံဖြစ်မှာမဟုတ်ဘူး" ဟု ရွှေတွယ်တာ၏မေမေက ဆိုသည်။

"ဟုတ်တယ်၊ ကျွန်တော်လည်း သူနဲ့တွေ့ချင်နေတာ"

ရွှေတွယ်တာက နေကြာစေ့ကို တီဗွီကြည့်ကာစားရင်း မောင်လေး ဘာလို့မလာတာလဲ၊ တမင်မဆုံအောင် ရှောင်နေတာလားဟု သံသယဝင်လာမိသည်။

ကိုမင်းမိုး လာလိမ့်မယ်ဟု အသံကြားတာနှင့် မောင်လေး လစ်သွားတာတဲ့သည်။ ဒါ တိုက်ဆိုင်မှုတစ်ခုများလား။ ရွှေတွယ်တာ က စိုးရိမ်လွန်နေတာလား။

"ကျွန်တော် ပြန်ဦးမယ်ခင်ဗျ"

မင်းမိုးက နှုတ်ဆက်သည်။ ရွှေတွယ်တာက ခြံထဲအထိ ကားဘေးနားအရောက် လိုက်လာသည်။

"မနက်ဖြန် ညနေစာ ကျွန်တော်ကျွေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဒီနေ့ ထမင်းစားအရမ်းကောင်းတယ်"

မေမေက ဖွယ်ဖွယ်ရာရာ စုံစုံလင်လင် စီမံပေးခဲ့တာ မဟုတ်လား။ ကိုမင်းမိုးအပေါ် မေမေတို့က လိုလားကြည်ဖြူကြသည်။

"ကျွန်တော် လာခေါ်မယ်နော်"

"ဟုတ်ကဲ့"

မြူလွှလွှအင်္ကျီကလေးနှင့် ရှန်ထဘီကလေးနှင့် အိမ်နေရင်း ဟန်ပန်ကလေးကို သူမျက်လုံးထဲ ရိုးယဉ်နေခဲ့ပြီ။

"အပြန် နည်းနည်းမိုးချုပ်ရင်ရော ရမလား"

ရွှေတွယ်တာက "မေမေ့ဆီတော့ ဖုန်းဆက်ပြောထားရမှာပေါ့"ဟု ဆိုပါသည်။

"အင်း …အပြန်နောက်ကျမယ်ဆိုမှ ဆက်လိုက်ပေါ့"





မင်းမိုးက ကားပေါ်တက်ပြီး ကားတံခါးပိတ်ပြီးမှ စက်မနိုးသေးဘဲ ရွှေတွယ်တာကို လှမ်းကြည့်ကာ ပြန်ဆင်းသည်။

"ကျွန်တော့်ကို ခင်ဗျား ဘယ်လို သဘောထားလဲ"

ရွှေတွယ်တာက မျက်လွှာချသွားပြီး …

"ဘယ်လိုမှ သဘောမထားပါဘူး"ဟု ဖြေသည်။

"တကယ်ပဲလား"

"အရမ်းစောပါသေးတယ်"

"ကျွန်တော့်အကြောင်းတွေ ခင်ဗျားသိချင်လား"

သူ့မေးခွန်းကို ပြန်မဖြေ။

"မသိချင်ဘူးလား"

"ပြောပြမယ်ဆိုရင်တော့ နားထောင်မှာပါ"

"ကျွန်တော့်အကြောင်း မတွေးမိဘူးလား"

"တွေးမိပါတယ်၊ ဒါပေမယ့် ခေါင်းရှုပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

"အမှန်တကယ်ပြောရရင် ...ကျွန်မ အခုတလော အရမ်း စိတ်ရှုပ်နေမိတယ်။ ဒီကိစ္စကို ဆုံးဖြတ်ချက်တစ်ခုခု ပေးကိုပေးရမှာမို့လို့ ခေါင်းထဲမှာလည်း တော်တော်တွေးတယ်"

ဖွင့်ဟညည်းညူလာတော့ မင်းမိုး အံ့အားသင့်ရသည်။ အေးတိအေးစက် မပွင့်တပွင့်ကလေးမို့ ခုလောက်အထိ လေးလေးနက်နက် ထားလိမ့်မည် မထင်ခဲ့ပါ။

"ကျွန်မဘဝမှာ ဒါမျိုးတွေ မစဉ်းစားတော့ဘူးလို့ ဆုံးဖြတ်ထားခဲ့မိတာ။ ဖေဖေနဲ့ မေမေက အရမ်းတိုက်တွန်းတယ်။ ကျွန်မကြောင့် သူတို့စိတ်မညစ်စေချင်ဘူး။ အဲဒါကြောင့် ကိုမင်းမိုးကို ကျွန်မ တွေ့ကြည့်တာပါ"

မင်းမိုးက ရွှေတွယ်တာကို မမိုတ်မသုန် ကြည့်နေပြီးမှ "ကောင်းပြီလေ ...မနက်ဖြန်တွေ့မှ ပွင့်ပွင့်လင်းလင်း ထပ်ပြော





ကြတာပေါ့"ဟု ဆိုလိုက်၏။

"ဟုတ်ကဲ့"

"ကျွန်တော်တို့ တံခါးမရှိ ပြောကြရအောင်ဗျာ"

သည်တစ်ခွန်းကို သူဘာလို့ နှုတ်ဖျားက ထွက်သွားမိသလဲ။ သူကိုယ်သူ အံ့သြပါသည်။

ရွှေတွယ်တာကို သူ အမှတ်တမဲ့ သက်ဝင်နှစ်ခြိုက်သွားမိသလား။

သူ့ကားအေးမှာ လက်ကလေးပိုက်ကာ ငြိမ်သက်စွာ ရပ်နေသော မိန်းကလေးသည် မမြင်ရသော လွှမ်းမိုးမှုတစ်ခုနှင့် သူ့ကို ဖမ်းစားသိမ်းပိုက်သွားသလိုရှိတာ အမှန်ပါ။ သူ ရုတ်တရက် စိတ်လှုပ်ရှားမိသည်။ ကားထဲက ပြန်ဆင်းမိသည်။

ရွှေတွယ်တာက သူ့ကို လက်ကလေးပြကာ ကျန်ရစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းမိုး သက်ပြင်းရှိုက်မိသည်။

သူ အခုလို ဖေဖေ့စကား နားထောင်ပြီး ရွှေတွယ်တာကို လာတွေ့တာသိလျှင် ပုံ အရမ်းစိတ်ဆိုးတော့မှာ။

သူမှာ သက်ထားပုံဆိုသော အချောအလှလေးရှိထားလျက်နှင့် တကယ်ဆို ဖေဖေ့စကားကို သူ ငြင်းပယ်သင့်တာပါ။

ပကတိရိုးသားသော ရွှေတွယ်တာတို့ မိသားစုအပေါ် သူ့ဘက်က လှည့်စားလိမ်ညာသလို ဖြစ်မှာစိုးလှပါသည်။

သူ ဘာကိုမှန်းမသိ နှောင်တရလာသည်။

× × × ×





သက်ထားပုံက မလွှတ်စတမ်း ဆွဲထားသောလက်ကို သိသိသာသာ ရုန်းဖယ်ပြီး ရွှေအာကာကို အေးစက်စွာ စိုက်ကြည့်၏။ ခတ်ပုံရိုက်ပြီးချိန်အထိ သူက လက်ဆွဲထားတုန်း။ လူကို သူ့ရည်းစားများ မှတ်နေသလား။

တကယ်လွန်လွန်းသည်။

ပုံမှာ ချစ်သူရှိတာသိအောင် ပြပြီးသား။ သိလည်း သိထားပြီးသား။ မျက်စိရှေ့မှာလည်း မြင်ပြီးသား။ ဘယ်လိုလူလဲ။ အရှက်



www.burmeseclassic.com

www.burmeseclassic.com



နည်းလွန်းပါလား။

ကိုကို့ကို မြင်သွားသည့်နေ့တုန်းကတော့ မျက်နှာအပျက်ကြီးပျက်ကာ အရမ်းကြေကွဲသွားပုံမို့ ပုံတောင် ကရုဏာဖြစ်မိသေးတာ။ သည်နေ့တော့ ခါတိုင်းထက် ရဲတင်းသွက်လက်ကာ ပုံ့သား နားတကပ်ကပ်။

မုန်းဖို့ကောင်းလိုက်တာ။

"ပုံ"

"ဟင်"

သိလည်းမသိပါဘဲ သူခေါ်ပုံကလည်း တရင်းတနှီး။ နာမည်ကိုပင် အဖျားဆွတ်ကာ ခေါ်နေသေးသည်။

"အိမ်အပြန် ကျွန်တော်လိုက်ပို့မယ်"

ပုံထိုင်နေသော ခုံ၏ ကျောမှီလက်တန်းကို လက်တစ်ဖက်လှမ်းတင်ကာ ပြောပုံက ပိုင်စိုးပိုင်နင်း။





သူက ဘာကိစ္စ လိုက်ပို့ရမှာလဲ။ သူ့ကို ဘယ်သူက လိုက်ပို့ခိုင်းလို့လဲ။ ရာရာစစ။

ပုံ သူ့ကို လုံးဝ ကြည့်မရချင်တော့ပါ။

"ပုံတို့အိမ်လည်း ရောက်ဖူးသွားအောင်"

သက်ထားပုံက ရွှေအာကာကို မျက်စောင်းရှယ်ကာ မျက်နှာလွှဲရင်း ...

"ဘာတွေလာပြောနေတာလဲ"ဟု မေးမိ၏။

"ကျွန်တော် ခင်ဗျားနဲ့ ခင်မင်ရင်းနှီးချင်တယ်"

"ဘာ"

"ကျွန်တော့်ပုံစံကိုကြည့်ရင် သိသာပါတယ်"

"အရူး"

သက်ထားပုံက မညှာမတာ ပြောမိတော့သည်။

"ကျွန်မမှာ ချစ်သူရှိတယ်၊ အဲဒါ ရှင်လည်းမြင်သားပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းပဲပြောမယ် မနှောင့်ယှက်ပါနဲ့"

"သိသားပဲ"

"သိရင် ကင်းကင်းရှင်းရှင်းနေပေးပါ"

"မနေပေးနိုင်ဘူး"

"ဘာ"

"ငါ ဘာမှဂရုမစိုက်ဘူး"

သက်ထားပုံက သူ့ကို စူးစူးနဲ့ကြည့်သည်။

"မင်းရှည်းစားကို လုံးဝအထင်မကြီးဘူး၊ လုံးဝ ဂရုမစိုက်ဘူး၊ မင်းနဲ့သူ စေ့စပ်ထားလို့လား"

"ရှင် တော်တော် မျက်နှာပြောင်တိုက်ပါလား"

"ငါ ...မင်းကိုသဘောကျတယ်"

"သေလိုက် ...လဲသေ"

ဒေါသနှင့် အော်မိသည်။ စကားလုံးတွေလည်း ကြမ်း





တမ်းရင့်သီးကုန်ပြီ။

"ငါ မင်းကို စိတ်ဝင်စားခွင့်ရှိတယ်၊ ပိုးပန်းခွင့်ရှိတယ်၊ အဲဒါ ငါ့အခွင့်အရေးပဲ"

"ရှင် အရူးပဲ၊ တကယ့်အရူး"

"မင်းထင်ချင်သလိုထင်၊ ပြောချင်သလိုပြော"

"ရှင် ကျွန်မကို မနှောင့်ယှက်ပါနဲ့"

သက်ထားပုံက သူ့ကို လက်ညှိုးရွယ်ကာ သတိပေးလာ၏။ ရွှေအာကာကို အရမ်းဒေါသဖြစ်ကာ ဖွေ့ဖွေ့ခုန်နေမိပြီ။ ဘာလို့ သည်လိုတွေ ဖြစ်ကုန်တာလဲ။

အစတုန်းကတော့ သူမာနနှင့်သူ ခပ်တင်းတင်း။ သည်နေ့မှ မျက်နှာပြောင်တိုက်ကာ ပုံစံတစ်မျိုးဖြစ်လာတာပါ။ ဘာကြောင့် ပြောင်းလဲသွားပါလိမ့်။

သူ့စကားတွေက ဘာကိုမှ ဂရုမစိုက်သလို ဂျစ်ကန်ကန်။



www.burmeseclassic.com

www.burmeseclassic.com



အသားတွေ တဆတ်ဆတ်တုန်အောင်ပင် စိတ်ဆိုးမျက်ရှမိသည်။ ပုံ့ကို အသားလွတ်ကြီး စော်ကားရန်စနေလို့ပါ။

"မင်းဟာကြီးအကြောင်းလည်း စုံစမ်းကြည့်ဦး"

ရွှေအာကာ၏ ထိုစကားက ပုံ့ကို အံ့အားသင့်စေသည်။ သူက ဘာတွေသိထားလို့လဲ။ ဘာတွေများ မဟုတ်တာတွေ ကြံဖန်ပြောဦးမလို့လဲ။

ပုံက ကိုကို့ကို အကြွင်းမဲ့ယုံသည်။

"မင်းတကယ်သတ္တိရှိရဲ့လား၊ မင်းတကယ် ရင်ဆိုင်ရဲလား၊ မင်းဟာကြီး ဘာတွေလုပ်နေတယ်၊ ဘယ်ခြေလှမ်း လှမ်းနေတယ်ဆိုတာ ငါပြမယ်"

"ရှင် ဘာတွေပြောနေတာလဲ"

ရွှေအာကာက ကျွတ်ခနဲ ရေရွတ်ပြီး ချာခနဲ လှည့်လိုက်သည်။ သူ စကားကျွံသွားပြီ။ မခံချင်စိတ်နှင့် ပြောလိုက်မိတာပါ။





ပုံ့အနားက သူ ရှောင်ထွက်လာသည်။ ပထမတော့ ပုံက ကြောင်ငေးရပ်နေပြီးမှ နောက်တော့ ပြေးလိုက်လာသည်။ သူ့ရှေ့ ပိတ်ရပ်သည်။

"စကားကို ရှင်းအောင်ပြောစမ်းပါ၊ ကိုကို့ကို မစော်ကားနဲ့၊ ရှင် ဒီလိုတွေ လုပ်ကြံပြောတိုင်း ကျွန်မက ယုံရမှာလား၊ အဲဒီလောက် မအသေးဘူး"

"မဖိုး အ,လွန်းလို့ မကြည့်ရက်လို့ ပြောမိတာ ပုံ"

ရွှေအာကာက သူ့ကို မော့ကြည့်နေသော ပုံ၏ ပခုံးလေးနှစ်ဖက်ကို လက်နှင့်ဆုပ်ကိုင်ကာ ...

"ငါ မင်းကိုချစ်တယ် ပုံ"ဟု ဖွင့်ဟမိတော့သည်။ ခဏတာရက် ပုံက အငိုက်မိပြီမိသက် နားထောင်နေပြီးမှ ချက်ချင်းပဲ ...

"ရှင် ...ဘာလုပ်တာလဲ၊ လက်တွေဖယ်"

ဟု ငြင်းဆန်နောက်ဆုတ်မိတော့သည်။

"ကိုကိုနဲ့ ပတ်သက်ပြီး ရှင်ဘာသိထားလဲ"

သိချင်တာပဲ ထပ်တလဲလဲ မေးလာ၏။

"ပြောပြမယ် ...ဒါပေမယ့် ပုံ ကျွန်တော့်ကို စဉ်းစားပေးမလား"

သက်ထားပုံက ရွှေအာကာကို တစ်ချက်ကြည့်ကာ ...

"ရှင်ပြောနေတာတွေ နားမလည်ဘူး၊ ကိုကိုရှိနေရက်သားနဲ့ ကျွန်မက ရှင့်ကို ဘယ်လိုစဉ်းစားရမှာလဲ"

"အဲဒီဟာကြီး မင်းအပေါ်မကောင်းဘူး"

"မယုံဘူး"

ရွှေအာကာက ဘယ်လိုပြောရမှန်းမသိ။

သူချစ်တာက ပုံ။ သက်ထားပုံ သူ့ဘက်ပါလာလျှင်ပြီးရော။ မမလည်း ထိခိုက်ခံစားစရာမရှိ။ အကောင်းဆုံးက သက်ထားပုံကို အကြောင်းစုံသိစေပြီး သူ့ဘက်ပါအောင် စည်းရုံးဖို့ပါပဲ။

"ကောင်းပြီလေ ...ကျွန်တော် ပုံ ယုံအောင်လုပ်ပြမယ်၊ အဲဒါဆိုရင်ရော"

"ရှင် အောက်တန်းကျတဲ့ ဉာဏ်နီဉာဏ်နက်တော့ မသုံးလောက်ပါဘူးနော်"

ရွှေအာကာက တဟက်ဟက်ရယ်သည်။ နာကျင်သောရယ်သံနှင့်။ ကိုမင်းမိုးကြောင့် သည်ရက်တွေထဲမှာ သူ့ အရှုံးခံစားခဲ့ရသည်။ ဘယ်သူ့ကို ဖွင့်ဟပြောပြရမှန်းလည်းမသိ။ ခုတော့ ပုံ့ကို သူပြောပြလိုက်တော့မည်။

"ကျွန်တော် ဖုန်းဆက်မယ်၊ ပြီးရင် လာခေါ်မယ်"

"ဟင် ...ဘယ်ကိုလဲ"

ပုံက ထိတ်လန့်စွာ မျက်လုံးဝိုင်းကလေးနှင့် မေးသည်။ ရွှေအာကာကို ဖွတ်တရွတ်နိုင်လှသူဟု ပုံက ထင်နေပါပြီ။







www.burmeseclassic.com

www.burmeseclassic.com



"မင်း ခေါင်းမညိတ်ဘဲ မင်းကို စိတ်နဲ့တောင် မပစ်မှားဘူး၊ နားလည်ရဲ့လား"

သူ့စကားက ကြီးကြီးကျယ်ကျယ်မို့ ပုံက မျက်စောင်းရွယ်သည်။ ရွှေအာကာက ပုံကို ရွှန်းရွှန်းစားစားကြီး စိုက်ကြည့်ကာနေ၏။

ပုံက ခေသိမသာ မျက်နှာလွှဲမိသည်။

သူ့စကားတွေကြောင့် ပုံ အရှမ်းစိတ်ရှုပ်သွားတာအမှန်ပါ။ သူ့အကြည့်တွေက အသက်ပါလွန်းတော့ ပုံ လန့်သည်။ သူ တကယ်ပဲ ကိုကို့အကြောင်းတွေ သိထားသလား။

ရင်ထဲမှာ ပူစပ်ပူလောင် ဖြစ်လာ၏။

ကိုကိုက ဘာတွေလုပ်နေလို့ သူက ကိုကို့ကို အထင်သေးစကား ပြောရတာလဲ။

ပုံနဲ့ ကိုကို့အချစ်ကို သူ ဘာလို့ မလေးစားတာလဲ။ ပုံ့





ချစ်သူ ကိုကို့ကို သူဘာလို့ အသိမှတ်မပြုရတာလဲ။

ကိုကိုရယ် ...

ကွယ်ရာမှာ ဘာတွေလျှောက်လုပ်နေလို့ ပုံ့ကို သူက သည်လိုဆက်ဆံရဲတာလဲ။

ပုံ မျက်နှာငယ်ရအောင် ကိုကိုလုပ်နေပြီလားဟင်။

ရွှေအာကာက သက်ထားပုံကို ကြည့်ကာ ကရုဏာသက်မိသည်။ ပုံ မျက်နှာလေးက ဖျက်သထက်ဖျက်ကာ ယုံရခက် မယုံရခက်နှင့် ဇဝေဇဝါ။

"ကျွန်တော် ဖုန်းဆက်တဲ့အချိန် ပုံ ထွက်လာနိုင်အောင် ကြိုးစားပါ၊ မြင်မှ ယုံနိုင်မယ်မဟုတ်လား"

"မြင်ရုံနဲ့လည်း မယုံသေးဘူး"

"ဒါကတော့ ခင်ဗျားသဘောပဲ"

ရွှေအာကာ စိတ်မရှည်တော့ပေ။ ပုံက ကိုမင်းမိုးအပေါ်



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်မှု လွန်ကဲကာနေသည်။ အကြောင်းစုံကိုသိလျှင် ပုံ မှောက် တစ်လှမ်းဆုတ်နိုင်ပါ့မလား။

"ရှင့်ကို ဘာကြောင့်မှ ကျေးဇူးမတင်ဘူး"

သူ့ကို ပြတ်ပြတ်သားသား ပြောလာ၏။

"ရှင်က ကျွန်မတို့ ချစ်သူချင်း စိတ်သဘောထား ကွဲစေချင်တယ်မဟုတ်လား၊ ရှင့်ရည်ရွယ်ချက်က မရိုးသားဘူး၊ မသန့်ရှင်းဘူး"

ပုံ စွပ်စွဲသမျှ ငုံ့ခံရင်း ရင်ထဲအောင့်တက်လာ၏။

ပြောရက်လိုက်တာ။

စိတ်မကောင်းလည်း ဖြစ်ရသည်။

"ကိုကိုနဲ့ကျွန်မ ဘာပဲဖြစ်ဖြစ် ရှင့်ကို ဘယ်တော့မှ လက်မခံဘူး၊ အဲဒါ ကြိုပြောထားမယ်"

ရွှေအာကာက တုံ့ပြန်စကားမဆို။





"ရှင့်ကို လုံးဝစိတ်မဝင်စားဘူး"

သက်ထားပုံက ဒေါသလက်ကျန်နှင့် သူ့ကို ခါးသီးနေမိသည်။ တကယ်ဆို သည်လောက်ကြီးပြောဖို့လည်း မလိုအပ်ပါ။ သူနှင့်ပုံက ဝါသနာတူ အလုပ်တူ အနုပညာခေါင်နှမတွေပါ။ ပုံက ချက်ချင်းပဲ နှုတ်ခမ်းကိုက်ကာ ထိန်းမိသည်။ ရွှေအာကာက ပုံအနားကနေ တရွေ့ရွေ့ ထွက်ခွာလျှောက်လှမ်းသွားသည်။

သက်ထားပုံ တစ်ယောက်တည်း မလှုပ်မယှက် ငြိမ်သက်ရပ်နေမိသည်။

သူ့စကားတွေက စေတနာစကား ဟုတ်ပါ့မလား။ ကိုကို့ မကောင်းကြောင်း ပြောပြီး ကိုကို့နေရာကို သူက အစားထိုးလိုနေတာမို့ သူ့စေတနာက မဖြူစင်နိုင်။

သက်ထားပုံက ချက်ချင်းပဲ ကိုကို့ဆီ ဖုန်းဆက်သည်။ သည်ညနေ ကိုကိုနှင့် တွေ့မည်။ မသိမသာ မေးမြန်းအစ်ဆောက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရမည်။

ကိုကို့ တကယ်ပဲ တခြားစာတ်လမ်းတွေ ရှိနေပြီလားဟု တွေးရင်း မောလာမိ၏။

"ကိုကိုလားဟင်"

"ဟုတ်တာပေါ့"

"ကိုကို ...ပုံတို့ ညစာအတူတူစားရအောင်"

သက်ထားပုံက လိုရင်းဆိုမိသည်။

"အင်း ...ကောင်းသားပဲ၊ ဟာ ...နေဦး ဒီည ကိုကို မအားဘူး၊ ဆောရီး၊ မနက်ဖြန် ကိုကို လာခေါ်မယ်လေ"ဟု ပြန်ပြောလာသောအခါ ...

"ဘာကိစ္စရှိလို့လဲ ကိုကို"ဟု မေးမိသည်။

"အလုပ်ကိစ္စပါ"

တိုတိုတုတ်တုတ်အဖြေကို ဘဝင်မကျချင်ပါ။





"ပြီးရောလေ ...မနက်ဖြန်မနက် စောစောလာခဲ့နော်"

"အိုကေ ..လာခဲ့မယ်"

ပုံက ဖုန်းချပြီး သက်ပြင်းရှိုက်သည်။

"ရွှေအာကာ ပြောနေတာတွေ မဟုတ်ပါစေနဲ့"ဟု တိတ်တဆိတ် ဆုတောင်းနေမိ၏။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



ရွှေအာကာက ဖုန်းပင်မဆက်ဘဲ လာခေါ်တော့ သက်ထားပုံက အံ့အားသင့်ကာ လိုက်သွားသင့်ရဲ့လားဟု ဆန်းစစ်နေမိသေးသည်။

ပုံ ဆုံးဖြတ်ချက်ကို သူက စောင့်နေသည်။ ဘာမှမတိုက်တွန်း။ သူလည်း မျက်နှာပျက်နေ၏။

ပုံ ချိတ်ချတုံနှင့် နောက်တော့ သူ့ကားပေါ် တွေတွေဝေဝေ ပါလာခဲ့သည်။

ပြီး ◆ ၁၁၉၄

www.burmeseclassic.com

www.burmeseclassic.com



"ပုံ"

သူ့ခေါ်သံက လေးနက်သည်။ အတည်အတံ့ ပြောချင်ပုံလည်းရသည်။ ပြီးတော့ ဟူးခနဲ သက်ပြင်းချသည်။ ခေါင်းမရမ်းရမ်းနှင့် …

"ကျွန်တော် မှားရင်လည်း မှားမယ်၊ ပုံ့အပေါ် မတရားရာရောက်ချင်လည်း ရောက်မယ်၊ ပုံ ကျွန်တော့်ကို ခွင့်လွှတ်နားလည်ပေးပါ။ ကျွန်တော် ပုံ့ကို ရက်စက်ချင်တာမဟုတ်ဘူး၊ ကိုမင်းမိုးနေရာကို လိုချင်တာ တစ်ခုတည်းနဲ့ ဒီလိုလုပ်တာမဟုတ်ဘူး၊ အားလုံးအတွက်ပါ။ အဖြေတစ်ခု ထွက်လာရင် အဲဒီအဖြေကို ကျွန်တော်တို့ လက်ခံရမှာပဲလေ"

သူ့ ကြိုတင်ရှင်းပြတောင်းပန်ထားမိသည်။

"ကျွန်တော့်စကားတွေမှာ ပုံ့ကို စော်ကားသလိုဖြစ်နေခဲ့ရင် ပုံ ခွင့်လွှတ်ပေးပါ"





သက်ထားပုံက သူ့ကို နားမလည်စွာ ကြည့်နေ၏။ ရွှေအာကာ ကိုမင်းမိုးနှင့် မမရွှေတွယ်တာ ရှိမည့်ဆိုင်ကို ဖွန်းဆက်သည်။

"မမလား …အခုဘယ်မှာလဲ"

သက်ထားပုံက သူ့ကို မယုံမရဲနှင့် ငေးစိုက်ကြည့်နေ၏။

"ဩော် …ဟုတ်လား ဘာကိစ္စမှမရှိပါဘူး"

နေရာသိပြီးသောအခါ ရွှေအာကာက ဖုန်းပိတ်သည်။

"မမဆိုတာ ဘယ်သူလဲ"

ပုံ့မေးသံက မာမာတောင့်တောင့်။

"ကျွန်တော့်အစ်မအရင်း ရွှေတွယ်တာပါ"

"သူနဲ့ကိုကိုနဲ့ ဘယ်လိုပတ်သက်နေလဲ"

သက်ထားပုံ၏ မေးခွန်းကို သူမဖြေပါ။

"ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းမိုးကို မေးသင့်တယ်"

ရွှေအာကာက ဒါပဲဖြေသည်။

မမရွှေတွယ်တာ ပြောသော ဆိုင်ကလေးကို ဦးတည်မောင်းလာခဲ့၏။ ပြဿနာတစ်ခုကို သူဖြေရှင်းပုံ မှန်ပါရဲ့လား။ သူကတော့ ပုံ့ကို ချစ်နေသူမို့ ပုံ စိတ်ပျက်နောက်ဆုတ်သွားတာပဲ လို့ချင်သည်။

ကိုမင်းမိုးက ပုံ့လောက် သူ့ကိုမချစ်။

သူသာဆို ပုံ့ရှိရက်နှင့် နောက်ထပ်တစ်ယောက်ကို လက်ထပ်ဖို့ လှေလာကြည့်ဖြစ်မှာ မဟုတ်ပါ။

"ကိုမင်းမိုးနဲ့ ကျွန်တော် ပြိုင်ဘက်မဟုတ်ဘူး"

ရွှေအာကာက အေးစက်စွာပြောသည်။

"သူ ကျွန်တော်နဲ့ ယှဉ်ဖို့တောင် မတန်ဘူး"

ပုံက တိတ်ဆိတ်စွာ နားထောင်နေ၏။





"သူက ပုံ့ကိုမချစ်ဘူး"

သည်စကားလုံးတွေက ပုံ့နှလုံးသားကို နာကျင်စေမှာ သိပါသည်။ နားခါးရင်လည်း မတတ်နိုင်။

သူ့ရင်ထဲမှာ မျိုသိပ်တင်းကြပ်နေခဲ့ရတာ ကြာပါပြီ။ ပုံ့ကို သူ ဖွင့်ပြောလိုက်မှ ပေါ့ပါးသွားလိမ့်မည်။

"ကိုကို့ကို ရှင် မဝေဖန်ပါနဲ့"

"အေးပါ ...မင်းကသာ ကိုကို ကိုကိုနဲ့ ဖြစ်နေတာ"

ကိုမင်းမိုးဘက်ကနေ ခုထက်ထိ ကာကွယ်ချင်တာကို ကြည့်မရပြီ။

"အခုအရေးကြီးတာ မင်းဘက်က ပြဿနာမရှာဖို့ဘဲ။ အေးအေးဆေးဆေး ပြန်ကြဖို့ပဲ"

ရွှေအာကာက ကြိုတင်တားမြစ်လိုက်သည်။

ပုံက နှုတ်ခမ်းလေးမဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို အမိန့်လို နားထောင်ရမှာလား။

သူက ဘာမို့လို့လဲ။ မနာခံနိုင်ပါ။

ရွှေအာကာက ဘယ်လိုပဲ ကြိုတင်သတိပေးတားမြစ်ထား ထားပုံက မမနှင့် ကိုမင်းမိုးကို အတူတူ စကားလက်ဆုံကျ ရယ်မောနေတာ မျက်ဝါးထင်ထင် မြင်ရသောအခါ ဖွတ်ခနဲ ပြေးတော့သည်။

"ပုံ"

သူ အချိန်မီ လက်ကောက်ဝတ်ကလေးကို ဖမ်းဆုပ်ထားလိုက်၏။ ပုံ ရုန်းပေမယ့် သူမလွှတ်။

"အစကတည်းက ပြောထားပြီးသား"

"လွှတ် ...လွှတ် ...ရှင်လွှတ်ပါ၊ ပုံ မကျေနပ်ဘူး"

ချက်ချင်းကြီး ငိုသံပါလာတော့ သူ တုန်လှုပ်မိသည်။

"ပုံရယ် စိတ်ထိန်းပါ"





သူ သတိပေးသည်။

"ရုပ်ပျက်ဆင်းပျက် မဖြစ်သင့်ဘူးလေ"

ပုံက သူ့ကို မော့်ကြည့်သည်။

"ကျွန်တော် တကယ်စိတ်မကောင်းပါဘူး ပုံရယ်"

"ရှင် ဝမ်းသာကျေနပ်တယ် မဟုတ်လား"

"လုံးဝမဟုတ်ဘူး၊ အဲဒီလိုအောက်တန်းကျတဲ့ စိတ်ဓာတ် မရှိပါဘူး"

"ရှင့်အစ်မကို သွားရှင်းပြမယ်"

"အဲဒါ ကျွန်တော် ခွင့်မပြုဘူး"

ပုံက နှုတ်ခမ်းလေး နာနာဖိကိုက်သည်။

ရွှေအာကာက မမရွှေတွယ်တာအကြောင်း အနည်းငယ်ဖွင့်ဟပြောပြမိသည်။ မမ အချစ်ကိုကြောက်လန့်နေတာ ရှေ့မတိုးရဲတာ၊ ကြီးမားသော နောင်တတစ်ခု ရခဲ့ဖူးတာ ရှင်းပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါတော့ မမ ခံစားရမှာမျိုး မလိုလားဘူး"

သက်ထားပုံက ငြိမ်သက်စဉ်းစားနေ၏။ ခဏကြာတော့မှ သူမထင်မှတ်သော စကားတစ်ခွန်းကို ဆိုလာခဲ့ပါသည်။

"ကောင်းပြီလေ၊ ကျွန်မ ဒီလိုအရှုံးနဲ့ မပြန်နိုင်ဘူး၊ ရှင်ကူညီပါ။ ကျွန်မတို့ သူတို့ဝိုင်းဆော်က စားပွဲမှာ သွားထိုင်မယ်၊ ကျွန်မ အရှုံးမခံနိုင်ဘူး"

ရွှေအာကာ ပုံကို နားမလည်စွာ ကြည့်သည်။

"သူက အပြစ်လုပ်တာလေ၊ ပုံ အဲဒီလိုလုပ်ရင် အတူတူဖြစ်သွားမှာပေါ့"

"ဟုတ်တယ်လေ"

"ပုံက သူကွယ်ရာမှာ ဘယ်သူနဲ့မှ မတွဲဘူး"

သက်ထားပုံက ခေါင်းယမ်းသည်။

"သူက စိတ်နှစ်ခွနဲ့လူ၊ ကျွန်မသေတောင် မလွှမ်းတော့





ဘူး၊ ကျွန်မ တန်ဖိုးထားသမျှ သူစော်ကားလိုက်ပြီပဲ"

ခါးသီးနာကျင်စွာ ရေရွတ်သည်။

"ကျွန်မလည်း သူလိုပဲလို့ သူထင်စေရမယ်"

"ဗျာ"

"ပြီးတော့ ရှင်က သူ့ယောက်ဖလောင်း"

"ဟာ ...ခင်ဗျား ကျွန်တော့်ကို အသုံးချမလို့လား၊ ဟုတ်လား" ဟု လန့်အော်မိတော့သည်။

"ဒါပေါ့ ...သူတောင် ရှင့်အစ်မကို"

"တော်ပါတော့ဗျာ"

သူလက်ကာပြမိသည်။

ပုံက အကြီးအကျယ် ပေါက်ကွဲဒေါသဖြစ်နေတာ။

"ရှင် ...ကျွန်မပြောသလို မလုပ်ရင် ကျွန်မ သူတို့ဆီသွားမယ်။ မျက်နှာချင်းဆိုင်ရှင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေအာကာက သက်ပြင်းရှိုက်သည်။

"ခင်ဗျားသဘောပဲ၊ ကျွန်တော်က ယောကျ်ားလေးပါ။ စဉ်းစားသင့်တာက ခင်ဗျား"

နှလုံးသားကို အဆိပ်ရည်ဖျန်းလိုက်သလို အဆိပ်သင့်ခဲ့ပြီမို့ မှန်ထူကာ ဘာမှမစဉ်းစားချင်။

ပုံက ရွှေအာကာ့လက်မောင်းကို ပိုင်ပိုင်ချိတ်ကာ ခေါင်းလေးမော့ပြီးလျှောက်တော့ ရွှေအာကာ့ရင်ထဲ မှန်းကြပ်လေးပင်သွား၏။

မာနကြီးလိုက်တာ ပုံရယ်။

သက်ထားပုံ၏ မာန်မာနကို သူ လန့်သွားမိသည်။

လက်မောင်းချိတ်ရတာကိုတော့ ပုံ့စိတ်ထဲ ဘယ်လိုမှမနေ။ ရှိုးတိုးရှန့်တန့်လည်း မဖြစ်တော့ပါ။ နှစ်ယောက်စလုံး ပထမဆုံချိဝ်ပြီးကတည်းက မကြာခဏ တရင်းတနှီး ခေတ်ပုံတွဲတွဲရိုက်





နေရတာမဟုတ်လား။

ပုံ့အတွက် ရိုးနေပါပြီ။

ရွှေအာကာ မျက်နှာမပျက်အောင်ထိန်းပြီး ဆိုင်ထဲဝင်လာခဲ့ပါသည်။

ကိုမင်းမိုးနှင့် မမရွှေတွယ်တာကို ဘယ်လိုရင်ဆိုင်ရမလဲ။ တွေးပြီး မျက်နှာပူသည်။

စောစောကလဲ သူက မမတို့ရှိနေမည့်ဆိုင်ကို ဖုန်းဆက်မေးခဲ့သေးတာမို့ သူတို့တမင်ရောက်လာတာကို သိမှာမလွဲမသွေ။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



"ရွှေတွယ်တာ အရင်ပြောလေ"

ရွှေတွယ်တာက ခေါင်လေးဆီက ဖုန်းဝင်လာပြီးသောအခါ ဖုန်းကို စားပွဲပေါ်ပြန်ချထားပြီး အအေးကို ပိုက်ကလေးနှင့် စုပ်သောက်သည်။

"အရမ်းအထူးအဆန်းတော့ မဟုတ်ဘူး"

"အင်း"

မင်းမိုးက ဂရုတစိုက် လှမ်းကြည့်ကာ နားထောင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတွယ်တာ၏ နူးညံ့သိမ်မွေ့သော သဏ္ဌာန်လေးကို သူ မြတ်နိုး နေမိပြီလေ။

ရိုးရိုးအေးအေးလေးနှင့် သူ့ကို ဖမ်းစားနိုင်သည်။ ရက်ပိုင်းကလေးအတွင်းမှာ သူ့စိတ်ကို အဲဒီလောက်ထိ လွှမ်းမိုးယှိုင်စေသည်။

သူ တကယ်ပဲ မထင်ခဲ့။ အငိုက်မိသွားရပြီ။

ပိုက ဖုန်းဆက်ခေါ်တာပင် သူ ငြင်းခဲ့သည်။

သူကိုယ်သူ ထင်ထားခဲ့မိတာက ပို့အပေါ် လေးနက်လွန်းသည်ပေါ့။

ဘယ်လိုလုပ်ပြီး ပို့ထက်ကျော်ကာ ရွှေတွယ်တာက ရှေ့ရောက်လာပါလိမ့်။

မြင်းပြေးပွဲတစ်ခုနှင့် တင်စားရလျှင် အချိုးအကွေ့တစ်ခုမှာ ပထမနှင့် ဒုတိယနေရာချင်း ချက်ချင်းချိန်းသွားသလို ဒုတိယက နံပါတ်တစ်နေရာ ရှေ့ဆုံးကို တမဟုတ်ချင်း ရောက်လာသလိုပါ။

သူ့နှလုံးသားကို သူ့အံ့အားသင့်မိသည်။

ဘယ်လိုကြောင့် အဲဒီလိုဖြစ်ရပါလိမ့်။ ပို့ကို သူအားနာသည်။ သနားသည်။ ပို့အပေါ် သူမတရားလုပ်မိပြီ။

"တက္ကသိုလ်ကျောင်းသူဘဝတုန်းက ရည်းစားတစ်ယောက် ထားဖူးတယ်။ သူ့ကို အရမ်းယုံကြည်ခဲ့မိတယ်။ သူက လှည့်စားတတ်တယ်၊ မာယာများတယ်။ ကျွန်မ အညာမိခဲ့တယ်။ အရမ်းနောင်တရခဲ့ဖူးတယ်"

"ဪ"

မင်းမိုးက အရေးမကြီးသလို 'ဪ' ဟု ရေရွတ်သည်။

"ဒီကိစ္စကို တစ်နေ့နေ့ရာကနေ ရှင် ပြန်ကြားနိုင်တယ်။ တစ်စိတ်တစ်အိတ်လုပ်တတ်တဲ့ သူတွေနဲ့တွေ့ရင် အထင်လွဲစရာ ဖြစ်နိုင်တယ်"







www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"သူ့နောက်ကို ကျွန်မ လိုက်ပြေးခဲ့ဖူးတယ်"

"ဗျာ"

မင်းမိုး ကိုယ်ကြီးမတ်လာပြီး ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။ တကယ်ပဲ အဲဒီလောက်အထိ ဖြစ်ခဲ့သလား။ ရွှေတွယ်တာက ရိုးသားစွာ ဝန်ခံလာသည်။

"ဒါပေမယ့် ချက်ချင်းပဲ မေမေလာခေါ်ခဲ့တယ်"

"အင်း"

"ကျွန်မဘဝမှာ ပြန်မတွေးချင်တော့တဲ့ အရိပ်မည်းကြီး တစ်ခုပါပဲ။ ရှင်းရှင်းပြောရရင် အချစ်ရေး၊ အိမ်ထောင်ရေးကို ကျွန်မ အယုံကြည်မရှိတော့ဘူး၊ အရမ်းကြောက်သွားပြီ"

ရွှေတွယ်တာက မျက်နှာကလေး ရှုံ့မဲ့ကာဆိုသည်။

"ဘယ်တော့မှ မစဉ်းစားဘူးလို့ ဆုံးဖြတ်ခဲ့တယ်၊ အခု





အမေတို့က တိုက်တွန်းတာကြောင့် ကိုမင်းမိုးနဲ့ တွေ့ကြည့်တာပါ။ ပ်တစ်ကြိမ် ကျွန်မ ရင်မဆိုင်ချင်တော့ဘူး"

မင်းမိုးက ကရုဏာနှင့် သက်ပြင်းရှိုက်သည်။

သူ အဲဒါတွေ ဘာမှမသိခဲ့ပါ။

"ကျွန်မအပေါ် ရိုးသားပါ၊ ပွင့်လင်းပါ၊ မလှည့်စားပါ ဘာပဲဖြစ်ဖြစ် ကျွန်မထပ်ပြီး အရှုံးမခံချင်ဘူး"

ရွှေတွယ်တာက ကြိုးတင်တောင်းပန်လာ၏။

"စိတ်သဘောထားချင်း တိုက်ဆိုင်မှ ညီလို့ရမှ လက်တွဲ သွားဖြစ်မယ်ဆိုတာ ကျွန်မ သိပါတယ်။ တစ်ယောက်ကို စ်ယောက် လေးစားဖို့၊ မစော်ကားမိဖို့ အဲဒါပါပဲ ကျွန်မကောင်း ဆိုချင်တာ။ ကျွန်မက ဒဏ်ရာရှိခဲ့ဖူးတဲ့သူပါ။ ပြီးတော့ အဲဒီကိစ္စ ကို စိတ်မသန့်ရင်လည်း နောက်ဆုတ်ချင်ဆုတ်ပါ"

အေးတိအေးစက်ကလေးမို့ အဲဒီလောက် ပြတ်သားပိမ့်



www.burmeseclassic.com

www.burmeseclassic.com



မည်မထင်ခဲ့ပါ။

ရွှေတွယ်တာ ပျော့ညံ့သလိုလိုထင်ရပေမယ့် မာနတော့ ကြီးသည်။ ဖွင့်ဟဝန်ခံရဲစိတ်လည်း ရှိသည်။

"ကျွန်မပြောမယ်ဆိုတာ အဲဒါပဲ"

မင်းမိုးက ငြိမ်သက်စဉ်းစားနေပြီးမှ …

"ခိုးရာလိုက်ပြေးသွားဖူးတယ်လို့ ပြောတာမဟုတ်လား"

သူ့မေးခွန်းကြောင့် ရွှေတွယ်တာ မျက်နှာကလေး စပ်ဖျဉ်းဖျဉ်း ပူနွေးသွားရသည်။

"ချက်ချင်းလိုက်ခေါ်တယ်ဆိုတော့ ဘယ်နှစ်ရက်လဲ၊ ဘယ်နှစ်နာရီလဲ၊ အဲဒါ ပြောလို့ရမလား"

ရွှေတွယ်တာက မျက်လွှာချမိသည်။

အဲဒီလောက် စေ့စေ့စပ်စပ်မေးမည် မထင်ခဲ့ပါ။

"အသေးစိတ် သိချင်တယ်"





မင်းမိုးက တိတိကျကျ။

"ကျွန်မကို ရှင် ဆုံးဖြတ်ပြီးမှ ပြောပြရင်ဖြစ်မလား။ တကယ်လက်ထပ်တော့မယ်ဆိုရင် ကျွန်မဘက်ကလည်း စိတ်ရှင်းအောင် ပြောပြမှာပါ၊ ဒါပေမယ့် …"

"အိုကေ …ဟုတ်တာပေါ့၊ ဘာမှမဟုတ်သေးဘဲ ရှင်းပြဖို့မှ မလိုသေးတာ"

ရွှေတွယ်တာပြောပြသော အကြောင်းအရာက သူ့ကို တုန်လှုပ်စေသည်။ ကြေကွဲစေသည်။ သူဘာလို့ နက်နက်ရှိုင်းရှိုင်း ခံစားနာကျင်သွားရတာလဲ။ ရွှေတွယ်တာ့မှာ အဲဒီလိုအတိတ်မျိုး မရှိစေချင်။ သူ အံကြိတ်မိသည်။

"ရွှေတွယ်တာက အယုံလွယ်လို့ပေါ့"

"ဟုတ်တယ်၊ အဲဒီနောက်ပိုင်း ဘယ်သူ့ကိုမှ မယုံတော့ဘူး၊ မယုံတဲ့ရောဂါရှိနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ရယ်သံ လွင်လွင်ချိုချိုကလေးက အပြစ်ကင်းသည်။

"ဒီတစ်သက် ဘယ်သူ့ကိုမှ လက်ခံဖြစ်မယ်မထင်တော့ဘူး၊ အဲဒါကို မေမေက စိတ်ပူတာ" နဲ့

"အင်း"

မင်းမိုးကလည်း သူ့မှာ ကောင်မလေးတစ်ယောက် ရှိတာဖြင့် ဟာဝန်ခံမိသည်။ ရွှေတွယ်တာက မျက်လုံးကလေးပြူးသွား၏။ မင်းမိုးက ရယ်နေသည်။

"ဒါဆို ဘယ်လိုလုပ်မှာလဲဟင်၊ ဘယ်လိုစိတ်ကူးလဲ၊ ရွှေတွယ်တာ့ကို ရှင့်ဖေဖေက သဘောတူတာ၊ ရှင်အခုလို လာတွေ့တာတွေ သူသိရဲ့လား"

"မသိဘူး"

"ဟင်"

ရွှေတွယ်တာ မျက်နှာလေးငယ်သွားပြီး မပြုံးနိုင်တော့ပါ။





"ကျွန်တော်က ဘာသဘောမှ မဟုတ်ဘူး၊ သစ္စာဖောက်တာတို့ ဘာတို့ မဟုတ်ပါဘူး၊ ပြီးတော့ ဖေဖေစကားကို ကျွန်တော် လုံးဝဂရုမစိုက်သလို မနေချင်ဘူး"

မင်းမိုးကို ရွှေတွယ်တာ ရုတ်တရက် စိတ်ပျက်လာမိသည်။ သူ့မှာ ကောင်မလေးရှိနေတာ သိရတော့ တစ်မျိုးလေး ခံစားရသည်။ သူ့ဖေဖေစကားကြောင့် ရွှေတွယ်တာကို လက်ထပ်မှာမို့လား။

အဲဒီလိုဆိုရင်ဖြင့် ရွှေတွယ်တာဘက်က ငြင်းပါရစေတော့။ သူ့အတွက်စဉ်းစားပြီး ငြင်းပေးသင့်တာ ကိုယ်ဖြစ်နေပြီ။

"ကျွန်တော့်ကို တစ်မျိုးမြင်သွားလား"

"မမြင်ပါဘူး"

တစ်ခုခု ဆုံးရှုံးသွားသလို နှမြောကြေကွဲမိသည်။

ကိုမင်းမိုးကို ရွှေတွယ်တာ တိတ်တိတ်ကလေး နှင်းသက်



www.burmeseclassic.com

www.burmeseclassic.com



နေမိတာလား။

"ဟင် …မောင်လေး"

မောင်လေး ရွှေအာကာက သက်ထားပုံနှင့် လက်ချင်းချိတ်ကာ ဆိုင်ထဲဝင်လာသောအခါ ရွှေတွယ်တာ ဝမ်းသာအံ့ဩမိသည်။ သူတို့ ဘယ်လိုပြေလည်သွားပါလိမ့်။

"မောင်လေး …လာလေ"

"ရတယ် မမ၊ ကျွန်တော်တို့ ဟိုဘက်မှာ သွားထိုင်မယ်"ဟု ရွှေအာကာက လက်ကာပြပြီး ကိုမင်းမိုးကို ပြုံးပြနှုတ်ဆက်သည်။ မင်းမိုးက မျက်နှာအကြီးအကျယ် ပျက်သွား၏။ သက်ထားပုံက မျက်နှာကလေး ခပ်မော့မော့၊ နှုတ်ခမ်းလေးတွေက ပြုံးမြမြ။ မင်းမိုးကို ဘယ်တုန်းကမှ မသိခဲ့သလို။ သူ့ရင်ထဲမှာ ဆတ်ခနဲနာသည်။ ဟိုတစ်ခါ ပြိုင်ပွဲမှာတုန်းက ဆုအတူတူရရှိခဲ့သော ချာတိတ်ချောချောက ရွှေတွယ်တာ့မောင်လေးတဲ့လား။





မနောလိုဝန့်တိုစိတ်နှင့် သူ့ မျက်စိတွေပင် ပြာဝေသွားသလိုပါ။ ဒါ ဘာလုပ်တာလဲ ပုံဟု အော်ဟစ်မေးပစ်လိုက်ချင်ပါသည်။ ရွှေတွယ်တာဆီ ဖုန်းအရင်ဆက်ပြီးမှ ရောက်လာတာမို့ သူတို့ ကိုမင်းမိုးရှေ့ လာတွဲပြတာ သိသာသည်။ ပုံနှင့် ရွှေတွယ်တာ့မောင်လေးက ဘာလဲ။ ဘယ်တုန်းကတည်းက လာငြိနေကြတာလဲ။

သက်ထားပုံ သူ့အပေါ် သစ္စာမရှိပါလား။

"မောင်လေး …ဒါ ကိုမင်းမိုးတဲ့၊ ကိုမင်းမိုး သူက ရွှေတွယ်တာ့မောင်လေး ရွှေအာကာတဲ့၊ သူကလေးက ပုံတဲ့။ မောင်လေးချစ်သူပေါ့"

ဘာမှမသိရှာသော ရွှေတွယ်တာက ရိုးသားဖြူစင်စွာ မိတ်ဆက်ပေးသည်။ သူတို့သုံးယောက်ကတော့ အပြုံးတွေ မရိုးသား။ အကြည့်တွေလည်း မရိုးသားနိုင်။ အဓိပ္ပာယ်ပါပါ အကဲခတ်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော်နဲ့ မဆုံဖြစ်ကြဘူး၊ အခုမှ တွေ့ဖြစ်တော့တယ်"

ရွှေအာကာက လက်ကမ်းပေး နှုတ်ဆက်လာတော့ မင်းမိုးလည်း မတ်တတ်ရပ်ပြီး လက်ဆွဲနှုတ်ဆက်ရတော့သည်။ သက်ထားပုံက သူနှင့်မဆိုင်သလို ဘာကိုမှ စိတ်မဝင်စားသလို ပုံစံနှင့်။

မင်းမိုးက သက်ထားပုံကို စူးခနဲကြည့်သည်။

ရွှေအာကာက သူတို့နှင့် အနည်းငယ်လှမ်းသော စားပွဲမှာ သွားထိုင်သည်။

"မောင်လေးက ပုံ့ကို အရမ်းသဘောကျတာ"

"ဪ"

"သူတို့ အရမ်းလိုက်ဖက်တယ်နော်"

"အင်း"





မင်းမိုးက ဟန်မပျက် ခေါင်းညိတ်ရသည်။

"သူတို့သိတာ ကြာပြီလား"

"ကြာပြီ၊ ဒါပေမယ့် အခုမှ ချစ်သူတွေဖြစ်သွားကြတာ ထင်ပါရဲ့"

မင်းမိုးရင်ထဲ တင်းကြပ်သွားသည်။

ပုံ ...ကိုကို့ကို သင်ခန်းစာလှလှ တမင်ပေးလိုက်တာလား။ ကိုကို့အပြစ်နဲ့ကိုကို ခံလိုက်ရပြီ။ ကိုကို့ရှေ့မှာ တခြားတစ်ယောက်ကို လက်ချိတ်ထားတာတောင် ကိုကို တားမြစ်ပိုင်ခွင့်မရှိတော့ဘူး။ လက်ပိုက်ကြည့်နေရပြီ။

ပုံ ကိုကို့ကို အဲဒီလို ဒဏ်ခတ်သင့်ရဲ့လား။

"ခဏနေရင်ပြန်မယ်"

ပုံက ရွှေအာကာကို ခပ်တိုးတိုးပြောသည်။

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဆက်မနေချင်တော့ဘူး"

သက်ထားပုံက မျက်ရည်တွေ ဝေ့တက်လာသည်။

"ဟာ ...မင်းမငိုနဲ့နော်၊ မငိုဘူးမဟုတ်လား"

"မငိုပါဘူး"

နှုတ်ခမ်းလေးတုန်ကာ မျက်နှာကလေးမဲ့ပြီး မာနနှင့်ဖြေ၏။ ရွှေအာကာ စိတ်မကောင်း။

ပုံရယ်။

မင်းစိတ်ကို ဒဏ်ရာသင့်စေတော့လို့ မရည်ရွယ်ရိုး အမှန်ပါ။

ပုံက မှာထားသော စားစရာတွေကို မြန်မြန်စားသည်။ ပါးစပ်ထဲမှာ အရသာက မရှိ။

မျှော်လင့်ယုံကြည်ထားသမျှ ပျက်စီးဆုံးရှုံးရပြီဟု သေချာသိရသောအခါ ရင်နာမဆုံး။





မိန်းကလေးမို့ အားရပါးရ ငိုပစ်ချင်သည်။

ငိုချင်ပေမယ့် လူသိမခံရဲ။ မခံဝံ့။

တိတ်တိတ်ကလေး တစ်ယောက်တည်း ကြိတ်မှိတ်ငိုရှိုက်ချင်သည်။

အပြန်လမ်းမှာ နှစ်ယောက်စလုံး တိတ်ဆိတ်နေမိကြသည်။

"ငိုချင့်ရင်လည်း ငိုလိုက်ပေါ့"

ရွှေအာကာက တိုက်တွန်းသည်။

"ရှင့်ကို မုန်းတယ်"

"ဟုင်"

မဆီမဆိုင် နိုင်ရာမဲလာ၏။

"မုန်း ...မုန်း ရပါတယ်"

"ရှင် မတရားဘူး၊ ရှင့်အစ်မကို ကာကွယ်ပေးတယ်၊ ကျွန်မကိုကျတော့ ဒီလိုအပြစ်ဆိုးနဲ့ ကြဲစေတယ်။ ဒီမှာ ကိုယ့်ချစ်သူ



www.burmeseclassic.com

တစ်ယောက်က အဲဒီလိုက်စွမ်း တူ့းလွန်တာကို ရင်ဆိုင်ရတာ ဘယ်လောက်ဆိုးဝါးတဲ့ ဝေဒနာလည်း ရှင်မသိပါဘူး၊ ရှင်ဟာ ရက်စက်တတ်တဲ့သူပဲ''

သက်ထားပုံ စွပ်စွဲသမျှ သူ ခေါင်းငုံ့ခံရပါမည်။

မျက်ရည်မကျအောင် နှုတ်ခမ်းကို ဖိကိုက်ထားပေမယ့် မျက်ရည်တစ်စက် ပါးပြင်ပေါ် လွင့်စင်ကျဖြစ်အောင် ကျလာသည်။

ရွှေအာကာက မချိမဆန့် ခံစားနေရသော ပုံကို မကြည့် ရက်အောင် ဖြစ်ကာ သူမှားသွားပြီဟု နောင်တရမိသည်။ သူ ပယောဂမကင်း။

သူ ···သည်ကိစ္စတွေထဲ ဝင်မပါခဲ့လျှင် အကောင်းသား။ သူ သက်ပြင်းအခါခါ ချမိတော့သည်။

× × × ×





သက်ထားပုံက အခန်းထဲက မီးခလုတ်ကို ပိတ်ပြီးမှ အိပ်ရာပေါ် ငုတ်တုတ်ထိုင်နေမိသည်။

ရင်ထဲမှာ ဖြေလို့မရ။

လူက နေမထိထိုင်မသာ။

ကက်ဆက်ခလုတ်ကို ဖိနှိပ်ဖွင့်မိသည်။

ချစ်သုဝေ၏ 'အစွန့်ပစ်ခံလရောင်'သီချင်းက သက်ထား ပုံကို ပိုပြီး အားငယ်စေသလိုပါ။

www.burmeseclassic.com



ကြမ်းပြင်ပေါ် ဆင်းထိုင်ပြီး အမှောင်ထဲမှာ ပုံ တစ်ယောက်တည်း ငိုရှိုက်နေမိသည်။ အားပါးတရ ငိုချလိုက်လျှင် ရင်ထဲပေါ့ပါးသွားမလားလို့ပါ။

"အချစ်ရေ ×××မိုးသောက်ယံ နီးကပ်လာပြီ ×××

ညတွေ ××× နှင်းများနဲ့ စိမ်းစိမ်းစို ××× ဆွေးဆွေး

အတွေးတွေ ညဥ့်နက်ထဲ ×××

လှပစွာ ရှုံးနိမ့်သွားတဲ့ နှလုံးသားအတွက် ××××

အနမ်းတွေ မှတ်သိပ်စွာ မျှော်လင့်မိပြီ ××××

အလင်းတွေလမ်းပြပါ ××× ဘဝခရီးအဆုံး ×××

မင်းရဲ့အလင်းတွေနဲ့ ×××

အစွန့်ပစ်ခံလရောင်အောက်မှာ ×××

မည်းမှောင်တဲ့ညတွေ ××× ပြီးသွားရင် ဆုံချင်ပြီ ×××

အချစ်ရေ ××× ကောက်ကျစ်တဲ့မိုးကောင်းကင်အောက်





ဝေးပြီ ××× နှုတ်ဆက်တဲ့လမ်းလေးမှာ ဝေး ဝေး ဝေးပြီ

××× တို့နှစ်ယောက်သား ××× ဟိုတုန်းက ခတ်ပုံလေးကို

ငေးကြည့်ကာ ×××"

ကိုကိုရယ် …။

ယုံကြည်မှုတွေ ပျက်သုန်းအောင် လုပ်ရက်လိုက်တာ။

သိပ်ရက်စက်လွန်းတယ်။

ကိုကို့မေမေကို ပုံရှိနေတာ ဘာလို့ ဖွင့်မပြောရတာလဲ။

အသိမပေးရဲတာလဲ။

ပုံ့မှာ ဘာအပြစ်တွေရှိလို့လဲဟင်။

သက်ထားပုံက မာနနှင့် မျက်ရည်တွေကို ခပ်ကြမ်းကြမ်းသုတ်ပစ်သည်။ ရင်ထဲမှာ တဆစ်ဆစ်။

ဖုန်းမြည်သံသဲ့သဲ့ကြောင့် စားပွဲပေါ်တင်ထားသော ဖုန်းကို နာကျင်စွာ ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို ဖုန်းဆက်တာများလား။

သက်ထားပုံက ဖုန်းကလေးကို ယူပြီး နံပါတ်ကို ကြည့်သည်။ ထင်ထားသလိုပင် ကိုကို့ဖုန်း။

ပုံ နားမထောင်ချင်ပါ။ ဆင်ခြေတွေ ပေးမှာလား။ ဘယ်လို ကာကွယ်ဖာထေးမှာလဲ။

သို့တည်းမဟုတ် တောင်းပန်စကား ဆိုမှာလား။

မကြားချင်၊ မကြားရဲ။ လောလောဆယ် သွေးပူနေသည်။ ဒေါသတွေ ရင်ထဲမှာ အုံဖွဲ့နေသည်။

ကိုကိုနှင့် ဖုန်းမပြောချင်။ ကိုကို့ဖုန်းကို နားမထောင်ချင်။ နောက်တစ်ကြိမ် မြည်လာတော့ ပုံ အရမ်းစိတ်တိုမိသည်။ တတိယအကြိမ် မြည်လာလျှင်တော့ ကိုကို့ကို အော်ဟစ်ရန်တွေ့ပစ်လိုက်တော့မည်။

တတိယအကြိမ် မြည်လာပေမယ့် ဝင်လာတာက ကိုကို့





ဖုန်းမဟုတ်ပါ။ ရွှေအာကာဆီက ဖြစ်နေသည်။ ပုံက သက်ပြင်းရှိုက်သည်။

"ဟဲလို"

"ပုံလား"

"ဟုတ်တယ်"

"အိပ်နေပြီလား"

"အင်း"

"ခဏစကားပြောမလား"

"ပြောလေ"

"မမ သိသွားပြီ"

"ဟင်"

ရွှေအာကာက သက်ပြင်းရှိုက်သည်။

"ပုံမှန်းတော့ မသိဘူး၊ အဲဒီလူမှာ ချစ်သူရှိတယ်တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနဲ့မေမေကို အကျိုးအကြောင်းပြောပြီး မမက သူ့ဘက်က

နောက်ဆုတ်မယ်တဲ့လေ''

''မလိုပါဘူး''

ခံပြင်းနာကြည်းစွာ ဆိုမိသည်။

တကယ်ဆို အခုပွဲမှာ ပုံ ရှုံးတာ ပုံ သိသည်။ ကိုမင်းမိုး

က ပုံ့ထက် ရွှေအာကာ၏ အစ်မအပေါ် အားသာဘက်ပင်းသည်။

ဟိုကနောက်ဆုတ်တာကို ပုံက ကျေနပ်စွာ ကျေးဇူးတင်

ရမှာလား၊ ဝမ်းသာရမှာလား။

နေပါစေတော့ ကိုမင်းမိုးရယ်။

ပုံ စွန့်လွှတ်ရပါတယ် စောင့်ကြည့်။

''ပုံ''

''အင်း ...ပြော နားထောင်နေတယ်၊ ခဏခဏမခေါ်

နဲ့''





''ကျွန်တော် အရမ်းစိတ်မကောင်းဘူး''

''အဲဒါလည်း မလိုပါဘူး''

''ကျွန်တော် မျှော်လင့်သလိုလည်း ဖြစ်မလာပါဘူး၊ မမနဲ့

ကိုမင်းမိုးလည်း အဆင်ပြေမှာမဟုတ်ဘူး''

''သူတို့ကဗျာကို စိတ်မဝင်စားဘူး''

ရွှေအာကာက ခေါင်းမာသော၊ မာနကြီးသော ပုံကို

နှစ်သိမ့်စကားလည်း မဆိုတော့ပါ။

''မနက်ဖြန်မှ ဖုန်းထပ်ဆက်မယ်၊ ပျော်အောင်အိပ်ပါ။

ကယ်အရာမှ တစ်သက်လုံး စိတ်ဆင်းရဲဖို့ ခွင့်မပြုဘူး''

''နေဦး''

''ပုံ ဘာပြောမလို့လဲ''

''ကိုမင်းမိုး ကောင်မလေးက ပုံဆိုတာ ရှင့်အစ်မကို

ရှင် မပြောပါနဲ့နော်''



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့"

"မသိစေချင်ဘူး"

"ကျွန်တော်မပြောလည်း သိနိုင်တာပဲ"

ရွှေအာကာကလည်း ကပ်သီးကပ်သပ် နိုင်သူပါလား။

"ရှင်မပြောနဲ့"

"ပြီးရော ...မပြောဘူး"

"အဲဒါဆိုရပြီ"

ပိုက ချက်ချင်း ဖုန်းချသွားသည်။

သက်ထားမိုက ပင့်သက်ရှိုက်သည်။

ကိုကို ...

ပိုမှာနကို ချိုးချခြင်းပြီး လျှောက်လှမ်းမယ့် ကိုကို့ချစ်ခရီး ဖြောင့်ဖြူးပါစေ။

ရင်နာနာနှင့် ဆုတောင်းပေးလိုက်သည်။

× × × ×





မနက်စောစော အမေ့ဆီက ဖုန်းဝင်လာသောအခါ မင်းမိုး အံ့ဩသွားမိသည်။ ရွှေဝှယ်တာက ပွင့်လင်းလွန်းသူပါလား။ တုံ့ပြန်မှုက သည်လောက်မြန်ဆန်မည်မထင်ခဲ့။

"သား ...သားမှာ ချစ်သူရှိပြီးသားဆို"

"ဗျာ"

ဖြန်းစားကြီး အမေးခံရတော့ သူ အီလည်လည်နှင့် ငြင်းရခက်၊ ဝန်ခံရခက်။ သည်စကားတွေ ချက်ချင်း လူကြီးမိဘနားထဲ

www.burmeseclassic.com



ရောက်သွားမည်ဟု လုံးဝမထင်။

"အဲဒီလိုဆိုရင် ရွှေတွယ်တာက နားလည်ခွင့်လွှတ်ပါ
တယ်တဲ့။ ဒီဇာတ်လမ်း ဒီမှာပဲ ရပ်ကြရအောင်တဲ့၊ သူ့အမေထ
တစ်ဆင့် ဖုန်းဆက်လာတယ်"

"ဟုတ်လား"

မင်းမိုး ဘာဆက်ပြောရမှန်းဝင်မသိ။

ရွှေတွယ်တာနှင့် ဆက်ဆံရေးက သည်လောက်နှင့် ပြီး
ပြတ်သွားပြီလား။

သူ့ဘက်က မပြီးချင်သေးပါ။ မရပ်ချင်သေးပါ။ ရွှေတွယ်
တာ၏ ပွင့်လင်းပြတ်သားမှုကို သူမယုံချင်ပေမယ့် ယုံရတော့မည်။

သူ့အပေါ် စိတ်ဝင်စားမှုမရှိလို့ သည်လောက်ထိအောင်
ပြတ်သားမာကျောနိုင်တာလား။

"ကျွန်တော် သိပါပြီ မေမေ"



သူ့ကိစ္စကို သူကိုယ်တိုင် ဖြေရှင်းရမှာပါ။

ဟိုတုန်းကတော့ ရွှေတွယ်တာဆိုတာ မေမေသဘောတူ
သော မိန်းကလေး။ အခုတော့ အဲဒီလိုမဟုတ်တော့ပေ။ သူကိုယ်
တိုင်က လိုလားသော၊ မြတ်နိုးမိသော မိန်းကလေးဖြစ်ခဲ့ပြီ။

ရွှေတွယ်တာဆီ သွားတွေ့ပြီး ရှင်းပြမေးမြန်းဖို့ သူ ဆုံးဖြတ်
၏။ ပွဲ့ဆီ ဖုန်းခေါ်ပေမယ့် ပုံက မထူး။

ရွှေတွယ်တာ့မောင်လေးနှင့် ပုံက ဘယ်လိုတွေလဲ။
သူ့အပေါ် ပုံ ကျေနပ်ပါ့မလား။ ပုံ့ကို ဘယ်လိုများ ရှင်းပြတောင်း
ပန်ရမလဲ။

သူ့စိတ်ဟာ အပြောင်းအလဲ မြန်လွန်းနေပြီလား။

ရွှေတွယ်တာကရော သူ့ကို ယုံကြည်ပါ့မလား။ လက်ခံ
ပါ့မလား။ ပုံ ခွင့်မလွှတ်မှာလည်း သူ စိုးရိမ်သည်။

သူ့ကိုယ်သူပင် နားမလည်ချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပုံထက်ဝိုပြီး ရွှေတွယ်တာကို သူ လေးနက်မိတာ မှ ခွင့်လွှတ်နိုင်ပါစေဟု မျှော်လင့်မိသည်။

× × × ×





မင်းမိုးကို မြင်သောအခါ ရွှေတွယ်တာက အံ့အားသင့်သော မျက်နှာကလေးနှင့် မျက်လုံးတွေ အရောင်ပြောင်းသွား၏။ သူရောက်လာလိမ့်မည်ဟု ထင်မထားတာလား။

“မောင်မင်းမိုး …ထိုင်ကွယ်”

ရွှေတွယ်တာ၏ မေမေက ဖော်ရွေစွာပဲ နေရာပေးပါ၏။

သူတို့သားအမိက ဟင်းအတူတူ ချက်နေတော့ သူလည်း ထမင်းစားပွဲမှာပဲ ဝင်ထိုင်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ရွှေတွယ်တာက ဂေါ်ဖီကို ပါးပါးကလေး စိတ်ရှည်လက်ရှည်ခြစ်သည်။ ပြီးတော့ မြေပဲကို စက်ကလေးနှင့် ကြိတ်သည်။ မှုန့်ညက်သွားသော မြေပဲကို ပန်းကန်လေးထဲ ထည့်ထားသည်။

သူ့မေမေသားမှာ ဝိုင်းကူနေပြီး သူ့ကို တစ်ချက်ပင် လှည့်မကြည့်ပါ။ သူ ...သည်မိန်းကလေးကို ဘာလို့ စွဲမက်သွားရတာလဲ။ ရိုးသားဖြူစင်တာကြောင့်လား။ သူ့အပေါ် အေးတိအေးစက်ကလေးနှင့် သတိထားဆက်ဆံတာကြောင့်လား။ ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် သူပိုင်ဆိုင်ခွင့်ရချင်သည်။

တကယ်ဆို သူနှင့်ပုံက သံယောဇဉ်တွေ အကြာကြီး ရှိခဲ့ပြီးသားပါ။ ပုံ့ဘက်က ကြည့်လျှင် သူ သိပ်လွန်သည်။ သို့ပေမယ့် ပုံ့မှာက ရွှေအာကာ ရှိနေသည်။ ပုံကရော ရွှေအာကာလိုလူကို သဘောမကျဘဲ နေပါ့မလား။

"မေမေ ...မမ"





ရွှေအာကာက ထမင်းစားခန်းထဲ ဝင်လာရင်း သူ့ကိုမြင်တော့ ခြေလှမ်းတန့်လျက် ဖွဖွပြုံးသည်။

"မေမေ သား အပြင်ခဏသွားမလို့၊ မမ လိုက်မယ်ဆိုမပြီးသေးဘူးလား"

မင်းမိုး စိတ်ညစ်မိသည်။

ရွှေတွယ်တာနှင့် စကားပြောခွင့် ရပါ့မလား။

သူတို့မောင်နှမက အပြင်သွားကြမလို့လား။

"သား ...ဒီမှာ ညီသည်ရှိနေတယ်လေ၊ သား မမ မလိုက်ဖြစ်တော့ဘူး"

"ဗျာ ...ခဏလေးပါ မေမေရ၊ ကိစ္စရှိလို့ပါ"

ရွှေအာကာက အစ်မကို မရမကခေါ်မည့်ပုံ။

"ကိုမင်းမိုး ခဏလေးပါ"

"ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မတတ်သာဘဲ ခေါင်းညိတ်ပြရသည်။

ရွှေတွယ်တာက ဗေစင်မှာ လက်ဆေးပြီး …

"မမေ ပဲမှုန့်ဒီမှာနော်" ဟု ပြောခဲ့သေးသည်။ မင်းမိုး တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ ရွှေတွယ်တာ၏ မေမေက ဟင်းကိုပဲ အာရုံစူးစိုက် ချက်ပြုတ်နေတာ။

"ထမင်းစားပြီးမှ ပြန်ပေါ့"

သူ့ကို သည်တစ်ခွန်းတော့ ပြောသည်။

ကြည့်ရတာ သူတို့ကိစ္စကို ဝင်စွက်တိုက်တွန်းပေးမည့်ပုံ မရတော့ပါ။

သူ့အပေါ် အမြင်စောင်းသွားပြီလား။

သူက အပြစ်လုပ်မိသူပါ။

× × × ×





သိပ်မကြာလိုက်ဘဲ ရွှေတွယ်တာတို့ ပြန်ရောက်လာ၏။ သူတို့မောင်နှမက တော်တော်ကလေး စည်းလုံးချစ်ခင်ကြသည်။

ရွှေတွယ်တာက ချက်ချင်းပဲ သူ့ရှေ့လာရပ်လျက် လိုရင်း မေးသည်။ သိသိသာသာ အေးစက်စိမ်းကားခြင်းကို သူ ခံစားရသည်။

"ဘာပြောစရာရှိလို့လဲ" တဲ့။

မင်းမိုးက သက်ပြင်းချသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတွယ်တာက ခုံတစ်လုံးမှာ ဝင်ထိုင်သည်။

"အားနာစရာမလိုပါဘူး ...ကျွန်မ ဘယ်လိုမှ သဘော မထားဘူး၊ လူဆိုတာ ကိုယ့်အကြောင်းနဲ့ကိုယ်ပဲလေ။ ရပါတယ်။ ပြီးတော့ ယှဉ်ရွေးချင်တာလည်း လူ့သဘာဝ၊ လူ့ဆန္ဒပဲ။ ကျွန်မ သိပါတယ်"

"မဟုတ်ဘူး"

မင်းမိုးက ခေါင်းခါသည်။

"ရွှေတွယ်တာ အထင်လွဲနေပြီ"

"ရှင်"

"ဖေဖေ့ဆန္ဒကြောင့် ကျွန်တော်ရောက်လာတာ မှန်ပါ တယ်၊ ဒါပေမယ့် ကျွန်တော်"

မင်းမိုးက စကားရပ်သွားသည်။ ဘယ်လိုပြောရမှန်းပင် မသိတော့ပါ။





"ဒါပေမယ့် အခုရောက်လာတာ ဖေဖေ့ဆန္ဒကြောင့် မဟုတ်တော့ဘူး၊ ဖေဖေက ဖုန်းဆက်ပြီးပြီ"

ရွှေတွယ်တာက နားမလည်နိုင်သော မျက်လုံးကလေးများ နှင့် သူ့ကိုကြည့်ကာ အကြည့်လွှဲသွား၏။

"ကျွန်တော့်ဆန္ဒနဲ့ ကျွန်တော်လာတာပါ"

မင်းမိုးက ရဲရဲတင်းတင်း ဝန်ခံလိုက်သည်။

သူ အရိုးသားဆုံး ရှင်းပြမှပဲ ရတော့မည်။

"ဟိုတစ်ယောက်ကို ရှင် ထည့်စဉ်းစားသင့်တယ်၊ သူ့နဲ့ ကိစ္စ ဘယ်လိုလုပ်မလဲ"

"သူ့ကို ကျွန်တော် ရှင်းပြမယ်၊ တောင်းပန်မယ်၊ သူ နားလည်အောင် ပြောပြမယ်"

"ဘာကိုဆိုလိုတာလဲ၊ ကျွန်မမသိဘူး ဖြစ်နေတယ်"

မင်းမိုးက ရွှေတွယ်တာကို ကြည့်ပြီး တိတ်ဆိတ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မလှမ်းမကမ်းမှာ မေမေရှိနေသည်။ သူ မပြောရဲပါ။ ရွှေတွယ်တာက မေးစရာရှိတာ ရှင်းရှင်းမေးကာနေ၏။

"ကျွန်တော် …ကျွန်တော် ရွှေတွယ်တာ့ကို လက်ထပ်ပါရစေ၊ မေမေ့ကိုလှမ်းခေါ်ပြီး ကျွန်တော် လာတောင်းရမ်းမှာပါ၊ ရွှေတွယ်တာ့မိဘတွေဆီမှာ"

ရွှေတွယ်တာက ပါးလေးရဲပြီး မျက်လွှာချသွား၏။ မေမေကြားမှာ မလွဲမသွေပါ။ သူကလည်း မေမေ့ရှေ့မှာ ဖွင့်ချပြောသည်။ အနေခက်လိုက်တာ။

"ကျွန်တော် သေသေချာချာ ဆုံးဖြတ်ပြီးပြီ။ ပုံကလည်း အာကာချစ်သူဆိုတော့"

"ရှင်"

ရွှေတွယ်တာ ရင်ထဲမှာ ထိတ်ခနဲ လန့်သွားသည်။ မောင်လေးက ရွှေတွယ်တာ့ကို ဘာလို့မပြောတာလဲ။ ဘာလို့





လျှို့ဝှက်ထားတာလဲ။

"ရှင်ပြောတာ သက်ထားပုံလား"

အခုမှသိပြီး ရွှေတွယ်တာ ရင်ခုန်မြန်သွား၏။

ဘယ်လိုတွေ ဖြစ်ရတာလဲ။

သည်လိုသာဆို ပိုပြီး ပြတ်သားရတော့မှာပါလား။

"ကျွန်မတို့ ပြေလည်ဖို့ မဖြစ်နိုင်တော့ဘူးထင်တယ်"

"ကျွန်တော်တို့ တစ်မြို့စီ နေကြမှာပဲလေ"

မင်းမိုးကလည်း ဒါကို ကြိုတင်တွေးထားသည်။ ဆုံးဖြတ်ထားသည်။

"ချက်ချင်းကြီး မဖြေလိုက်ပါနဲ့၊ စဉ်းစားချိန်ယူပါ၊ ကျွန်တော်စောင့်မှာပါ"

ကိုယ့်အပေါ် သည်မျှ အောက်ကျနောက်ကျ ပြောလိမ့်မည် မထင်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က ရဲဝံ့ပြတ်သားမှုက ရွှေတွယ်တာ့ကို အားရှိစေသည်။ ယုံကြည်စေသည်။

ဘယ်တော့မှ ဘာကိုမှ လွယ်လွယ်မယုံဘူးဟု ဆုံးဖြတ်ထားခဲ့သူပါ။

မေမေက ရွှေတွယ်တာတို့ကို ထမင်းစားခန်းထဲ ထားရစ်ကာ အပေါ်ထပ်တက်သွား၏။

ဆက်ပြီးကြားနေရတာ မေမေ မျက်နှာပူတာလား၊ အားနာတာလား၊ ဝင်မစွက်ချင်တာလား မသိပါ။

"လူကြီးတွေက ကျွန်တော့်ဘက်မှာ မရှိတော့ဘူး"

မင်းမိုးက စိုးရိမ်နေသည်။

"ရွှေတွယ်တာ ကျွန်တော့်ဘက်မှာရှိမှ ဖြစ်မယ်"

ရွှေတွယ်တာက သူ့ကို ဖျတ်ခနဲ မော့်ကြည့်လာ၏။

"ကျွန်မ မေမေတို့နဲ့ တိုင်ပင်ပါရစေ"





"ဟာ ...မလုပ်ပါနဲ့"

သူက ထိတ်လန့်စွာ လက်ကာသည်။

"ကျွန်တော့်ဘက်မှာ သူတို့ ရပ်တည်မှာမဟုတ်ဘူး၊ ရွှေတွယ်တာ သဘောတစ်ခုတည်းနဲ့ ဆုံးဖြတ်ရမှာ"

"ကျွန်မသဘော"

"ဟုတ်တယ်"

"ကျွန်မ ဘယ်တုံးကမှ အဲဒီလောက် သတ္တိမရှိခဲ့ဘူး"

"ကျွန်တော့်ကို ယုံကြည်ပါ"

ရွှေတွယ်တာက ခေါင်းယမ်းသည်။

"ချက်ချင်းကြီး မဖြစ်နိုင်ပါဘူး"

"ဖြည်းဖြည်းဆိုရင်ရော"

"ရှင် စောင့်နိုင်ပါ့မလား ကိုမင်းမိုးရယ်"

သူ့ကို ပြန်ပြောပုံက မယုံ့မရဲလေးနှင့်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတွယ်တာရယ် …

မင်းရဲ့ မယုံမရဲ မျက်လုံးကလေးတွေကြောင့် ကိုယ် ရူးသွပ်လောက်အောင် စွဲလန်းခဲ့ရတာ ထင်ပါတယ်။

"ပြီးတော့ အကြာကြီးစောင့်ပြီးမှ ရလာမယ့် အဖြေတစ်ခုက ရှင့်အတွက်မကောင်းရင် ကျွန်မ အားနာတယ်"

"အဲဒီအတွက် မပူပါနဲ့၊ ရွှေတွယ်တာ ဘယ်လိုပဲ အဖြေထွက်ထွက် ကျွန်တော် လက်ခံနိုင်ပါတယ်"

"ဟုတ်ပါ့မလားရှင်"

"စောင့်ကြည့်ပေါ့"

"တစ်ခုတော့ ပြောပါရစေ"

"ပြော"

ရွှေတွယ်တာက သူ့ကို စေ့စေ့ကြည့်ကာ …

"တစ်နေ့နေ့ ကျွန်မ ရှင့်ကို ငြင်းရင်လည်း ငြင်းမိမယ်





လက်ခံရင်လည်း လက်ခံမိမယ်"

"အဲဒီတော့"

"ကျွန်မ အခုလောလောဆယ် မဆုံးဖြတ်နိုင်သေးတာ အမှန်ပဲ ကိုမင်းမိုး"

"ကောင်းပါပြီ၊ ရွှေတွယ်တာ ပြောတဲ့တစ်နေ့နေ့ကို ကျွန်တော်စောင့်မယ်"

ဘယ်လိုငြင်းငြင်းမရ။ ဘယ်လိုပြောပြော မရ။ ဘာကြောင့်များ ရုတ်ချည်း သည်လောက်ထိ ပြောင်းလဲသွားရတာလဲ။ ရွှေတွယ်တာဖြင့် သူ့ကို ဆုံးရှုံးသွားခဲ့ပြီဟုပဲ တွက်ထားခဲ့တာပါ။

သို့ပေမယ့် ရွှေတွယ်တာ ခံနိုင်ရည်ရှိအောင် ကြိုးစားခဲ့သည်။ ဟန်မပျက် နေနိုင်ခဲ့သည်။

အခုလောက်အထိ ပြေလည်ဖို့အရေး သူ့အပြေးရောက်လာ ဆွေးနွေးလိမ့်မည် မထင်ခဲ့မိပါ။



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဆဆ သဘောထားသူပဲဟု ထင်နေခဲ့သည်။

သည်တစ်ကြိမ်လည်း ရွှေတွယ်တာ ရှုံးနိမ့်ခဲ့ပြန်ပြီ

ကြေကွဲခဲ့ရတာ။

မထင်မှတ်ဘဲ သူက သိပ်လေးနက်နေခဲ့သည်။

"ရွှေတွယ်တာ စိတ်ဆင်းရဲအောင် ကျွန်တော် မလုပ်ပါ

ဘူးဗျာ၊ ယုံပါ"

ရွှေတွယ်တာက ပင့်သက်ကလေး ရှိုက်သည်။

ပုံက ခေါင်လေးရဲ့ ကောင်မလေးပါ။

ရွှေတွယ်တာတို့ လေးယောက် ဘာတွေဆက်ဖြစ်လာမလဲ

ရွှေတွယ်တာ သူကို ဘယ်တော့ ယုံကြည်လာမလဲ

မတွေးတတ်တော့ပါ။

အနာဂတ်ရက်တွေအတွက် ကြိုတွေးတွက်ဆပြီးလည်း

မပူပန်ချင်ပါ။





ယုံကြည်လာတဲ့ တစ်နေ့ကျရင်တော့ ပျော်စရာကောင်း

တဲ့ဘဝလေးတစ်ခုကို အတူတူတည်ဆောက်ဖြစ်မယ် ထင်ပါရဲ့။

× × × ×



www.burmeseclassic.com

သက်ထားပုံသည် မင်းမိုးကိုမြင်လျှင် ရုတ်တရက် ရင်ခိုင်ရမှာ စိတ်ထဲမိုး၍ပြီး ထွက်ပြေးပုန်းရှောင်ချင်မိ၏။

အရင်တုန်းက ကိုတို့ကို မြင်ရလျှင် ရင်ထဲ အားအင်တွေပြည့်ပြီး ကိုယ့်ကိုယ်ကို အလိုလို ယုံကြည်နိုင်မိသမျှ ယခုအချိန်မှာ ဆန့်ကျင်စွာ သိမ်ငယ်စိတ်သာ ဖြစ်ပေါ်သည်။

သို့သော် ရှောင်မပြေးမိအောင် တင်းခံနေနိုင်တာသည် သူမရင်ထဲက မာနများ၏ ဖြစ်သည်။

ပြီး ◆ တာလ

www.burmeseclassic.com



သူဟာ သစ္စာဖောက်သူ။ သူ့ကို ပုံက ဘာကြောက်စရာ ရှိသလဲ။ တကယ်တမ်း ပုံ့ကို ရင်ဆိုင်ဖို့ ခက်ခဲတွန့်ဆုတ်သူက မင်းမိုးသာလျှင် ဖြစ်သင့်သည်ပဲ။

ထို့ကြောင့် မျက်နှာကို မော့ကာ ခပ်အေးအေးစောင့်ကြည့် နေလိုက်သည်။

သူက ပုံ့ထံ လျှောက်လာသည်။

မင်းမိုးဟာ ပုံ မြတ်နိုးသော ချစ်သူတစ်ယောက် မဟုတ်တော့ပါ။

သူဟာ သာမန်သူစိမ်းတစ်ယောက် ဖြစ်သွားခဲ့ပြီ။

ထူးဆန်းစွာပဲ အရင်တုန်းက ရှိခဲ့ဖူးသော အချစ်တွေ ပျောက်သွားသည်။

အချစ်ဆိုတာ ကြင်နာသော အပြုအမူဆီက မြစ်ဖျားခံ သလား မဆိုတတ်။ သူ့မှာ ကြင်နာသော အပြုအမူမရှိတော့ဘဲ





ရက်စက်သော အသစ်တစ်ယောက် လက်တွဲလိုမှုပဲ ရှိသောအခါ ပုံ့ရင်ထဲက မိန်းမသားတစ်ယောက်ရဲ့ အချစ်ဟာလည်း သေဆုံး ခန်းခြောက်ခဲ့ပြီပေါ့။

ဒါဟာ ဘာမှမထူးဆန်းပါဘူး ကိုကို ...။

မင်းမိုးက ပုံ မျက်လုံးထဲ စိုက်ကြည့်မိသည်။

သက်ဝင်ချိုကြည် လှိုက်လှဲနေတတ်မြဲ အကြည့်နွေးနွေး နေရာမှာ ရေခဲတမျှ အေးစက်တင်းမာသော အကြည့်တင်းတင်း တစ်ခုကို လက်ခံရရှိသည်။

ကိုယ် မှားသွားခဲ့သလား ပုံ ...။

တကယ်ဆိုရင် မင်းရောကိုယ်ပါ အမှားလမ်းကြောင်း တစ်ခုပေါ် ခြေချမိတာချင်း တူပါတယ်။

မင်းလည်း ပြတ်သားခဲ့သားပဲ။

"ကိုယ့်ကို စကားပြောခွင့် ပေးနိုင်ပြီလား"



www.burmeseclassic.com

ဟုတ်သည်။ ဒီလို မျက်နှာချင်းဆိုင် စကားပြောနိုင်ဖို့ သွေးအေးအောင် အချိန်စောင့်ခဲ့ရသေးတာ အမှန်ပါ။

ရက်စက်သူရှေ့မှာ ပေါက်ကွဲမပြချင်။

ပေါက်ကွဲရင် ကိုယ်ရှုံးမှာစိုးသည်။

ရှုံးသည့်ပဲထား ...ထိုအရှုံးကို မင်းမိုး မမြင်စေချင်၊ မသိစေချင်တော့ပါ။

"ပြောပါ ...ရှင်ဘာပြောချင်လို့လဲ"

"ကိုကို ...အဲ ကိုယ် အရင်ဆုံး ပုံ့ကို တောင်းပန်ချင်လို့ပါ၊ ကိုယ် တောင်းပန်ပါတယ်"

သက်ထားပုံက နှုတ်ခမ်းလေးတွန့်ကာ မဲ့ပြုံးလှလှလေး တစ်ခုနှင့် တုံ့ပြန်သည်။

"ဘာအတွက်ပါလိမ့်"

"ရှေ့တွယ်တာနဲ့ ပတ်သက်လို့"





"သြော် ...အဲဒါလား"

အရေးမကြီးသလို ရေရွတ်၏။

"ရှေ့တွယ်တာဖက်က ဘယ်လိုဆုံးဖြတ်မလဲ မသိရသေးပေမယ့် ကိုယ့်အနေနဲ့ကတော့ ရှေ့တွယ်တာကိုပဲ လက်ထပ်မယ်"

"အဲဒီတော့"

"ကိုယ်လွန်တာရှိရင်၊ ကိုယ်မှားသွားရင် ပုံ ကိုယ့်ကို ခွင့်လွှတ်ပါကွာ"

"တောင်းပန်တာကတော့ ရှင့်အပိုင်းပေါ့လေ၊ ခွင့်လွှတ်တာ မလွှတ်တာကတော့ ကျွန်မရဲ့သဘောပါ၊ ရှင်မသိချင်ပါနဲ့၊ ဟုတ်ပြီလား"

"ကိုယ်တို့က အမုန်းနဲ့ လမ်းခွဲကြတာမျိုး မဟုတ်ဘူးလေ၊ နှစ်ယောက်လုံး အသစ်ထပ်တွေ့တဲ့ သဘောပဲ"

"အသစ်ထပ်တွေ့တယ်"

ပုံက ရယ်ချင်သလို သံယောင်လိုက် ရေရွတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အစတုန်းကတော့ အမေသဘောတူလို့ပါ၊ အိမ်ကတိုက်တွန်းလို့ပါ ဘာညာနှင့် အကာအကွယ်ယူထားပြီး သူ့အပြစ်ကို ဖုံးဖိခဲ့သေးသည်။

- ယခုတော့ သူကိုယ်တိုင် ဝန်ခံပြီပေါ့ …။

အသစ်ထပ်ချစ်မိတယ်ဆိုတာ …။

ကောင်းပါပြီ ဦးမင်းမိုးရယ် …။

အသစ်သောချစ်သူဟာ အဟောင်းသောချစ်သူထက် ရှင့်အပေါ် ပိုကောင်းနိုင်ပါစေ။

''ပုံလည်း ရွှေအာကာနဲ့ အဆင်ပြေတယ်မဟုတ်လား''

ကျွန်မတို့ ဘယ်တုန်းကစပြီး ချစ်သွားကြသလဲ၊ ရှင်မမေးတော့ဘူးလား။

ဒါမှမဟုတ် မမေးရဲတာလား။

အပြစ်ချင်း ထပ်တူဖြစ်ချင်တယ်မို့လား …။

ရှင်သစ္စာဖောက်တာကို အများအမြင်မှာ မပေါ်လွှင် မထင်





ရှားစေချင်ဘူး မဟုတ်လား။

ကျွန်မ သိပါတယ်။

သက်ထားပုံဆိုတဲ့ မိန်းကလေးကလည်း ကိုယ့်ကို မချစ်တော့တဲ့ ယောကျ်ားတစ်ယောက်ကို ဒူးထောက်တောင်းပန် အသနားခံမယ့်သူ မဟုတ်ဘူးဆိုတာ ရှင်နားလည်ပါ။

သူ့ကို ရွှေတွယ်တာနှင့်အတူ တွေ့ရတော့မှ ရုတ်တရက်ချစ်သူသစ်ကို အရွဲ့တိုက်ပြီး လက်မောင်းချိတ်လိုက်မိတယ်ဆိုတာ သူ မသိစေချင်တော့ပါ။

ဘယ်တော့မှလည်း မသိစေချင်တော့ …။

''အဆင်ပြေပါတယ်''

''သူ့နဲ့ပုံနဲ့လည်း လိုက်ဖက်ပါတယ်''

ရှင့်ရင်ထဲမှာ တကယ်ပဲ အဲလိုထင်တယ်ပေါ့နော် ကိုမင်းမိုး။

ကျွန်မက ရှင့်ရဲ့ အစွန့်ပစ်ခံတော့ မဖြစ်ချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



စွန့်ပစ်ရမယ်ဆိုရင် စပြီးစွန့်ပစ်နိုင်တာက ကျွန်မပဲ ဖြစ်ချင်တယ်။

"မထင်မှတ်ဘဲနဲ့ သူ့ကို ပုံ တအားချစ်သွားမိတယ်၊ ကိုမင်းမိုးထက် အများကြီး ပိုချစ်သွားမိတာ အံ့သြစရာပဲ၊ သိလား"

"ဟာ ...အဲဒါဆို ကိုယ်တို့နှစ်ယောက် အဖြစ်ချင်းတူနေပြီ၊ ပွင့်ပွင့်လင်းလင်းပြောပြတာ၊ ကျေးဇူးတင်ပါတယ် ပုံ၊ ဘာပဲဖြစ်ဖြစ် ကိုယ့်စိတ်ထဲမှာ ပုံ့အပေါ် အရမ်းအားနာပြီး အပြစ်တစ်ခုလို ခံစားနေရတာတွေ အခုမှပဲ သက်သာသွားတယ်၊ ဝမ်းသာတယ်ကွာ၊ ပုံနဲ့ အာကာနဲ့က အလွယ်တကူ အဆင်ပြေတယ်၊ ကိုယ်ကတော့ မပြောတတ်သေးဘူး"

"ရှင် စိတ်ခတ်မကျပါနဲ့၊ မေတ္တာစစ်မှန်ရင် ကံကောင်းမှာပါ"

"သင့်ခ်ယူကွာ ...ပုံ ဒီလောက် သဘောထားပြည့်မယ်လို့ မထင်မိဘူး"

ပုံက အဓိပ္ပာယ်ပါပါ ပြုံးပြန်သည်။

ကျွန်မက သဘောထားပြည့်တာ မဟုတ်ဘူး၊ ဟန်ဆောင်ကောင်းတာ ဖြစ်လိမ့်မယ်နော်။

အမှန်ကလည်း ပုံ ကိုယ့်စိတ်ကိုယ် ပြုပြင်ခဲ့ပါသည်။

ပထမအစတော့ မင်းမိုးအပေါ် သစ္စာပျက်ချင်အောင် မုန်းမိတာ။ တနင့်နင့် ရင်နာမဆုံး။

တစ်ရက်နှစ်ရက်ကြာတော့လည်း အမုန်းတွေ ပြေကာ ဝမ်းနည်းမှုပဲ ကျန်သည်။

တကယ်ပဲ ရေစက်မဆုံတာပါ။ ဒါဟာ ဘာများတတ်နိုင်မလဲ။ ကံတရားပဲ မဟုတ်လား။

ဖူးစာဆိုတာ အတင်းလုပ်ယူဖန်တီးလို့မှ မရတာဘဲလို့မှ ပြေတွေးတတ်လာခဲ့သည်။







www.burmeseclassic.com

ချစ်သူဖြစ်ကြဖို့အထိပဲ ကံစာတာ ပါလာခဲ့ပြီး အကြင်လင်မယားဖြစ်ကြဖို့ကံ နည်းတယ်ဆိုတာ ပုံ လက်ခံရသည်။

သူနဲ့ ရေစက်မဆုံဖြစ်ဘူးဆိုလျှင် ပုံနှင့် ရေစက်ဆုံကြဖို့ရှိတာ ဘယ်သူပါလဲ။

ရွှေအာကာ၏ ဖွတ်တရွတ်အချစ်ဟာ ကြောက်စရာ၊ မုန်းစရာလို့ ထင်တဲ့ကြားက စိတ်ဝင်စားစရာလည်း ကောင်းနေပြန်သေးတာ မယုံချင်လို့ မရတော့ပါ။

တကယ်ပဲ ဖူးစာရှိသူလေးဟာ ရှင်ပဲလား ရွှေအာကာ…။

တကယ်ပဲ တိတိကျကျ ရွှေနဲ့ဖူးစာရှိပြီဟောဆိုရင် ပုံ မင်းကို ဘယ်လိုရှောင်လွှဲလွှန်ဆန်နိုင်ပါ့မလဲနော်။

နှုတ်ခမ်းလေးကိုက်ကာ တွေးရင်း ပုံ ရင်ခုန်မြန်လာရလေသည်။

× × × ×





"ပုံ …ကျွန်တော့်ကို အမှန်အတိုင်းပြော"

"ဘာပြောရမှာလဲ"

"ကိုမင်းမိုး လာတွေ့တယ်မဟုတ်လား"

"လာတောင်းပန်တာပါ"

အာကာ့ ရင်ခုန်သံ မြန်ဆန်သွားသည်။

သူ တစ်ခဏ တိတ်လည်း တိတ်သွားရသည်။

ကိုမင်းမိုးဟာ မမနှင့် အဆင်မပြေလှတာကြောင့်များ ချစ်သူဟောင်းဘက် ပြန်လှည့်သလား။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို သူမတွေးရဲ၊ မကြားရဲဘဲ သိပ်ကြောက်နေသည်။

ပုံက သူတိတ်သွားပေမယ့် ဟဲလိုဟု အသံမပြုဘဲ ဒီ အတိုင်း စောင့်နားထောင်နေသည်။

"ဘယ်လိုတောင်းပန်တာလဲ"

အာကာ့ဆီက ခဏကြာမှ မေးခွန်းထွက်လာသည်။

"တောင်းပန်တာကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ပေးရမှာလဲ၊ သူ့ကိုခွင့်လွှတ်ပါလို့"

"အဲဒါမေးတာ မဟုတ်ပါဘူး၊ ကျွန်တော် ဘာကိုလန့်နေသလဲ ပုံ သိပါတယ်၊ ကိုမင်းမိုးက ဘာပြောချင်တာလဲ၊ ပုံ့ဆီ ပြန်ကပ်ချင်တဲ့သဘောလား၊ အဲဒါဆိုရင်တော့ ဒီလူကို ကျွန်တော် ခွင့်မလွှတ်တော့ဘူး"

"ရှင်က ရှင့်အစ်မဘက်က အထိနာတာလား"

"မောင်နှမအရင်းတွေပဲ ...မမကိုလည်းချစ်တယ်၊ သူ့ကိုစွမ်းသမျှ အဆင်ပြေစေချင်တယ်၊ အတွေးသဖြင့် အချစ်ရေးနဲ့





အိမ်ထောင်ရေးပေါ့၊ အဲဒါက အရေးကြီးတယ်လေ"

သြော် ...ဒါဖြင့် ပုံ့အတွက်ကတော့ အရေးမကြီးတဲ့ သဘောပေါ့။

ပုံ သူ့ကို မကျေမနပ်ဖြစ်လာသည်။

တော်တော်ဘက်လိုက်တဲ့သူ ...။

"ဒါပေမဲ့ ...ထပ်ပြောဦးမယ်၊ လူဆိုတာ အတ္တနဲ့ပဲ၊ မဘောက်ကို တွေးတာထက် ပုံ ဘက်ကို ပိုစိုးရိမ်တာအမှန်ပဲ၊ ပုံနဲ့ ကိုလူနဲ့ အပြီးအပိုင် လမ်းခွဲတာပဲ မြင်ချင်တယ်"

"ဟင်"

"ဟုတ်တယ် ...အဲဒါ ကျွန်တော့်အတ္တပဲ၊ ပုံ့ကို အရမ်း ချစ်မိလို့ ဖြစ်လာတဲ့ အတ္တပဲ၊ အပြစ်တင်ချင်လည်း တင်လိုက်တော့၊ ပုံ ဘာပဲပြောပြောရတယ်"

"ဟွန်း"

"ဟိုနေ့က ပုံ အရမ်းပေါက်ပြီး ကျွန်တော့်ဟက်မောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ချိတ်ပြတော့ ဒါ အရွှဲတိုက်တာပဲလို့ သိသိချည်းနဲ့ ကျွန်တော် အရမ်းပျော်တယ်၊ ပြဿနာတွေ အများကြီး၊ စိတ်ညစ်စရာတွေ အများကြီးကြားမှာ ကျွန်တော်နဲ့ ပုံနဲ့ အဲလိုတစ်သက်လုံး လက်တွဲ နိုင်ရင် သိပ်ကောင်းမယ်လို့ စိတ်ကူးတယ်။ ကျွန်တော် မရှက်အဲ ပြောပြရရင် ဘုရားမှာလည်း ဆုတောင်းတယ်၊ ကျွန်တော်ယူရမယ့် မိန်းမက ပုံတစ်ယောက်ပဲ ဖြစ်ပါစေလို့ ...''

ဘုရားရေ ...ပုံတစ်ယောက်တည်းမဟုတ်လို့ သူက မိန်းမ ကို ဘယ်နှစ်ယောက်များ ယူဖို့ စိတ်ကူးထားလို့လဲ ...

ပြောရရင်တော့ နာတော့မည်၊ အနားမှာရှိနေရင် ပိုနာစည်း စိတ်ထဲမကျေနပ်သမျှ သူ့ကို ကုတ်ဖဲ့ပစ်လိုက်ရရင် ...

''ပုံ ...ကျွန်တော်ပြောတာ ကြားရဲ့လား''

''ဘာလဲ''

''ပုံ့ကိုချစ်တယ်''



''လာပြန်ပြီလား''

''ချစ်လို့ချစ်တယ်ပြောတာပဲဗျာ ..ဘာဖြစ်လဲ၊ အခု ပုံက လွတ်လပ်သူပဲ''

''အမယ်''

''နောက်တစ်ယောက် မထားလိုက်နဲ့နော်၊ မင်းကိုယ်မင်း မော်ဒယ်ပဲဆိုပြီး ဘဝင်မြင့်မယ်မကြံနဲ့''

''ရှင် ဒီနေ့ တော်တော်ရန်ဖြစ်ချင်နေပါလား''

''အလကား စနေတာပါ၊ ပုံ စိတ်ညစ်နေမှန်းသိလို့ တရုပ်တက်ကျွန်းမှာ သွားထိုင်မလား၊ ရင်ထဲမှာ ခံစားနေရသမျှတွေ ကျွန်တော့်ကို ဖွင့်ပြောလေ၊ ဘယ်လိုလဲ''

''မလိုပါဘူး''

''မာနမကြီးပါနဲ့ဗျာ ...ကိုယ်နဲ့မတန်တဲ့သူဆိုတာ မေ့ပစ် လိုက်ရတယ်ဗျ၊ ကိုယ်နဲ့ထိုက်တန်ပြီး ကိုယ့်အပေါ် အနွံအတာခံမယ့်



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားမျိုးကို ဒီတစ်ခါ သေချာရွေးပါ ပုံရယ်၊ ကျွန်တော့်ကို လက်ခံလိုက်ရင် မမှားပါဘူးလို့ အာမခံပါတယ်''

ပုံသည် နှုတ်ခမ်းလေးကိုက်ကာ နားယောင်ရင်း ရယ်ရမလို ပြုံးရမလို ဖြစ်လာသည်။

''တော်ပါပြီ …ရည်းစားထားဖို့ မစဉ်းစားတော့ဘူး၊ ယောကျ်ားတွေက ကောင်းတာမဟုတ်ဘူး''

''ဟာ …အဲလိုမလုပ်နဲ့လေ၊ ဒီဆုံးဖြတ်ချက်က မှား တယ်''

''မှားစရာမရှိဘူး …အားလုံးထဲမှာ ရှင်ကအဆိုးဆုံးပဲ ကျွန်မရဲ့အရှုံးကို ထိုင်ဟားနေမယ့်သူ''

''ဟာ …ပုံရာ အဲလိုတော့ လူတစ်ဖက်သားရင်ထဲ အောင့်အောင် မပြောပါနဲ့၊ မင်းမိုးကို ခဏဖယ်ထုတ်ထားလိုက်စမ်း ပါ၊ ကျွန်တော်တို့နှစ်ယောက်ရဲ့ အကြောင်းကိုပဲ သေချာစဉ်းစား





''ဟင့်အင်း …ကျွန်မ ခုလောလောဆယ် ဘာကိုမှ မစဉ်းစားသေးဘူး၊ ဦးနှောက်ဆေးတဲ့အနေနဲ့ သူငယ်ချင်းတွေစုပြီး ခရီးထွက်ကြဖို့ တိုင်ပင်နေတယ်၊ နောက်ရက်တွေ ရှင် ဖုန်းခေါ်နေ မှာစိုးလို့ ပြောပြတာနော်၊ ဒါပဲ''

''ဘယ်သွားမှာလဲ''

''ငွေဆောင် ဖြစ်ချင်ဖြစ်မယ်''

''ကျွန်တော်လည်း လိုက်မယ်''

''အမယ် …ဘာလို့ လိုက်ရမှာလဲ''

''ကျွန်တော့်ကိုခေါ်ပါ၊ လိုက်ချင်လို့ပါ၊ ဒီလို [illegible]ကျ [illegible]ကျ တောင်းဆိုနေတာ ပုံကို ချစ်လို့ပါ၊ အိမ်မှာဆို ကျွန်တော် [illegible] ဒိုလ်''

''သိပါတယ် …ပုံစံကိုက ဗိုလ်ကျအနိုင်ပိုင်းမယ့် ရုပ်ပဲ [illegible]''

www.burmeseclassic.com



"ပွဲအပေါ်ကောင်းရင် ပြီးရောမှို့လား၊ အဲဒါထားပါ၊ ပုံတို့ငွေဆောင်ထိသွားမှာဆို ကျွန်တော် စိတ်မချဘူး၊ လိုက်ကိုလိုက်ခဲ့ဖြစ်မယ်"

ပုံက မျက်နှာလေး ရှုံ့လိုက်သည်။

ပြောမိတာတော့ များပြီထင်သည်။

သို့ပေမယ့် ပုံမပြောလည်း သူ သိနိုင်သည်။

မော်ဒယ်အောင်စိက စိစဉ်တဲ့ခရီးမို့ သူလည်းလိုက်ခွင့်ရှိနေတာပဲလေ။

ခရီးတစ်ခုကို အပန်းဖြေသဘောမျိုး ပျော်ပျော်ပါးပါး အတူသွားရတဲ့အခါ ပုံ့စိတ်တွေ ပျော့ပျောင်းအနည်ထိုင်ပြီး သူ့အပေါ် ပြောင်းလဲချင်လည်း ပြောင်းလဲနိုင်သည်။

"အရွဲ့တိုက်လက်စနဲ့ မထူးပါဘူးဗျာ …ကျွန်တော်တို့ တကယ် အရမ်းချစ်တဲ့ စုံတွဲလေးပဲ ဖြစ်ကြရအောင်"





ပုံက ဘာမှမဖြေတော့ သူက …

"ဪ …ကြားရဲ့လား" ဟု ထပ်ပြောသည်။

"ကျွန်တော် အခုလာခဲ့ရမလား"

"ဟင့်အင်း"

"လာခဲ့မယ်ဗျာ …သတိရတယ်၊ ဒီညအိပ်လို့လည်း ရမှာမဟုတ်တော့ဘူး၊ ပုံ့အသံကို ကြားရပြီး မျက်နှာလေးမမြင်ရဘူးဆိုရင် ကျွန်တော် နေလို့မရဘူး"

"အပိုတွေပြောမနေနဲ့"

"ဪ …ပုံက မယုံဘူးဆိုပါတော့၊ ဟုတ်လား၊ ခင်ဗျားရဲ့အရင်လူနဲ့ ဘယ်တော့မှ နှိုင်းယှဉ်မတွေးနဲ့၊ ကျွန်တော် သူနဲ့မတူဘူး၊ ကျွန်တော်က မိန်းကလေးတစ်ယောက်ကို ချစ်တယ်ဆိုရင် ချစ်တယ်ပဲ၊ ယူမယ်ဆိုရင်လည်း ရအောင်ယူမှာပဲ၊ အခုလည်း ကျွန်တော်လာမယ်ဆိုရင် ရောက်အောင်လာမှာပဲ၊ စောင့်နေ"

www.burmeseclassic.com



"ရှင်ဘယ်လိုဖြစ်နေလဲ"

"ခင်ဗျားအိမ်က မေးရင်လည်း အလုပ်ကိစ္စ အကြောင်း ပြလိုက်မယ်၊ အဲဒီအတွက် ဘာမှကြောက်မနေနဲ့၊ ဒါပဲ"

"လာလေ ...လာခဲ့ပေါ့၊ ရှင့်ကို ထွက်မတွေ့ဘူး"

"မတွေ့ရင် အပြင်ကနေအော်မယ်၊ ကားဟွန်းတီးပစ်မယ်၊ ဆင်းမတွေ့မချင်း မပြန်ဘူး၊ ပုံနော် ...ကျွန်တော့်ကို စိန်မခေါ်နဲ့"

သူ ဒေါသဖြစ်နေပုံက ရယ်ရသည်။

သူစိတ်ဆိုးမှာများ ပုံ မကြောက်သေးပါ။

ပုံ့ရဲ့မသိစိတ်ထဲမှာ သူ့အပေါ် အနိုင်ယူဆိုးနွဲ့လို့ ရတယ်ဆိုတာ သေချာနေခဲ့သည်။

ဖုန်းထဲကပြောသလိုပဲ ဆယ်မိနစ်လောက်ပဲ ရှိဦးမည်။ သူ့ကား အိမ်ရှေ့ရောက်လာပါသည်။

ပုံ့စိတ်ထဲ ဘယ်လိုကြီးမှန်းမသိ။





တကယ်တမ်း သူ့ကို ထွက်မတွေ့ဘဲလည်း မနေနိုင်။

အိမ်နေရင်းဝတ်ထားသော ဂါဝန်အဖြူလေးပေါ်ကနေ လည်စီးပဝါ အနီရဲရဲလေးကို လည်မှာပတ်ရင်း ပုံ ထွက်လာသည်။

ရွှေအာကာ မျက်နှာက ပြုံးရယ်ကြည်လင်သွားရသည်။

သူ့ကားဆီ လျှောက်လာနေသော ပုံ့ရဲ့ သဏ္ဍာန်လေးက သိပ်ရင်ခုန်စရာ ကောင်းသည်။

ကားတံခါးဖွင့်ကာ ဆင်းလိုက်ရင်း သူ ကျေနပ်စွာ စောင့်ကြိုမိသည်။

ကျွန်တော်တို့နှစ်ယောက် အောင်မြင်တဲ့ အချစ်တစ်ခုကို တစ်ဘဝစာ ပိုင်ဆိုင်နိုင်တယ်ဆိုတာ စိတ်ချလိုက်ပါ ပုံရယ် ...။

ဒီတစ်ခါ ရဲရဲကြီးပဲ ယုံကြည်လိုက်စမ်းပါဗျာ...။

**ဆုလေးနွယ်(ရန်ကုန်တက္ကသိုလ်)**